ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှုလျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျှင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday 10 February 2019 ၉၅၅၈


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲ တက်ရောက်၊ မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်းအား ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**မန္တလေး ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဦးဆောင်ကျင်းပသည့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အထွေထွေညီလာခံနှင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒေါက်တာသန်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်စက်မှုအသင်း ကိုယ်စားလှယ်များ၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻


## စက်ရုံတိုင်းတွင် အလုပ်သမားညှိနှိုင်းရေးကော်မတီ မဖြစ်မနေဖွဲ့စည်းရမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ အလုပ်ရှင်နှင့် အလုပ်သမားကြားဖြစ်ပွားသောအငြင်းပွားမှုများကို ဖြေရှင်းနိုင်ရေးအတွက် လုပ်သား ၃၀ အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများအားလုံး အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)ကို မဖြစ်မနေဖွဲ့စည်းသွားရန်လိုကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က တိုက်တွန်းပြောကြားသည်။

**ဖွဲ့စည်းဆောင်ရွက်**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ဖွဲ့စည်းဆောင်ရွက်ရမည့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (Workplace Coordination Committee-WCC) ဖွဲ့စည်းရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီရုံး၌ ကျင်းပသည်။


စာမျက်နှာ ၂ ကော်လံ ၃ သို့ ✻


### မြန်မာ့ပင်လယ်ပြင်

(၉-၂-၂၀၁၉)

လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ပေမှ သုံးပေခန့် ရှိနိုင်သည်။

### နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ **မိုး/ဇလ**




## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ‘(၂၁) ရာစုပင်လုံ’ မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး ‘စည်းလုံးညီညွတ်စွာ’ ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သောပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

ကြေးမုံ

## ဂုဏ်ယူမြတ်နိုးဖွယ်ရာ ပြည်ထောင်စု

ကမ္ဘာပေါ်တွင် ပြည်ထောင်စုစစ်စစ်နိုင်ငံများလည်းရှိသည်။ ပြည်ထောင်စုလည်းဟုတ်၊ ပြည်ထောင်စုလည်းမဟုတ်သည့် နိုင်ငံများလည်းရှိသည်။ ပြည်ထောင်စုမဟုတ်သည့် နိုင်ငံသက်သက်များလည်းရှိသည်။ မည်သို့ပင်ရှိသည်ဖြစ်စေ မြန်မာနိုင်ငံသည် ပြည်ထောင်စုစစ်စစ်နိုင်ငံများတွင် ပိုမိုအားကောင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်နေသည်မှာ မြတ်နိုးဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

ကမ္ဘာပေါ်ရှိနိုင်ငံများအား ပြည်ထောင်စုနိုင်ငံဟု လွယ်လွယ်ကူကူ ခေါ်ဆို၍မရနိုင်။ ပြည်ထောင်စုနိုင်ငံဟူ၍ သတ်မှတ်နိုင်သည့် စံနှုန်းများ၊ ဂုဏ်အင်္ဂါရပ်များ၊ ဝိသေသလက္ခဏာများရှိမှသာ ပြည်ထောင်စုနိုင်ငံဟု ခေါ်ဆိုထိုက်သည်။ ပြည်ထောင်စုနိုင်ငံတွင် လူမျိုးတစ်မျိုးဟူ၍ သတ်မှတ်နိုင်သည့် ဝိသေသဂုဏ်အင်္ဂါများရှိနေသည်မှာ မြတ်နိုးစရာဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖို့ မြတ်နိုးဖွယ်ရာအင်္ဂါရပ်များနှင့် ပြည့်စုံသည့် တိုင်းရင်းသားလူမျိုးတစ်ရာကျော်ရှိနေခြင်းက အဖိုးထိုက်တန်သည့် ဂုဏ်ဒြပ်ကို ပိုင်ဆိုင်ထားခြင်းဖြစ်သည်။ ထိုဂုဏ်ဒြပ်တွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဟူ၍ ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖေဖော်ဝါရီလ ၆ ရက်နေ့က ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ သံလွင်မြစ်ကူးတံတား(တာဆန်း)တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိစဉ် “ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက် ပိုပြီးတော့လည်း ဂုဏ်ယူနိုင်ပါတယ်။ တိုင်းရင်းသားပေါင်းစုံ အေးအေးဆေးဆေး၊ ချစ်ချစ်ခင်ခင်နဲ့ နေနိုင်တဲ့နိုင်ငံဟာ အတွင်းအင်အားရှိတဲ့နိုင်ငံလို့ ပြောလို့ရပါတယ်။ အတွင်းအင်အားနဲ့ အပြင်အင်အား ရုပ်ပိုင်းဆိုင်ရာအရမှာ အားသန်သင့်သလောက်အားမသန်သေးဘူးဆိုပေမယ့် အဓိကကျတာက အတွင်းအင်အားဖြစ်တဲ့ စိတ်ပိုင်းဆိုင်ရာအင်အားတွေကို ပြုစုပျိုးထောင်ဖို့ဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံတွင်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်တွင်ဖြစ်စေ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဟူ၍ရှိသည့်အနက် စိတ်ပိုင်းဆိုင်ရာသည် အဓိကကျပေသည်။ ရုပ်ပိုင်းဆိုင်ရာ မည်မျှအားကောင်းစွာရှိသည်ဖြစ်စေ စိတ်ပိုင်းဆိုင်ရာအားမကောင်းပါက အချည်းနှီးပင်ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာတို့ကို အင်အားတောင့်တင်းခိုင်မာအောင် ပြုစုပျိုးထောင်နိုင်ခြင်းမရှိပါက အကွဲကွဲအပြဲပြဲနှင့် ပြိုလဲပျက်စီးသွားနိုင်ပေသည်။ ထို့ကြောင့် အဓိကကျသော အတွင်းအင်အားများဖြစ်သည့် စိတ်ပိုင်းဆိုင်ရာ အင်အားများကို ပြုစုပျိုးထောင်ကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုက်တွန်းပြောကြားခဲ့သည်။

ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာအတွင်းအင်အားများ ခိုင်မာအားကောင်းပါက ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲပြီး ခိုင်မာအားကောင်းကာ မည်သည့်ရန်စွယ်အန္တရာယ်၊ မည်သည့်အခက်အခဲ၊ မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို ကျော်လွှားသွားနိုင်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖို့ မြတ်နိုးဂုဏ်ယူဖွယ်ရာကောင်းသော တိုင်းရင်းသားလူမျိုးတစ်ရာကျော်၏ ရုပ်ပိုင်းဆိုင်ရာထူးခြားသည့် ဝိသေသလက္ခဏာများကို ပိုင်ဆိုင်ထားသည်။ သို့သော် စိတ်ပိုင်းဆိုင်ရာအားကောင်းရေးဟူသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့်အတူ ပူးပေါင်းလက်တွဲမှုတို့ကို ပြုစုပျိုးထောင်ရဦးမည်ဖြစ်သည်။

ဤမြေတွင် ရှေးနှစ်ပေါင်းထောင်ချီကတည်းက အတူတကွစုပေါင်းနေထိုင်ခဲ့ကြသည်ဆိုသော်လည်း ခေတ်ကာလ နိုင်ငံရေးအခြေအနေအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးတို့ကြောင့် ပေါ်ပေါက်လာရသည့် စိတ်ဝမ်းကွဲပြားမှုတို့သည် ပြည်ထောင်စုကြီး၏ အတွင်းအင်အားများဖြစ်သည့် တိုင်းရင်းသားပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာအင်အားများကို ယုတ်လျော့စေပေသည်။ ယင်းတို့ကို ကုစားနိုင်ရန်အတွက် ယုံကြည်မှု၊ ချစ်ခင်မှုတို့ဖြင့် ပြုစုစောင့်ရှောက်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးတစ်ခု၏ ထူးခြားသည့်ဝိသေသလက္ခဏာများကို ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံအဖို့ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ်ကောင်းသော ပြည်ထောင်စုနိုင်ငံကြီးအဖြစ် အစဉ်ထာဝရ ရပ်တည်နေထိုင်နိုင်ရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

❋ စက်ရုံတိုင်းတွင်မှ

“ဒီဥပဒေအရ စက်ရုံတိုင်း၊ အလုပ်ရုံတိုင်း WCC ကို ဖွဲ့ဖို့လိုပါတယ်။ မဖွဲ့ရင် ပြင်ဆင်လိုက်တဲ့ဥပဒေမှာ ပြစ်ဒဏ်တွေပါဝင်မှာဖြစ်လို့ မဖြစ်မနေ ဖွဲ့စည်းဖို့လိုပါတယ်။ ဒီလိုဖွဲ့စည်းလုပ်ကိုင်ခြင်းဖြင့် မိမိတို့ရဲ့စက်ရုံ၊ အလုပ်ရုံတွေထဲမှာ ပြဿနာတွေကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်”ဟု အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောသည်။

အဆိုပါအလုပ်သမားရေးရာကော်မတီများကို စက်ရုံ၊ အလုပ်ရုံအဆင့်၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့အဆင့်၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီဟူ၍ အဆင့်လေးဆင့်ရှိကြောင်း၊ စက်ရုံ၊ အလုပ်ရုံအဆင့်တွင် လုပ်ငန်းညှိနှိုင်းရေးကော်မတီကို အလုပ်သမားအဖွဲ့အစည်းရှိပါက အလုပ်သမား အဖွဲ့အစည်းတစ်ခုချင်းက အဆိုပြုသည့်အလုပ်သမားကိုယ်စားလှယ် နှစ်ဦးစီနှင့် အလုပ်သမားကိုယ်စားလှယ် ဦးရေနှင့် အရေအတွက်တူညီသည့် အလုပ်ရှင်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းမရှိပါက အလုပ်သမားများက ရွေးချယ်ပေးထားသော အလုပ်သမားကိုယ်စားလှယ်နှစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ်နှစ်ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းပိုင်ရှင်များအနေဖြင့် ဖွဲ့စည်းထားသော ညှိနှိုင်းရေးအဖွဲ့ကို လက်ခံအသိအမှတ်ပြုရမည်ဖြစ်ကြောင်း သိရသည်။



**ဆုံးဖြတ်စီရင်**

စက်ရုံ၊ အလုပ်ရုံတစ်ခုအတွင်း အလုပ်သမားအငြင်းပွားမှုပြဿနာဖြစ်ပွားလာပါက စက်ရုံအဆင့်တွင် ဖွဲ့စည်းထားသော ညှိနှိုင်းအဖွဲ့က အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်ပြေလည်အောင် ညှိနှိုင်းပေးရမည်ဖြစ်ကြောင်း၊ နှစ်ဖက်သဘောတူညီချက်အတိုင်း စာချုပ်ချုပ်ဆိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအဆင့်ညှိနှိုင်းမှုအဆင်မပြေပါက မြို့နယ်ဖျန်ဖြေရေးအဖွဲ့သို့တက်၍ ညှိနှိုင်းမှုပြုလုပ်ရမည်ဖြစ်ကြောင်း၊ မြို့နယ်အဆင့်ညှိနှိုင်းမှုအဆင်မပြေပါက ခုံသမာဓိအဆင့်သို့တက်ရမည်ဖြစ်ပြီး ခုံသမာဓိအဆင့်သည် ညှိနှိုင်းမှုပြုလုပ်မည်မဟုတ်ဘဲ ဆုံးဖြတ်စီရင်မည်ဖြစ်ကြောင်း၊ ခုံသမာဓိအဆင့် အဆင်မပြေပါက ခုံသမာဓိကောင်စီဖြင့် ဆုံးဖြတ်ရမည်ဖြစ်ကြောင်းလည်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန် ၂၉ ခုနှင့် အထူးစီးပွားရေးဇုန် တစ်ခုရှိပြီး အလုပ်သမားဦးရေ ခုနစ်သိန်းခန့်ရှိသော်လည်း WCC ဖွဲ့စည်းထားသော စက်ရုံ ၇၀၀ ခန့်သာရှိသေး၍ လိုက်နာမှုအားနည်းလျက်ရှိကြောင်း၊ ဥပဒေသစ် အတည်ပြုပြီးပါက အလုပ်သမားညှိနှိုင်းရေးကော်မတီများ စက်ရုံတိုင်းတွင် ဖွဲ့စည်းထားရမည်ဖြစ်ကြောင်း၊ လိုက်နာခြင်းမရှိသော စက်ရုံများကို ဥပဒေအရ ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## လေရှီးမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့

**လေရှီး ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက လေရှီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ် စုစုပေါင်း ၉၄၉ ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ တစ်လလျှင်တစ်ဦးကိုငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ၃ လစာ ၄၅၀၀၀ စုစုပေါင်းငွေကျပ် ၄၂၇၀၅၀၀၀ အား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ ကျေးရွာစာရေးများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

MYANMAR Digital News Presented by NPE www.mdn.gov.mm

**စာအုပ်စာပေ လူ့မိတ်ဆွေ**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၅၄၂၇



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

✻ ရှေ့ဖုံးမှ

International Finance Corporation (IFC) ကိုယ်စားလှယ်များ၊ NGO နှင့် INGO များ၊ တောင်သူလယ်သမားများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ဆန်စပါးသမိုင်း Video Clip ကိုဖွင့်လှစ်ပြသသည်။

**ကြီးမားသည့်အထောက်အပံ့ဖြစ်စေ**

အခမ်းအနားတွင် ဒုတိယသမ္မတက ယမန်နှစ်က နေပြည်တော်တွင် ကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ခဲ့ပြီး ဆန်စပါးသီးနှံအခြေခံ ဈေးနှုန်း Floor Price ကို တောင်သူများ၏ အကျိုးစီးပွားအလို့ငှာ ထုတ်ပြန်ကြေညာပေးနိုင်ခဲ့ပါကြောင်း၊ ထိုသို့ကြေညာပေးနိုင်ခဲ့သည့်အတွက် တောင်သူလယ်သမားများသည် ဈေးနှိမ်ခံရမှုများမှ ကင်းဝေးခဲ့ပါကြောင်း၊ အခြေခံဈေးနှုန်းကိစ္စတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် အသင်းဝင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်အောင်မြင်မှုကိုအခြေတည်၍ ပိုမိုကောင်းမွန်သည့်စနစ်တစ်ခု တည်ဆောက်သွားနိုင်ရန် "ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းလေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့" ဦးဆောင်အဖွဲ့ကို တာဝန်ခံဖွဲ့စည်းပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ အခြေခံဈေးဆိုသည်မှာ တောင်သူများသီးနှံပေါ်ချိန်တွင် ထိုက်သင့်သည့် ဈေးနှုန်းရရှိရန်နှင့် ဈေးနှိမ်မခံရစေရန် ကြိုတင်ကြေညာ ထုတ်ပြန်ထားသည့် ဈေးနှုန်းဖြစ်၍ တောင်သူများအတွက် စိုက်ပျိုးထုတ်လုပ်မှုကိုယုံကြည်မှုရှိရှိဖြင့် အာရုံစိုက်လုပ်နိုင်စေမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်စနစ်တကျတွက်ချက်၍ စိုက်ပျိုးရာသီချိန်မတိုင်မီ အစည်းများနှင့် လုပ်ငန်းရှင်များစနစ်တကျ ယုံကြည်မှုရှိရှိ ပူးပေါင်းလုပ်ဆောင်ကြရန် အရေးကြီးပါကြောင်း။

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ၏ တတိယမဏ္ဍိုင်ဖြစ်သည့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၏ ထပ်ဆင့်ရလဒ်သည် တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းပါဝင်သော PPP ဖြစ်ထွန်းရေးအားပေးကူညီရန် ပါဝင်ပြီးဖြစ်ပါကြောင်း၊ ကန်ထရိုက်လယ်ယာအကောင်အထည်ဖော်ရေး၊ ကန်ထရိုက်လယ်ယာနှင့် ပတ်သက်သောပုံစံများ၊ သင်ခန်းစာများ၊ လမ်းညွှန်ချက်များဖော်ထုတ်ရေးနှင့် စံသတ်မှတ်ထားသော လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော်ရန် ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍဆိုင်ရာအသင်းအဖွဲ့ချိန် ၃ ဒသမ ၅ သန်း ပြည်ပတင်ပို့ ရောင်းချနိုင်ခဲ့သည်ဖြစ်၍ နှစ်ပေါင်း(၇၃)နှစ်အတွင်း အများဆုံးစံချိန်တင် တင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ G to G ညှိနှိုင်းပေးမှုများနှင့် ကိုတာ(Quota)ရရှိရေးကိစ္စရပ်များကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် အရည်အသွေး အရရောဈေးနှုန်းအရပါ ယှဉ်ပြိုင်နိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ကြစေလိုပါကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ရေရှည်ရပ်တည်နိုင်ရန် အရည်အသွေးထိန်းသိမ်းထားနိုင်မှု၊ food safety ပိုင်းဆိုင်ရာ ဂရုစိုက်ဆောင်ရွက်မှု၊ ထုတ်လုပ်သန့်စင်မှုနှင့် ထုပ်ပိုးမှုအပိုင်းတွင် ခေတ်မီဆန်းသစ်မှုများ လိုအပ်မည်ဖြစ်၍ လေ့လာကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုပါကြောင်း။

တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်စေရန် မူဝါဒပိုင်းဆိုင်ရာ ဖြေလျှော့မှုများ လုပ်ဆောင်ပေးခဲ့ပြီး လယ်ယာကဏ္ဍအတွက် သီးနှံအာမခံစနစ်များကို ရှေ့ပြေးအဖြစ် ကျင့်သုံးနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်း၍ ရာသီဥတုအခြေခံအာမခံစနစ်ကို စတင်ဝန်ဆောင်မှုပေးနိုင်ရန် လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

**ဥပဒေရေးဆွဲဆောင်ရွက်**

နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာမြေအသုံးချမှုကိစ္စများကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်လိုသူများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ လယ်ယာမြေဥပဒေများ၊ SME ချေးငွေများရရှိရေး၊ သိုလှောင်ရုံများနှင့် အခြောက်ခံစက်များ၊ ခေတ်မီဆန်စက်များ၊ တည်ထောင်ရင်းနှီးမြှုပ်နှံမည့်ကိစ္စရပ်၊ ဒေသအသီးသီးမှ တောင်သူများကိုဝန်ဆောင်မှုပေးမည့် လယ်ယာစီးပွားရေး ဝန်ဆောင်မှုစင်တာ ( Agro Service Center)များ လုပ်ဆောင်ရေးစသည့် လုပ်ငန်းများကို စနစ်တကျ လျင်လျင်မြန်မြန်သုံးသပ်၍ ပုဂ္ဂလိကနှင့် အစိုးရပူးပေါင်းညှိနှိုင်း၍ အမြန်ဆုံးဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အားပေးကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တန်ဖိုးမြှင့်တင်သည့် value-added လုပ်ငန်းများတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာရန် ဖြစ်ပါကြောင်း။ ဆန်စပါးလုပ်ငန်း၏ ဘေးထွက်ပစ္စည်းဖြစ်သော စပါးခွံများကို





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အထွေထွေညီလာခံနှင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးများ၏ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထုတ်ပြန်ကြေညာပေးနိုင်မည်ဆိုလျှင် အခြေခံကျသည့် တောင်သူလယ်သမားများအတွက် ကြီးမားသည့် အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါကြောင်း။

တောင်သူလယ်သမားများ၏ အဓိကကျသည့် အခြေခံလိုအပ်ချက်များနှင့် လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ပံ့ပိုးထောက်ပံ့ကူညီဆောင်ရွက်ပေးနေသကဲ့သို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကဲ့သို့သော ပုဂ္ဂလိကအသင်းအဖွဲ့များ၊ NGO နှင့် INGO များကလည်း နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ အကျိုးပြုလုပ်ဆောင်ပေးနေကြသည်ကို တွေ့မြင်ရပါကြောင်း၊ တောင်သူလယ်သမားများအတွက် အကျိုးရှိနိုင်စေမည့် အကျိုးတူကန်ထရိုက်လယ်ယာစနစ် Contract Farming ကိုတောင်သူများ၊ ကုမ္ပဏီအဖွဲ့များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များတွေ့ဆုံ၍ Contract Farming ကို သုံးသပ်ဆွေးနွေးခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရေးအတွက် လမ်းညွှန်ချက် Guideline များ ထုတ်ပြန်ခြင်း၊ လွယ်ကူရိုးရှင်းပြီးစနစ်ကျသည့် Standard Operating Procedures များထုတ်ပြန်ခြင်းတို့ကို အမြန်ဆုံးဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

**အထူးအရေးပါ**

နိုင်ငံ၏စီးပွားရေးကဏ္ဍတွင် ဆန်စပါးလုပ်ငန်းသည် အထူးအရေးပါသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး ပြည်ပတင်ပို့မှုအနေဖြင့် နှစ်စဉ် ကျပ်ဘီလီယံ ၁၀၀၀ ကျော် ဝင်ငွေရှာဖွေပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်ဧကစိုက်ပျိုးစရိတ်ချေးငွေ ကျပ်(၁)သိန်းမှ ကျပ်(၁)သိန်းခွဲအထိ ၂၀၁၆ ခုနှစ် ကတည်းကပင် တိုးမြှင့်ပေးနိုင်ခဲ့ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်ဘဏ်များဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ တောင်သူများ အပါအဝင် အသေးစားနှင့်အလတ်စား လယ်ယာစီးပွားရေး လုပ်ငန်းများအတွက် JICA နှင့် ပူးပေါင်းဆောင်ရွက်သည့် Two Step Loan အပြင် နိုင်ငံပိုင်ဘဏ်များ အစီအစဉ်ဖြင့် ချေးငွေများကို ယခင်ကာလများထက် ပိုမိုထုတ်ချေးခြင်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အာမခံလုပ်ငန်းများတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများကိုလည်း ခေတ်ကာလအခြေအနေနှင့် ဆီလျော်အောင် ပြုပြင်ထားပြီး လုပ်ထုံးလုပ်နည်းအပိုင်းတွင်လည်း ပိုမိုကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့်လည်း ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပုဂ္ဂလိကနှင့် အစိုးရ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းတိုင်ပင်၍ မြန်မာ့ဆန်စပါး ဥပဒေရေးဆွဲဆောင်ရွက်လျက်ရှိ နေသည်ကို သိရှိရပါကြောင်း။

ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသည့် အလေအလွင့်မရှိစေဘဲ စပါးခွံလောင်စာ တောင့်ပြုလုပ်ခြင်း၊ စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်(Waste to Energy)အဖြစ် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏လျှပ်စစ်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးခြင်း၊ စွန့်ပစ်ရခက်သည့် စပါးခွံပြဿနာကို ဖြေရှင်းပေးခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူကိစ္စရပ်များဖြစ်သည့် လယ်ယာကဏ္ဍ ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချနိုင်ရေးအတွက် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန် Action Plan တစ်ခုရေးဆွဲတင်ပြနိုင်ရေးအတွက် အစိုးရဌာနများနှင့် ပညာရှင်များ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် အဆိုပါလုပ်ငန်းများတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ **စာမျက်နှာ ၄ သို့** ❍

○ စာမျက်နှာ ၃ မှ

တိုးတက်လာစေရေးတို့ကို ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှုစီမံကိန်း (MSDP)ကို ရေးဆွဲပြဋ္ဌာန်းပြီး ဘက်စုံကဏ္ဍစုံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ MSDP မဏ္ဍိုင်ကြီး (၃)ရပ်အနက် လူသားများနှင့် ကမ္ဘာမြေ ဖွံ့ဖြိုးတိုးတက်စေရေး မဏ္ဍိုင်သည် စားနပ်ရိက္ခာထုတ်လုပ်နေသည့် ဆန်စပါးအပါအဝင် လယ်ယာလုပ်ငန်းများနှင့် သက်ဆိုင်ပါကြောင်း၊ အနာဂတ်ကာလကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်၍ လူငယ်လူရွယ်မျိုးဆက်သစ်များ၏ ပါဝင်ဆောင်ရွက်မှုကိုမဖြစ်မနေဖော်ဆောင်ပေးကြရမည် ဖြစ်ပါကြောင်း၊ အတွေ့အကြုံများ၊ သင်ခန်းစာများကို လူငယ်များ၏ စွမ်းရည်၊ ခေတ်အမြင်၊ အယူအဆနှင့် ဆန်းသစ်တီထွင်မှုတို့ဖြင့် ပေါင်းစပ်လုပ်ကိုင်နိုင်ရန် လမ်းဖွင့်ပေးကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာဖွံ့ဖြိုးမှုသည် ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ပါကြောင်း။

## ကူညီဆောင်ရွက်

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရေး ကြိုးပမ်းဆောင်ရွက်ကြသည့်အခါ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း အထွက်နှုန်းများ တိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရေး နည်းလမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ အစိုးရအဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း ပြည်သူ့ဝန်ထမ်း (Quality Service) စိတ်ဓာတ်ဖြင့် တာဝန်သိသိ ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့အနာဂတ်အတွက်၊ မျိုးဆက်သစ်ပြည်သူများအားလုံးအတွက် ခိုင်မာတည်တံ့သော ဆန်စပါးလုပ်ငန်းကြီးထူထောင်တည်ဆောက်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ကျေးဇူးတင်စကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**“အနာဂတ်ကာလကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်၍ လူငယ်လူရွယ်မျိုးဆက်သစ်များ၏ ပါဝင်ဆောင်ရွက်မှုကို မဖြစ်မနေဖော်ဆောင်ပေးကြရမည် ဖြစ်ပါကြောင်း၊ အတွေ့အကြုံများ၊ သင်ခန်းစာများကို လူငယ်များ၏ စွမ်းရည်၊ ခေတ်အမြင်၊ အယူအဆနှင့် ဆန်းသစ်တီထွင်မှုတို့ဖြင့် ပေါင်းစပ်လုပ်ကိုင်နိုင်ရန် လမ်းဖွင့်ပေးကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ဖွံ့ဖြိုးမှုသည် ရေရှည်တည်တံ့ခိုင်မြဲမည်”**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြို့သာစက်မှုဥယျာဉ်မြို့တော်အတွင်းရှိ Long Year Shoe Factory အတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်ရှိ မန္တလေး-မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။



မြို့သာစက်မှုဥယျာဉ်မြို့တော်ရှိ Long Year Shoe Factory လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ယင်းနောက် ဒုတိယသမ္မတသည် စက်မှုဥယျာဉ်မြို့တော်အတွင်းရှိ Long Year Shoe Factory သို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မန္တလေး-မြို့သာစက်မှုဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာထွန်းထွန်းအောင်တို့က မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်း၊ ဆီမီးခုံ(ရေဝတီ)ဆိပ်ကမ်းနှင့် နိုင်ငံတကာအဆင့်မီဂေါက်ကွင်းတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက အဆိုပါစီမံကိန်းသည် ဒေသအကျိုး၊ နိုင်ငံအကျိုး ဖြစ်ထွန်းစေမည့် စီမံကိန်းတစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းတွင် စံပြစက်မှုစီမံကိန်းတစ်ခုအဖြစ် စံနမူနာပြုရသည်အထိ အောင်မြင်အောင် စနစ်တကျ စီမံဆောင်ရွက်သွားကြစေလိုပါကြောင်း၊ စီမံကိန်းပြီးစီးပါက ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးလာနိုင်မည် ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း စီမံဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ စီမံကိန်းအတွင်းရှိ စက်ရုံများ၏ ရေဆိုးများနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းကို Green City မြို့တော်ဖြစ်ရန် နှစ်ရှည်ပင်များနှင့် နှစ်တိုပင်များကို ပိုမိုတိုးမြှင့်စိုက်ပျိုးသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယသမ္မတသည် မော်တော်ယာဉ်ဖြင့် စီမံကိန်းအတွင်းရှိ Myotha National Golf Course သို့ရောက်ရှိကာ စီမံကိန်းပုံစံငယ်ကို ကြည့်ရှုပြီး Myotha National Golf Course အတွင်း လှည့်လည်ကြည့်ရှုသည်။

မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းကို ဖွံ့ဖြိုးတိုးတက်သော စက်မှုဥယျာဉ်နှင့် နိုင်ငံတကာ အဆင့်မီသင်္ဘော၊ ဆိပ်ကမ်းဖြစ်ပေါ်လာရေး၊ ကျန်းမာစွာ နေထိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ပေါ်လာစေရေးတို့ကို ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဒေသတွင်း ဆင်းရဲနွမ်းပါးမှုလျော့ကျ၍ လူမှုစီးပွားဘဝတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာရေးနှင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ဝန်ဆောင်မှုပြည့်ဝသောစီးပွားရေးပတ်ဝန်းကျင်ဖော်ထုတ်ရေးတို့ကို မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်း တည်ရှိပြီး မြေဧက ၁၁၄၀၃ ဧကကျယ်ဝန်းကြောင်း၊ စီမံကိန်းကို ၂၀၁၃ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄၊ ၂၀၁၅ ခုနှစ်များတွင် လိုအပ်သည့် စီမံကိန်းဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ အဆိုပါစီမံကိန်းကို အဆင့် ၅ ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး Phase 1 - ဧက ၂၅၀၀ ကို ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိလည်းကောင်း၊ Phase 2၊ 3၊ 4 - ဧက ၄၅၀၀ ကို ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အထိလည်းကောင်း၊ Phase 5 - ဧက ၃၅၀၀ ကို ၂၀၂၅ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် တည်ဆောက်ပြီး စက်ရုံရှစ်ရုံ၊ တည်ဆောက်ဆဲစက်ရုံ ၁၃ ရုံဖြင့် အလုပ်အကိုင်အခွင့်အလမ်း ၃၀၀၀ ကျော် ဖန်တီးပေးနိုင်ခဲ့ပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်း နှစ်သိန်းမှ လေးသိန်းခွဲအထိ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

## စတင်တည်ဆောက်

ဆီမီးခုံ(ဧရာဝတီ) ဆိပ်ကမ်းသည် မြို့သာ စက်မှုဥယျာဉ်မြို့တော်နှင့် ၁၁ မိုင်ကွာဝေးပြီး မြေဧက ၃၈၀ ကျယ်ဝန်းကြောင်း၊ ၂ ဒသမ ၅ ဧက ရှိ Cargo Yard တစ်ခု၊ Ramp တစ်ခုနှင့် တန် ၅၀ အတင်အချပြုလုပ်နိုင်သည့် Crane တစ်ခုရှိပြီး ပေ ၄၀ ကွန်တိန်နာများကို အတင်အချပြုလုပ်နိုင်ကြောင်း၊ အဆိုပါဆိပ်ကမ်းကို ၂၀၁၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ၂၀၁၇ ခုနှစ်တွင်လုပ်ငန်းများပြီးစီးခဲ့ကြောင်းနှင့် အဆိုပါဆိပ်ကမ်းတွင် ဆိပ်ကမ်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

## ဆက်လက်ဆောင်ရွက်

စက်မှုဥယျာဉ်မြို့တော်စီမံကိန်းအတွင်း ဆောင်ရွက်ရန်လျာထားသည့် နိုင်ငံတကာအဆင့်မီရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဟိုတယ်များ၊ အရောင်းပြခန်းများ၊ အပန်းဖြေနေရာများ၊ ကုန်သွယ်ရေးစင်တာများ၊ ဆီမီးခုံ(ဧရာဝတီ)ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချလုပ်ငန်းများ၊ ကုန်စည်သိုလှောင်ရေးလုပ်ငန်းများ၊ ဆိပ်ကမ်းအဆင့်မြှင့်တင်ရေး လုပ်ငန်းများ၊ မြို့သာနိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းအတွင်း အဆင့်မြင့်အိမ်ရာများ၊ အပန်းဖြေနားနေရန်နေရာများ၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်သွားလမ်းမကြီးမှ စီမံကိန်းသို့ လမ်းသစ်ဖောက်လုပ်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်အနုပညာရပ်ဝန်းရှိ စတူဒီယိုများနှင့် စတူဒီယိုအတွင်း ရုပ်ရှင်ရိုက်ကူးနေမှုများ ကြည့်ရှု

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်းအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည့် ရုပ်ရှင်တွင် သုံးနှုန်းနေသော စကားလုံးများနှင့် ဘာသာပြန်စကားလုံးများဆိုင်ရာ မြန်မာစကား၊ မြန်မာစာရေးထုံး စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဥက္ကဋ္ဌ) ဦးတင်ဦးလေးနှင့် တာဝန်ရှိသူများနှင့်အတူ ရုပ်ရှင်အနုပညာရပ်ဝန်းရှိ စတူဒီယိုများနှင့် စတူဒီယိုအတွင်း ရုပ်ရှင်ရိုက်ကူးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည့် ရုပ်ရှင်တွင် သုံးနှုန်းနေသော စကားလုံးများနှင့် ဘာသာပြန်စကားလုံးများဆိုင်ရာ မြန်မာစကား၊ မြန်မာစာရေးထုံး စကားဝိုင်းဆွေးနွေးပွဲကို တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် စကားဝိုင်းကို ကျင်းပရာ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်က လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စကားဝိုင်းကို ဦးမျိုးမြတ်သူ (စာရေးဆရာ၊ အကြံပေးပညာရှင်၊ Forever Group) ဦးဆောင်၍ မောင်ခင်မင် (ဓနုဖြူ) (မြန်မာစာပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာအဖွဲ့အချိန်ပြည့်အဖွဲ့ဝင်)၊ ဦးဝင်းငြိမ်း(ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ဝင်)၊ ဦးဇော်မြင့်ဦး (ဇာတ်ညွှန်းပညာရှင်)၊ ဦးကျော်စွာထွန်း (အထွေထွေမန်နေဂျာ၊ ရွှေသံလွင်ကုမ္ပဏီ)၊ ဦးကျော် (ဘာသာပြန်ဌာနတာဝန်ခံ၊ Forever Group) တို့က မြန်မာစာတွင် စာလုံးပေါင်းအမှန်နှင့် ရေးထုံးအမှန်များ မည်သို့မည်ပုံရှိပုံ၊ မြန်မာစာအဖွဲ့နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ပြဋ္ဌာန်းထားချက်များ၊ မြန်မာစာလုံးပေါင်းအမှန်နှင့် ရေးထုံးအမှန်များကို ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သူများအနေဖြင့် အလေးထားဂရုပြုသုံးစွဲရန်၊ ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြားတို့တွင် သုံးစွဲနေသည့် မြန်မာစာ၊ မြန်မာစကားနှင့်ပတ်သက်ပြီး အမှားကင်းစင်ပြီး အသုံးအနှုန်းအမှန် ဖြစ်စေရေး၊ လက်ရှိရုပ်ရှင်လောကတွင် သုံးစွဲနေသည့် ဇာတ်ညွှန်းများ၊ မြန်မာစာ၊ မြန်မာစကားနှင့် ပတ်သက်ပြီး လူမှုပတ်ဝန်းကျင်တွင် လွဲမှားမှုများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဦးဇော်မြင့်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲကို မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် မြန်မာစာတန်းထိုး နိုင်ငံခြားဇာတ်ကားများကို ကြည့်ရှုသော လူငယ်ပရိသတ်များအနေဖြင့် လက်ရှိ အသုံးပြုနေသော မြန်မာစာရေးထုံး ၊ မြန်မာစကားအမှားများကို သိရှိပြီး မှန်ကန်စွာ ပြင်ဆင်နိုင်ရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်ခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်နှင့် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းတို့ စီစဉ်သည့် မြန်မာစာပေနှင့် မြန်မာဘာသာစကားအဝေးမြင်၊ အနီးမြင် အမည်ဖြင့် ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်အားပေးခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်အနုပညာရပ်ဝန်းအတွင်းရှိ စတူဒီယိုများနှင့် စတူဒီယိုအတွင်း ရုပ်ရှင်ရိုက်ကူးနေမှုများကို လှည့်လည်ကြည့်ရှုစဉ်။



ရုပ်ရှင်တွင် သုံးနှုန်းနေသောစကားလုံးများနှင့် ဘာသာပြန်စကားလုံးများဆိုင်ရာ မြန်မာစကား၊ မြန်မာစာရေးထုံး စကားဝိုင်းဆွေးနွေးပွဲအခမ်းအနား ကျင်းပစဉ်။




# တိကျစွာတိုင်းတာခြင်း နည်းပညာသိပ္ပံ(မြန်မာ) အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၉**

တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(မြန်မာ) အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၆) ကမ္ဘာအေးဘုရားလမ်းရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဂျာမနီနိုင်ငံ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(PTB)မှ ဥက္ကဋ္ဌ Prof. Dr.Joachim Hermann Ullrich တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ ဂျာမနီနိုင်ငံ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(PTB)မှ ဥက္ကဋ္ဌ Prof. Dr. Joachim Hermann Ullrich၊ KETT Electric Laboratory မှ အထွေထွေမန်နေဂျာ Mr.Norihiro Yoshida၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းနှင့် အမျိုးသားစံချိန်စံညွှန်းကောင်စီအဖွဲ့ဝင် ဒေါက်တာစိန်မြင့်တို့က တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို နံ့သာ ရည်များဖြင့် ပက်ဖျန်းကြပြီး တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံအဆောက်အအုံရှိ တိုင်းတာရေးဓာတ်ခွဲခန်းများကို လေ့လာကြည့်ရှုခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိ ပါမောက္ခချုပ်များကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည့် အခြေခံပညာအထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်ရုံး၌ ကျင်းပသည့် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး(TVET) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း သို့မဟုတ် လမ်းစဉ်ကောင်းတို့ ပေးခဲ့သူ

■ လှိုင်းလေပြေဦး (ညောင်ဦး)

"အခုဖြစ်နေတဲ့အခြေအနေအရ လွတ်လပ်ရေးကိစ္စကို ခန့်မှန်းပြောရမယ်ဆိုရင် လွတ်လပ်ရေးဟာ ရဖို့အခြေအနေတော့ တော်တော်ပဲများတယ်ဆိုတာ ပြောချင်ပါတယ်။ ပြောပေမယ့် ကျွန်တော်တို့ ဗမာစကားလည်း ရှိတယ်။ အင်္ဂလိပ်စကားကတော့ Don't hollow till you out of the wood. သစ်တောမြက်မည်းအတွင်းက မထွက်မိခင် ငါတော့ ဘေးလွတ်ပြီလို့ မအော်ပါနဲ့။ ခြသေ့်မင်း ဥပမာလိုပြောရမယ်ဆိုရင် ခြသေ့်များဟာ သားကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာ၊ ငယ်တာ ပမာနမထားဘဲ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီထုံးစံအတိုင်း ကျွန်တော်တို့ဟာ ပန်းတိုင်ရောက်သည်အထိ အောင်မြင်မယ်ထင်သည့်တိုင်အောင် ကြိုးစားမှု၊ အားထုတ်မှု၊ လုံ့လ၊ ဝီရိယကို လျှော့လို့ မဖြစ်နိုင်ဘူး။"

စာရေးသူဖော်ပြထားသော စာပုဒ်သည် ဆရာ "မောင်စိမ်းနီ" စုစည်းသည့် "စာရေးဆရာ ကိုအောင်ဆန်း" စာအုပ်ထဲတွင် ဖော်ပြထားသည့် "နောက်ဆုံးစကား မိန့်မြွက်ကြား" ထဲမှ "အောင်သည်အထိ ကြိုးစားဘိ" ခေါင်းစဉ်ဖြင့် ပြောကြားခဲ့ခြင်း ဖြစ်သည်။ စာတိုသော်လည်း အဓိပ္ပာယ်မှာ လေးနက်လှသည်။

ထိုစာအုပ်အတွင်းမှ ဆရာကြီး "ဒဂုန်တာရာ" ၏ "အောင်ဆန်း သို့မဟုတ် အရိုင်း" ဆောင်းပါးတွင် "သူ့တွင် နိုင်ငံရေးဝိညာဉ်ကား ပြင်းထန်လှ၏။ နိုင်ငံရေးတစ်ခုတည်းသာလုပ်သော လူတစ်ဦးဖြစ်၏။ သူသည် ရိုင်း၏။ ကြမ်း၏။ ကြောင်၏။ ကိစ္စမရှိ။ သူသည် ဧည့်ခန်းဆောင်မှ ဂုဏ်သရေရှိလူကြီးလူကောင်းမဟုတ်။ တစ်ခုတည်းသော ယုံကြည်ချက်နှင့် တစ်ခုတည်းကိုသာလုပ်သော နိုင်ငံရေးသတ္တဝါဖြစ်၏။ ထို့ကြောင့် ကိစ္စမရှိ"ဟု ရေးသားထားသည်ကို တွေ့ရပြန်၏။ ထိုဆောင်းပါးထဲတွင် ဗိုလ်ချုပ်၏ နိုင်ငံရေးတစ်ခုတည်းအပေါ် စိတ်အာရုံတိမ်းညွတ်ထားပုံကို မြင်သာလှသည်။ နိုင်ငံအရေးအတွက် စာဖတ်နေသူ၊ စာရေးနေသူ၊ အမြဲတွေးတောနေသူ၊ စကားပြောလျှင်ပင် နိုင်ငံရေးအကြောင်းသာ ပြောတတ်သူဖြစ်ကြောင်း သိရလေသည်။

### မေတ္တာစစ်၏ ရောင်ပြန်ဟပ်

တက္ကသိုလ်ကျောင်းသားသဘာဝ အချစ်သီချင်းတီးနေကြသည့်နေရာသို့သွားပြီး စန္ဒရားအပါးတွင် လက်ထောက်ရပ်လျက် "ဟေ့ရပ်ကြ၊ အခုလိုအခါမျိုးမှာ ရဲစိတ်၊ မာန်စိတ်တက်စေမယ့် ရဲတင်းသံတို့ကိုသာ ဆိုရတယ်ဗျ။ ဒီချစ်မယ်၊ ကြင်မယ် သီချင်းမျိုးက မဟန်ဘူး"ဆိုသည့်စကားကပင် နိုင်ငံရေးအပေါ်တွင်သာထားသည့် စိတ်အာရုံကို ပေါ်လွင်နေ၏။ ဤအကြောင်းအရာနှစ်ချက်ကပင် ကျေးဇူးရှင် ဗိုလ်ချုပ်၏ စိတ်ပြတ်သားရဲရင့်မှု၊ တိုင်းပြည်လွတ်လပ်ရေးရရန်အတွက်သာ ရည်မှန်းချက်ထားခဲ့ခြင်းများကို ဖော်ပြလျက်ရှိသည်။ ရည်မှန်းချက်ပြည့်ဝရေးအတွက် ဗိုလ်ချုပ်၏အနစ်နာခံမှုများကို ပြောမည်ဆိုလျှင် မကုန်ဆုံးနိုင်အောင်ပင် ရှိလေသည်။ သည်နေ့ထိတိုင် ပြည်သူလူထုတစ်ရပ်လုံး၏ ဗိုလ်ချုပ်အပေါ် ကြည်ညိုမဆုံး၊ မြတ်နိုးမဆုံးဖြစ်နေကြခြင်းကပင် တိုင်းပြည်အပေါ်ထားသည့် မေတ္တာစစ်၏ ရောင်ပြန်ဟပ်ခြင်းဖြစ်မည်။ ဗိုလ်ချုပ်သည် ရည်မှန်းချက်တစ်ခုတည်းအပေါ်မှာ တစိုက်မတ်မတ် ကြိုးစားလုပ်ဆောင်လျှင် အောင်မြင်ကြောင်းကို လမ်းပြခဲ့ပြီးဖြစ်လေသည်။ သည်နေ့ခေတ် လူငယ်များအနေဖြင့် သွားလိုသည့် ပန်းတိုင်ရောက်ရန်ကား ကိုယ်တိုင်ကြိုးစားလုပ်ဆောင်သွားကြရမည်သာဖြစ်၏။ ဟိုဟိုသည်သည် အပြစ်တင်နေကြမည့်အစား ယုံကြည်ရာလမ်းကို ကြိုးစားပြီး ထိုးဖောက်ကြရမည်သာဖြစ်၏။ သည်ကနေ့လူငယ်များ ကြိုးစားအားထုတ်ကြရခြင်းသည် လွတ်လပ်ရေးရရန် ကြိုးစားခဲ့သည့် ဗိုလ်ချုပ်၏ စိတ်ဓာတ်၊ သူ့ရဲကောင်းတို့၏ အားမာန်၊ သတ္တိ၊ ဗျတ္တိ၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် ကိုယ်ကျိုးစွန့်အနစ်နာခံမှုများကို လူငယ်များ အတုယူစေချင်ပါသည်။ ယနေ့လူငယ်အတော်များများသည် မိမိအကျိုး၊ လူမျိုးအကျိုး၊ တိုင်းပြည်အကျိုးတို့အတွက် အချိန်ကိုတန်ဖိုးရှိရှိ ကုန်လွန်စေပြီး အနာဂတ်ကိုရည်မျှော်တွေးဆကာ အချိန်များ ကုန်ဆုံးစေချင်သည်။ ထိုသို့သောစိတ်ဓာတ်များ လူငယ်များ၏ စိတ်သန္တာန်တွင် ကိန်းအောင်းတည်ရှိလာလျှင် နိုင်ငံတော်၏ အနာဂတ်သည်လည်း သာယာလှပမှုရှိနိုင်မည်ဖြစ်ပေသည်။ သည်နေ့ခေတ်လူငယ်များအနက် ရည်မှန်းချက်တစ်ခုထားရှိပြီး ကြိုးစားနေသော လူငယ်များလည်း ရှိပါသည်။ နိုင်ငံ့ဂုဏ်ဆောင်နေသော လူငယ်များလည်းရှိပါသည်။ ထိုလူငယ်များသည် အလိုအလျောက် အောင်မြင်နေကြခြင်းမဟုတ်။ အချိန်ရှိသရွေ့ ယုံကြည်ရာကို ရဲရဲရင့်ရင့် လျှောက်လှမ်းနိုင်ရန် ကြိုးစားနေကြခြင်းကြောင့် အောင်မြင်ခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် အချိန်ရှိခိုက် လုံ့လစိုက်ထုတ်ပြီး ကြိုးစားနေကြရမည်သာဖြစ်သည်။ ဗိုလ်ချုပ်သည် နိုင်ငံတော်အတွက် သူ၏ စွန့်လွှတ်အနစ်နာခံပြီး ကြိုးစားမှုများကို ပါးစပ်လေးဖြင့် လေးစားချစ်ခင်နေကြခြင်းထက် ကြိုးစားသော၊ ရိုးသားသော၊ ရဲရင့်သောလူငယ်များစွာ ပေါ်ထွန်းရန်ကိုသာ ပို၍ မျှော်လင့်ပါလိမ့်မည်။ ခေတ်ရေစီးအတိုင်း မျောပါပြီး အချိန်ဖြုန်းနေကြခြင်းကို နှစ်သက်မည်မဟုတ်။ နိုင်ငံတော်အတွက် အားကိုးအားထားပြုရသော လူငယ်များ၊ အရည်အချင်းပြည့်ဝသော လူငယ်များအဖြစ်သာ မြင်ချင်ပါလိမ့်မည်။ နိုင်ငံတော်၏ အနာဂတ်လူငယ်များအနေဖြင့် တိုးတက်ရာတိုးတက်ကြောင်း ကြိုးစားရန်သင့်၊ မသင့် အလေးအနက်ထား စဉ်းစားတွေးခေါ်တတ်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သမိသည်။

### ပြုပြင်ပြုစုစီမံထားခဲ့သူ

ထိုစာအုပ်ထဲမှ "ဗိုလ်ချုပ်အောင်ဆန်း" ကိုယ်တိုင်ရေးသည့် "ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ"ထဲမှ အကြောင်းအရာတချို့ပြောရဦးမည်။ ပညာနှင့်ပတ်သက်သည့် အကြောင်းအရာမှာ လွန်စွာတန်ဖိုးရှိ၏။ အနှစ်သက်ဆုံးအပိုင်းမှာ "ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍ စာသိမှုကို ပညာဟု မဆိုပေ။ ပညာသည် "အတိုင်းအဆမထင်" အလွန်ကျယ်ပြောနက်နဲလှပေသည်။ ကမ္ဘာရှိ စာအုပ်အားလုံးပင်လျှင် ပညာအားလုံးကို လောကပြင်ကျယ် တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှ မြေကြီးထဲသို့ရောက်သည်အထိ ပညာသင်သားများဖြစ်နေကြစေသည်။ ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် လူ၏ တစ်သက်ပန်တွင် ကုန်ဆုံးသည်ဟု မဆိုနိုင်ပေ။ ပညာတတ်သူသည် လောကရှိ အရာရာကို အခွင့်အလမ်းအလိုက် ဆင်ခြင်သုံးသပ်နိုင်စွမ်းသော ဉာဏ်အားလုံးကိုလည်းကောင်း၊ မိမိဉာဏ်အမြင်အရ စိတ်နေစိတ်ထား စိတ်ဓာတ်ကိုလည်းကောင်း (Emotion of the Education) ပြုပြင်ပြုစုစီမံထားခဲ့သူသာလျှင် ဖြစ်သည်။ ဘီအေပင်အောင်စေကာမူ၊ ပါရဂူဘွဲ့ကြီးပင်ရစေကာမူ ပညာဆိုသော သဘာဝအဓိပ္ပာယ်ကို ကောင်းစွာသုံးသပ်နားလည်ခြင်းမရှိခဲ့သော် တကယ်အရာမရောက်၊ အသုံးမဝင်ပေ။ ပညာသည် စာအုပ်များထဲ၌သာရှိသည်မဟုတ်။ စာအုပ်ကျော်၍ မြင်စွမ်းနိုင်ခြင်းကို ဆောင်နိုင်ရပေမည်။ ပညာသည် လူ၏ဉာဏ်များကို တိုးတက်စေရမည်" ဆိုသောအချက်ကို လွန်စွာနှစ်သက်မိ၏။

သည်နေ့ခေတ် ပညာသင်ကြားရေးအပိုင်းကို မြင်ယောင်လာသည်။ ကျောင်းသားဘဝမှာပင် စာကိုသေချာလေ့လာသည့် အလေ့အထ သိပ်မရှိကြတော့ပေ။ ဘွဲ့တစ်ခုရရေးသည်သာ အဓိကထားကြလေသည်။ ဘွဲ့ရလျှင် အလုပ်ရမည်။ အလုပ်ရလျှင် မိသားစုစားဝတ်နေရေး ပြေလည်မည်။ ရပ်တည်ချက်တစ်ခုရှိအောင် သင်ကြားကြခြင်းသာဖြစ်သည်။ ဝါသနာပါ၍ တတ်မြောက်အောင် လေ့လာဆည်းပူးခြင်းမျိုးမှာ လူနည်းစုမျှသာရှိလေသည်။ လူငယ်များသည် ပညာအရာနှင့်ပတ်သက်၍ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်လည်း မရှိတာများသည်။ မိဘ၏ ရွေးချယ်မှုအတိုင်း လုပ်ဆောင်ကြရ၏။ တချို့လူငယ်များသည် ဆရာရွေးပေးသည့် ဘာသာရပ်အတိုင်း တက္ကသိုလ်ကို တက်ရောက်ကြ၏။ ခေတ်အနေအထားအရ အလွှာအပိုင်းအခြားကွာခြားမှု မြင့်မားလာသည်နှင့်အမျှ သင်ကြားရေးအပိုင်းမှာလည်း ကွာခြားမှုများ ရှိလာလေပြီ။ သင်ကြားမှုမတူညီသော လူငယ်တို့၏ အတွေးအခေါ်၊ အယူအဆများသည် တူညီမှုမရှိနိုင်သလို တိုးတက်မှုများသည်လည်း ကွာခြားလာပါလိမ့်မည်။ သည် မလူးသာ မလွန့်သာအနေအထားတစ်ခုတွင် လူငယ်များအနေဖြင့် မိမိသင်ကြားခွင့်ရသည့်အပေါ်မှ စိတ်ပါဝင်စားသော ပညာရပ်တစ်ခုခုကို စဉ်ဆက်မပြတ် လေ့လာလိုက်စားကြရန် အရေးကြီးလှသည်။ ဝါသနာနှင့် အလုပ် ထပ်တူမညီမျှသောသူများသည် ကိုယ်တိုင်လည်း အားပိုစိုက်ပြီး လေ့လာရသလို အလုပ်အပေါ် မှာလည်း စိတ်ဖိစီးပြီး မပျော်ရွှင်၍ စေတနာ အပြည့်ထားနိုင်ကြမည်မဟုတ်။ ဝါသနာနှင့်အလုပ် ထပ်တူညီသောသူများသည် ကိုယ်တိုင်လည်း အဆုံးစွန်အထိ လေ့လာလိုက်စားပြီး စိတ်ပျော်ရွှင်စွာလုပ်ရ၍



အလုပ်အပေါ်ထားသော စေတနာသည်လည်း ထက်သန်နေမည်မှာ မလွဲပေ။ ဝါသနာနှင့်အလုပ် ထပ်တူကျသော မျိုးဆက်သစ်လူငယ်များ များလာသည်နှင့်အမျှ မည်သည့်အခန်းကဏ္ဍမဆို ဆင်ကိုချွန်းထိုးသကဲ့သို့ မပြတ်တိုက်တွန်းနှိုးဆော်ရန်၊ စစ်ဆေးရန်ပင် လိုအပ်မည်မထင်။ ဝါသနာ၏ စေ့ဆော်မှုအရ စေတနာသည်နောက်မှ ကောက်ကောက်ပါအောင်လိုက်၍ တိုးတက်မှုရရန် လုပ်ဆောင်သွားကြမည်သာဖြစ်၏။ ကမ္ဘာပေါ်ရှိ အောင်မြင်နေကြသူ အတော်များများသည် မိမိစိတ်ပါဝင်စားသောအရာကိုသာ စူးစူးစိုက်စိုက် အမြဲလေ့လာနေကြသူများဖြစ်လေသည်။

### နိုင်ငံသားတိုင်း၏ တာဝန်

ဗိုလ်ချုပ်စကား "ကမ္ဘာရှိ စာအုပ်အားလုံးပင်လျှင် ပညာအားလုံးကို လောကပြင်ကျယ် တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှ မြေကြီးထဲသို့ရောက်သည်အထိ ပညာသင်သားများ ဖြစ်နေကြစေသည်" ဆိုသည့်အတိုင်း အတန်းပညာတစ်ခုတည်းသာမက လောကတွင် စာအုပ်စာပေအပြင် လူမှုဘဝများကို မြင်အောင်ကြည့်ပြီး သုံးသပ်နေထိုင်သွားကြရန်လည်း လိုအပ်ပါသည်။ လူငယ်များသည် ရေစီးအတိုင်း မျောလိုက်ရင်းဘယ်သောင်၊ ဘယ်ကမ်းကပ်ရမှန်းမသိသော လူ့အန္ဓများ မဖြစ်ရန်၊ ပညာအရာတွင် တိုးတက်မြင့်မားရန်၊ စနစ်တကျပြုစုရန် လိုအပ်သော အနေအထားပင်ဖြစ်သည်။ စာကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ လူ့ကျင့်ဝတ်ရေးရာများကိုပါ လက်တွေ့ကျကျ အထူးလေ့ကျင့် ပြုစုပျိုးထောင်ပေးနေသော ဂျပန်ပြည်၏ ပညာရေးဆိုင်ရာ ဘာသာပြန်ဆောင်းပါးများကို ဖတ်ရှုရတိုင်း အားကျမိသည်မှာ အမှန်ပင်။ ဘွဲ့ရပညာတတ်ဆိုသည့်ဂုဏ်ပုဒ်ထက် အမှန်တကယ် စဉ်းစားတွေးခေါ်မှုမြင့်မားပြီး ဉာဏ်ပညာတိုးတက်သော မျိုးဆက်သစ်များ ပေါ်ထွန်းရန် အရေးကြီးလှသည်။ နိုင်ငံတစ်နိုင်ငံ၏ ပျိုမျစ်ခြင်းသည် လူငယ်များအပေါ်တွင် မူတည်လေသည်။ နိုင်ငံတစ်နိုင်ငံ၏ သယံဇာတသည်လည်း လူငယ်များပင်ဖြစ်သည်။ ထို့ကြောင့် လူသားအရင်းအမြစ်ကိုအခြေတည်၍ ဉာဏ်ပညာခြံရံသော လူငယ်များစွာ ပေါ်ထွက်အောင် ပြုစုမွေးထုတ်ကြရမည်မှာ နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်ဟု ဆိုရပါမည်။

ကျေးဇူးရှင် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄) နှစ်မြောက်မွေးနေ့သည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျရောက်တော့မည်ဖြစ်သည်။ တစ်နိုင်ငံလုံး သောင်းသောင်းဖြဖြ အခမ်းအနားများ ကျင်းပကြမည်မှာလည်းမလွဲမသွေပင်ဖြစ်၏။ ဤကဲ့သို့ ကျေးဇူးရှင် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အခမ်းအနား ကျင်းပခြင်းသည် ခေတ်အဆက်ဆက် မျိုးဆက်သစ်လူငယ်တို့အား လက်ဆင့်ကမ်း အမွေပေးခဲ့ရာလည်းရောက်သည်။ ထိုနေ့တွင် ကလေးသူငယ်များသည်လည်း ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ်အတွက် ပြိုင်ပွဲများဝင်ရန် ဗိုလ်ချုပ်အကြောင်းကို ဖတ်ကြ၊ မှတ်ကြ၊ လေ့လာကြမည်ထင်၏။ ပြိုင်ပွဲအတွက်သာ ကြက်တူရွေးများကဲ့သို့ နှုတ်တိုက်ကျက်ခြင်းမျိုးမဟုတ်ဘဲ နှလုံးသားထဲထိစွဲမြဲအောင် ဖတ်မှတ်လေ့လာခြင်းမျိုးဖြစ်ရန်သာ မျှော်လင့်မိသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သော အကြောင်းအရာများသည်ကား ခါရာသီအလိုက်ပန်ဆင်ရန် ပွင့်သောပန်းမျိုးမဟုတ်။ ဗိုလ်ချုပ်လျှောက်လှမ်းပြခဲ့သော လမ်းစဉ်ကောင်းများကို နှလုံးသားမှာ စွဲထင်ပြီး ဦးခေါင်းမှာ အမြဲပန်ဆင်ရမည့်အရာသာ ဖြစ်သည်။ နိုင်ငံသားတိုင်း၏ အနာဂတ်အတွက် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်ကား လမ်းစဉ်ကောင်းတို့ ပေးခဲ့ပြီးဖြစ်လေ၏။ ။

နိုင်ငံတော်အတွက် အားကိုးအားထားပြုရသော လူငယ်များ၊ အရည်အချင်းပြည့်ဝသော လူငယ်များအဖြစ်သာ မြင်ချင်ပါလိမ့်မည်။ နိုင်ငံတော်၏ အနာဂတ်လူငယ်များ အနေဖြင့် တိုးတက်ရာတိုးတက်ကြောင်း ကြိုးစားရန် သင့်၊ မသင့် အလေးအနက်ထား စဉ်းစားတွေးခေါ်တတ်ပါစေကြောင်း

# ပြည်ထောင်စုစည်းလုံးညီညွတ်ရေးအုတ်မြစ်

ကောင်းစျာန်သိမ်း

**တိုင်းရင်းသားများအပေါ် သဘောထား**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့သွားရောက်ပြီး ကချင်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းသည် မွန်မြတ်လှသည့် အခွင့်အရေးကို ရရှိလိုက်ခြင်းပင်ဖြစ်သည်။

အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာပြည်ကို လွတ်လပ်သည့် တိုင်းပြည်ဖြစ်အောင် ကြိုးစားနေကြောင်း၊ လွတ်လပ်ရေးရဖို့ဆိုသည်မှာလည်း အနေးနှင့်အမြန် သေချာနေကြောင်း၊ ကချင်အမျိုးသားများသည်လည်း မြန်မာများနှင့် သွေးရင်းသားရင်းဖြစ်သည့်အတွက် ဆိုးတူကောင်းဖက် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ သို့မှသာလျှင် ခေတ်ကြီးပြောင်းလဲနေသည်နှင့်အမျှ ကချင်အမျိုးသားများလည်း တိုးတက်နိုင်ကြောင်း၊ ကချင်များအား ဗြိတိသျှအစိုးရက ခွဲခြားထားခဲ့သဖြင့် နှစ်ပေါင်း ၆၀ ကျော်ခဲ့စေကာမူ ကချင်များ၌ တိုးတက်မှုကင်းမဲ့ခဲ့ရကြောင်း၊ မြန်မာပြည်နှင့်ပူးပေါင်းလိုက်လျှင် မြန်မာများနှင့်အတူ ရင်ပေါင်တန်းလိုက်နိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောပြရာ ကချင်ခေါင်းဆောင်များက အထူးနှစ်သက်သဘောကျခဲ့သည်။

**တိုင်းရင်းသားများ ညီညွတ်ရေး**

ဗိုလ်ချုပ်အောင်ဆန်းနှင့်ကချင်ခေါင်းဆောင်များ ဆွေးနွေးလိုက်ရခြင်းသည် မြန်မာပြည်အတွက် အထူးအဖိုးထိုက်တန်လှသည်။ ထိုအချိန်မှစ၍ ဗိုလ်ချုပ်အပေါ် ကချင်ခေါင်းဆောင်များ ယုံကြည်မှုပန္နက် စိုက်ထူနိုင်ခဲ့သည်။ ဗိုလ်ချုပ် မပြန်မီတစ်ရက် ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက် နံနက်တွင် မြစ်ကြီးနားမြို့နှင့် ငါးမိုင်ဝေးသော မန်ခန်ရွာ စာသင်ကျောင်းဝင်းအတွင်း မဏ္ဍပ်ကြီး၌ အထူးယုံကြည်အားထားသော မိတ်ဆွေစစ်ဖြစ်ကြောင်း အထိမ်းအမှတ်အဖြစ် ကချင်အမျိုးသမီးများက ထမင်းပွဲနှင့် ဧည့်ခံကျွေးမွေးကြသည်။ ထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက ကချင်-ဗမာ သွေးစည်းရေးနှင့်တကွ တိုင်းရင်းသားများညီညွတ်ရေး အရေးကြီးပုံနှင့် တိုင်းရင်းသားများအပေါ်ထားရှိသော ဗိုလ်ချုပ်အောင်ဆန်း၏ စေတနာကို ပွင့်ပွင့်လင်းလင်းဖြင့် အရှိအမှန်အတိုင်း မိန့်ကြားခဲ့သည်။

တိုင်းရင်းသားများ တန်းတူအဆင့်အတန်းရရှိရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး၊ ဗမာပြည်နှင့် စုပေါင်းညီညွတ်စွာရှိရေး၊ တောင်တန်းနယ်ဆိုင်ရာ တိုင်းရင်းသားတို့ ကြီးပွားတိုးတက်ရေး၊ ရှမ်း၊ ချင်း၊ ကချင်တောင်တန်းများကို ဘုရင်ခံတာဝန်မယူဘဲ တောင်တန်းဆိုင်ရာ တိုင်းရင်းသားများ တာဝန်ယူဆောင်ရွက်ရေးတို့ကို အင်္ဂလိပ်အစိုးရထံ တောင်းဆိုထားကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ဂျင်းဖော စသည့် တိုင်းရင်းသားများအပေါ် စေတနာကောင်း၊ ချစ်ခင်ရင်းနှီးသည့် စိတ်ထားရှိကြောင်း သက်သေများပင်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။

**စည်းလုံးညီညွတ်မှုအထူးလိုလား**

ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသည့်သဘောထားသည် ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ အတူတကွလွတ်လပ်ခြင်း၊ အတူတကွ





ဗိုလ်ချုပ်အောင်ဆန်းဇနီးမောင်နှံနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ

ဖွံ့ဖြိုးခြင်းကို အမှန်တကယ်လိုလားသည်ဖြစ်၍ အရေးကြီးသောအချက်ကို အသိပေးပြောကြားခဲ့သည်။ "အထူးသတိပြုစေလိုတဲ့အချက်တစ်ခုမှာ ယခုအခါ ကမ္ဘာပေါ်တွင် အရေးပါအရာရောက်နေတဲ့ နိုင်ငံကြီးများပင်လျှင် တစ်ဦးတည်း အပေါင်းအသင်းမရှိဘဲ မနေနိုင်၊ မတည်တံ့နိုင်။ နီးစပ်ရာနိုင်ငံများနှင့်ပူးပေါင်းရေးအတွက် ဆောင်ရွက်ကြိုးစားနေရတယ်။ ဗမာပြည်လည်း နီးစပ်ရာ ပူးပေါင်းဆောင်ရွက်ရပါမယ်။ အားရှိအောင် ဖန်တီးရမယ်။ ဗမာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရန်လည်း အထူးအရေးကြီးပါတယ်။ ဂျင်းဖောက တခြား၊ ချင်းက တစ်ဖုံ၊ ရှမ်းက တစ်မျိုးဆိုသလို အကွဲကွဲအပြားပြားဖြစ်နေလျှင် ဘယ်သူမှ အားရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့် တစ်သီးတခြားနေလျှင် ဘေးအန္တရာယ်နှင့် မကင်းသည်ကို သတိပြုကြပြီးလျှင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို အထူးလိုလားကြစေလိုပါတယ်" ဟု ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် တိုင်းရင်းသားလူမျိုးများအားလုံး သတိပြုရမည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက အထူးအရေးကြီးသလို အနာဂတ်ကာလ ယနေ့ထက်တိုင် အရေးကြီးသည်မှာ အထင်အရှားဖြစ်သည်။ ထိုစဉ်က တိုင်းရင်းသားဒေသများအားလုံး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တစည်းတလုံးတည်း ပါဝင်ရေးကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် သက်သေပြနိုင်ခဲ့သည်။

**ပြည်ထောင်စု၏အင်္ဂါရပ်များ**

မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများအား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ သတ်မှတ်ရာတွင် (၁) ပထဝီအနေအထားအရ နယ်နိမိတ်အထင်အရှားရှိခြင်း၊ (၂) မြန်မာစကားနှင့် မတူသော ဘာသာစကားတစ်မျိုးတည်းရှိခြင်း၊ (၃) ယဉ်ကျေးမှုတစ်မျိုးတည်းရှိခြင်း၊ (၄) ရာဇဝင်အစဉ်အလာ တစ်မျိုးတည်းရှိသော လူမျိုးစုရှိခြင်း၊ (၅) စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးနှင့် စီးပွားရေး လုံလောက်မှုတို့ရှိသော လူစုရှိခြင်း၊ (၆) လူဦးရေအတော်အတန်ရှိခြင်း၊ (၇) သီးခြားပြည်ထောင်စု အဖွဲ့ဝင်တစ်ခုအဖြစ်ဖြင့် မိမိ၏ကိုယ်ပိုင်ထင်ရှားချက်အတိုင်း နေလိုသောဆန္ဒရှိခြင်းတို့ဖြစ်လေသည်။ ထိုသို့သော ပြည်ထောင်စု၏ အင်္ဂါလက္ခဏာများနှင့် ပြည်ထောင်စုအဖွဲ့ဝင်အဖြစ် ဂုဏ်ယူဝင့်ကြွားဖွယ် ရပ်တည်နိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့သည်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်များ၏ တိုင်းရင်းသားများအပေါ်ထားရှိသည့် မွန်မြတ်သောစေတနာဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် သုတဘာဏ်စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

(၇၂)နှစ်မြောက်ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းကကြီးမှူး၍ သုတဘာဏ်စာတမ်းဖတ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် အမျိုးသားစာပေဆုရ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုသကျော်ဝင်း)က "တိုင်းရင်းသားယဉ်ကျေးမှုနှင့် မြန်မာစာပေ"စာတမ်းကို လည်းကောင်း၊ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)က "အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးစာတမ်း"ကို လည်းကောင်း ဖတ်ကြားကြောင်း သိရသည်။

"ပြည်ထောင်စုတိုင်းရင်းသားတွေက တစ်ရာကျော်လောက်ရှိတယ်။ သူတို့အကြောင်းကိုသိချင်ရင် စာအုပ်စာပေကအများဆုံးအထောက်အကူပြုတယ်။ ဒါပေမယ့် သူတို့ဘာသာနဲ့ရေးတဲ့စာအုပ်တွေက မရှိသလောက်ရှားတယ်။ ရှိပြန်တော့လည်းဖတ်လို့နားမလည်ဘူး။ အဲဒါကြောင့် တစ်ပြည်လုံးအတိုင်းအတာကျတော့ မြန်မာစာပေနဲ့ သူတို့ယဉ်ကျေးမှုအကြောင်းရေးတဲ့စာအုပ်က အများကြီးအထောက်အကူပြုတယ်။ စာကောင်းပေမွန်တွေ အများကြီးရှိတယ်။ အဲဒါတွေကို ပြန်ပြီးဖော်ညွှန်းပေးတာ"ဟု ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

အဆိုပါစာတမ်းတွင် သုတအနေဖြင့် တိုင်းရင်းသားများနေထိုင်ပုံ ယဉ်ကျေးမှုဓလေ့များရေးသားထားပြီး ရသအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကို ရေးသားထားခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို နားလည်ပြီး အပြန်အလှန်လေးစားမှုနှင့် ရင်းနှီးချစ်ခင်မှုများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ စာတမ်းကို ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်ကာ ရေးသားပြုစုတင်ပြခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။



အဆိုပါစာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့် စာပေဝါသနာရှင်များတက်ရောက်ကြပြီး စာတမ်းနှင့်ပတ်သက်၍ သိလိုသည်များကိုမေးမြန်းရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- ဇာနည်မောင်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံကိန်း ၇၉ ခု ၂၀၁၉ ခုနှစ်တွင် အကောင်အထည်ဖော်မည်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံကိန်းပေါင်း ၇၉ ခုကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။ အဆိုပါစီမံကိန်းများအနက် စက်မှုဇုန်အသစ်များဖော်ဆောင်ခြင်း၊ စက်မှုဇုန်အဟောင်းများ အဆင့်မြှင့်တင်ခြင်း၊ လူငယ်များဆန်းသစ်တီထွင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် Yangon Innovation Center ဖွင့်လှစ်ခြင်းများကို တာဝန်ယူဆောင်ရွက်နေသည့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။**

## တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ
## ရဲခေါင်ညွန့်

### ရန်ကုန်အတွက်စီမံကိန်း ၇၉ ခု

**မေး။ ။ အခု ၂၀၁၉ ခုနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် အကြောင်းအရာများကို သိချင်ပါတယ်ခင်ဗျာ။**

**ဖြေ။** ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂၀၁၉ ခုနှစ်အတွင်း အကောင်အထည်ဖော်မယ့် Project ပေါင်း ၇၉ ခုရှိတယ်။ အဲဒါတွေကို ပြည်ထောင်စုရဲ့ Project Bank ထဲမှာ ကျွန်မတို့ စာရင်းပေးသွင်းထားတယ်။ စာရင်းပေးသွင်းထားတဲ့အထဲမှာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာပြင်ပ ၁၂ မြို့နယ်မှာ ကိုကိုးကျွန်းမပါဘဲ ကျန်တဲ့ ၁၁ မြို့နယ်ကို စက်မှုဇုန်အသစ်လေးတွေ ဖော်ဆောင်သွားဖို့ရှိတယ်။ စက်မှုဇုန်အသစ်တွေကို ဖော်ဆောင်သလို စက်မှုဇုန်အဟောင်းတွေကိုလည်း အဆင့်မြှင့်တင်မှာဖြစ်ပါတယ်။ စက်မှုဇုန်အဟောင်းတွေကို အဆင့်မြှင့်တင်ဖို့ဆိုရင် လက်ရှိဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းတွေ၊ တံတားတွေ စတဲ့ အခြေခံအဆောက်အအုံတွေကို စီမံခန့်ခွဲတာရှိတယ်။ အဲဒါတွေကို ပြီးခဲ့တဲ့တစ်လကျော်လောက်ကမှ ဆောက်လုပ်ရေးဝန်ကြီးဌာန အိုးအိမ်ဌာနကနေ ရန်ကုန်တိုင်းဒေသကြီးရဲ့ လုပ်ပိုင်ခွင့်အဖြစ် လွှဲအပ်ဖို့ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အဲဒီလို ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ လုပ်ပိုင်ခွင့်ရမှသာလျှင် စက်မှုဇုန် ၂၉ ဇုန်လုံးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အဆင့်မြှင့်တင်ခွင့်ရရှိမှာဖြစ်ပါတယ်။ အသစ်ကိုဆက်ဖော်ထုတ်မယ်ဆိုတော့ အဟောင်းကိုတော့ မပြင်ဘူးလားဆိုတဲ့ မေးခွန်းမျိုးမေးလာနိုင်တာကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက မြေယာပိုင်ဆိုင်ခွင့်တွေရော၊ စက်မှုဇုန်ထဲမှာရှိတဲ့ လမ်းတွေ ပြင်ဆင်ခွင့်ရောရဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လုပ်ပိုင်ခွင့်ရဖို့ ပြီးခဲ့တဲ့ တစ်လကျော်ကမှ လွှဲပြောင်းဖို့ လုပ်ဆောင်နေတယ်။ အကုန်လုံးတော့ မလွှဲရသေးဘူး။ ဒါတွေအားလုံး တိုင်းဒေသကြီးအစိုးရ အောက်ရောက်လာရင် မူရင်းရှိပြီးသား စက်မှုဇုန်တွေကို မြှင့်တင်မယ်။ စက်မှုဇုန်အသစ်တွေ အနေနဲ့ကတော့ စည်ပင်သာယာပြင်ပမှာရှိတဲ့ မြို့နယ် ၁၁ မြို့နယ်မှာ ဧက ၁၀၀၀ ရှိတဲ့ စက်မှုဇုန်အသစ်တွေ ဖော်ဆောင်မယ်။ ဒါဆို စက်မှုဇုန်အသစ် ၁၁ ဇုန် ထပ်ပေါ်လာမယ်။ အဲဒီ ၁၁ ဇုန်ထဲမှာမှ ရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားတဲ့ ဇုန်နှစ်ခုရှိပါတယ်။ အဲဒါက ထန်းတပင် စက်မှုဇုန်နဲ့ လှည်းကူးစက်မှုဇုန် ဖြစ်ပါတယ်။ အဲဒီစက်မှုဇုန်နှစ်ခု အကောင်အထည်ဖော်မယ့်အကြောင်းကို တိုင်းဒေသကြီး လွှတ်တော်ကို ရှင်းပြထားပြီးဖြစ်သလို ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ကိုလည်း တင်ပြဖို့ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဲဒီ ထန်းတပင်နဲ့ လှည်းကူးစက်မှုဇုန်နှစ်ခုကို မျှားမကြာမီ ခြောက်လအတွင်း အကောင်အထည်ဖော်နိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုးပမ်းလျက်ရှိပါတယ်။ Invest Myanmar 2019 Project ထဲမှာပါမယ်။



ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
နော်ပန်းသဉ္ဇာမျိုး

### ၂၀၁၉ ခုနှစ်အတွင်း အဓိကထားဖော်ဆောင်မည့် စက်မှုဇုန်နှစ်ခု

**မေး။ ။ ထန်းတပင်နဲ့ လှည်းကူးစက်မှုဇုန်နှစ်ခုကို အဓိကဦးစားပေး အကောင်အထည်ဖော်မယ်ဆိုရင် အချိန်ကာလအားဖြင့် ဘယ်လောက်အထိ ကြာမြင့်နိုင်ပါသလဲ။**

**ဖြေ။** ။ ဇုန်တစ်ခုစီတိုင်းကို အကောင်အထည်ဖော်ဖို့အတွက် ကိုးနှစ်ကြာမယ်။ Phase ကို သုံးခုစီလောက်ပိုင်းထားတယ်။ ထန်းတပင် Phase ကို နှစ်ပိုင်းပိုင်းထားပြီး လှည်းကူးဆိုရင်တော့ Phase ကို သုံးခုလောက်ခွဲထားပါတယ်။ တစ်ပိုင်းချင်းစီ အကောင်အထည်ဖော်တဲ့ စပ်ကြားမှာ ဥပမာ ဧက ၁၅၀၀ အကောင်အထည်ဖော်မယ့် ဇုန်တစ်ခုဆိုရင် ဧက ၁၅၀၀ လုံးတစ်ပြိုင်တည်း တည်ဆောက်လို့ မရဘူး။ ဧက ၅၀၀ ကိုပဲ စတင်တည်ဆောက်မယ်ဆိုရင် အဲဒီ ဧက ၅၀၀ မှာရှိတဲ့ ဒေသပြည်သူလူထု အကျိုးစီးပွားအတွက် သူတို့ရဲ့မြေပေါ်မှာ ရင်းနှီးမြှုပ်နှံမယ့် ရင်းနှီးမြှုပ်နှံသူကို ကျွန်မတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ခေါ်လာပေးခြင်းပဲဖြစ်ပါတယ်။ ဒေသခံအကုန်လုံး သဘောတူညီမှုသာ ကျွန်မတို့ ဒါကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့ နေရာမှာလည်း အဲဒီဒေသဖွံ့ဖြိုးဖို့အတွက်ပဲ ဦးတည်ပါတယ်။ နောက် အဲဒီဒေသမှာရှိတဲ့သူတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ဖို့ ရည်ရွယ်ပါတယ်။ နိုင်ငံရဲ့ထုတ်ကုန် (Export) ကိုလည်း တိုးမြှင့်စေချင်တယ်။ နောက်ဒီနိုင်ငံအတွင်းမှာသုံးတဲ့ ကုန်ချောကိုလည်း ဒီစက်မှုဇုန် နှစ်ဇုန်ကနေ ထွက်လာမယ်ဆိုရင် Import Substitution (သွင်းကုန်အစားထိုးပစ္စည်း)တွေလည်း အများကြီး ဖြစ်လာပါလိမ့်မယ်။

ဒါကြောင့် ရှုထောင့်ပေါင်း မြောက်မြားစွာကနေ ကောင်းလာမယ့် အခြေအနေတွေ အများကြီးရှိပါတယ်။ ဒီအတွက်ကို ထန်းတပင်မှာရှိတဲ့ ပြည်သူလူထု၊ လှည်းကူးမှာရှိတဲ့ ပြည်သူလူထုကို ကျွန်မတို့က ရှင်းပြမယ်။ သူတို့ရဲ့ သဘောထားဆန္ဒကို ခံယူသွားဖို့ အစီအစဉ်တွေ ကျွန်မတို့မှာ ရှိပါတယ်။ ဒါက ကျွန်မတို့ ၂၀၁၉ ခုနှစ်ထဲမှာ ဖော်ဆောင်သွားမယ့် ဦးစားပေးတစ်ခုပါ။ Project ပေါင်း ၇၉ ခုထဲက ကျွန်မကိုင်တွယ်ရတဲ့ ၁၁ ဇုန် Project ကို ပြောပြတာပါ။ အဲဒီအထဲမှာ ဇုန်နှစ်ဇုန်ကိုတော့ ဦးစားပေး ဆောင်ရွက်သွားပါမယ်။ Project အများစုက ဝန်ကြီးဒေါ်နီလာကျော် ကိုင်တွယ်ရပါတယ်။

### ရန်ကုန်မိုးပျံလမ်းနှင့် မိုးပျံရထားစီမံကိန်း

**မေး။ ။ ရန်ကုန်မှာ မိုးပျံလမ်းစီမံကိန်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်ဒါတွေခေါ်ယူခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတုန်းက ဆန်ခါတင်ရွေးချယ်ခဲ့တာ တွေ့ရသလို မိုးပျံရထားလမ်းစီမံကိန်းနဲ့ ပတ်သက်ပြီးတော့လည်း ဆောင်ရွက်သွားမယ်ဆိုတဲ့ အသံတွေ ကြားနေရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဖြေကြားပေးပါဦး ခင်ဗျာ။**

**ဖြေ။** ။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် ခရီးသွားပြည်သူလူထုက ၂ ဒသမ ၈ သန်း ရှိနေတဲ့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ရှင်းပြဖို့ရော ပြည်ထောင်စုအစိုးရကိုပါ ဆက်လက်တင်ပြသွားဖို့ ကျွန်မတို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ရန်ကုန်မှာ လူဦးရေ ၂ ဒသမ ၈ သန်းလောက်က ယာဉ်ကို အသုံးပြုပြီးသွားလာနေရတော့ မိုးပျံရထားသာ အကောင်အထည်ဖော်နိုင်ခဲ့ရင် လူဦးရေ ဘယ်လောက်အထိ အသုံးပြုနိုင်မလဲဆိုတာ ပြောပြပေးပါ။**

**ဖြေ။** ။ အခု ကျွန်မတို့ကို လာရှင်းပြတဲ့ကုမ္ပဏီရဲ့တင်ပြချက်အရဆိုရင် နေ့စဉ် လူဦးရေ သုံးသိန်းလောက်ကို တင်ဆောင်နိုင်မယ်လို့ ပြောထားပါတယ်။ အခုက လူဦးရေ တစ်သိန်းနီးပါးလောက် ရထားကို အသုံးပြုနေတယ်ဆိုတော့ လူဦးရေ လေးသိန်းလောက် အသုံးပြုနိုင်မှာပါ။ ဒါဆို လူဦးရေ ၂ ဒသမ ၈ သန်းမှာ လေးသိန်းလောက်က ရထားကို အသုံးပြုနိုင်မှာပါ။

**မေး။ ။ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်ဖို့အတွက် ပြည်သူ့ဥယျာဉ်မှာ လုပ်ထားတဲ့ Control Center အခြေအနေကရော ဘယ်လိုအခြေအနေရှိပါသလဲ။**

**ဖြေ။** ။ Control Center က ဝန်ကြီးဒေါ်နီလာကျော် ဦးစီးဆောင်ရွက်နေပါတယ်။ နောက်ဆုံးအဆင့် ညှိနှိုင်းနေတယ်ပြောတယ်။ ဒါက ယခင်အစိုးရလက်ထက်ကတည်းက ချုပ်ခဲ့တဲ့စာချုပ်တစ်ခုပါ။ အဲဒါကို အဆုံးသတ်နိုင်အောင် ကျွန်မတို့က နောက်ဆုံး သတိပေးထားတယ်။ ကုမ္ပဏီက ဆောင်ရွက်နိုင်ရင် ဆောင်ရွက်၊ မဆောင်ရွက်နိုင်ရင် Black List စာရင်းကြေညာသွားမယ်လို့ ဝန်ကြီးဒေါ်နီလာကျော်က ပြောပါတယ်။ ဒါက တစ်ဆင့်သိတာကို ပြောပြတာပါ။




အတွက် ပြည်ထောင်စုဝန်ကြီးက မိုးပျံရထားကို လုပ်မယ်ဆိုရင် ကျွန်မတို့ကကြိုဆိုတယ်။ လောလောဆယ်တော့ ကျွန်မတို့ရန်ကုန်တိုင်းဒေသကြီးရဲ့ ရင်းနှီးမြှုပ်နှံမှုကော်မတီကို မိုးပျံရထား ကုမ္ပဏီတစ်ခုက လာတင်ပြထားတဲ့ တင်ပြချက်တွေကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေသိအောင် အပြင်မှာ ရှင်းပြထားပြီးဖြစ်ပါတယ်။ လာတင်ပြတဲ့ မိုးပျံရထားကုမ္ပဏီကိုလည်း မြန်မာနိုင်ငံ

**(ဆက်လက်ဖော်ပြပါမည်)**

---

### ❖ အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲမှ

မြန်မာအမျိုးသမီးအသင်းသည် ခင်မိုးဝေ၊ ဝင်းသီရိထွန်း၊ ဝေဝေအောင်၊ ခင်သန်းဝေ စသည့် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့သည်။ နီပေါအသင်းသည် မြန်မာအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိ၍ ခံစစ်ဦးစားပေးကစားခဲ့ပြီး ဂိုးမပေးရရန် အဓိကထားကစားခဲ့သည်။ နီပေါအသင်း၏ ခံစစ်ကစားပုံကြောင့် မြန်မာအသင်း ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ပထမပိုင်းပြီးခါနီးမှ ဂိုးစရခဲ့ကာ ၄၄ မိနစ်တွင် ခင်မိုးဝေက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နီပေါနောက်တန်း ပြိုဆင်းသွားခဲ့ပြီး ၅၄ မိနစ်တွင် ဝင်းသီရိထွန်း၊ ၇၇ မိနစ်တွင် ခင်မိုးဝေတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် နိုဝင်ဘာလက ကျင်းပသည့် အိုလံပစ်အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်တွင် တွေ့ဆုံစဉ်က တစ်ဂိုးစီသရေကျခဲ့သည့် နီပေါအသင်းနှင့် ယခုတွေ့ဆုံရာတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်အိန္ဒိယ၊ မြန်မာ၊ အီရန်နှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်နေပြီး ပတ်လည်စနစ်ဖြင့်ကစားကာ အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MFF**

### ❂ ကျောဖုံးမှ

အခမ်းအနားတွင် ဗုဒ္ဓပူဇနိယပွဲတော် မဟာမင်္ဂလာပူဇာသဘင်မုခ်ဦးဖွင့်လှစ်ခြင်း၊ အောက်စက်တော်ရာပါဒစေတီအလင်းပေါက် ဖန်အုပ်ဆောင်းတော်ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း၊ အထက်စက်တော်ရာပါဒစေတီ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်း၊ ပွဲတော်ဖွင့်ပွဲအထိမ်းအမှတ် ကုသိုလ်ပြုရေစက်ချခြင်းများ ဆောင်ရွက်ခဲ့သည်။

ဗုဒ္ဓပူဇနိယပွဲတော်နှင့် သုံးမိုင်အကွာရှိ မန်းချောင်းဆင်စခန်းကိုလည်း ဖွင့်လှစ်ခဲ့ပြီး ယခုနှစ် ပွဲတော်ကာလတွင် ယာဉ်ဝင်ကြေးကောက်ခံမှုမရှိခြင်း၊ ယာဉ်ကြောကျပ်တည်းမှုမရှိစေရန် လမ်းများ အဆင့်မြှင့်တင်ခြင်း၊ သာသနိကဆိုင်ရာ အဆောက်အအုံများ မွမ်းမံပြင်ဆင်ခြင်း၊ တည်းခိုခန်းဈေးနှုန်းများ ကြီးမြင့်မှုမရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

သီတဂူဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ အရှင်ဉာဏိဿရ၊ ချင်းတောင်တန်းသာသနာပြုဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တတေဇောသာရတို့က ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့က တရားမြတ်များ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ကျောက်ဖြူ၊ ရမ်းဗြဲနှင့် မအီမြို့များအတွင်းရှိ မိခင်များ၊ ကလေးများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့

နေပြည်တော် ဖေဖော်ဝါရီ ၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ် ကျောက်ဖြူ၊ ရမ်းဗြဲနှင့် မအီမြို့များအတွင်းရှိ မိခင်များ၊ ကလေးများနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့မှုပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။**



**ထောက်ပံ့ပေးအပ်**

ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးဦးစိုးအောင်၊ ဝန်ကြီးဌာန တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းကကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျင်းပသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့်မိခင်ဝိုင်းများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး ကျောက်ဖြူဘိုးဘွားရိပ်သာ အတွက် ထောက်ပံ့ငွေကျပ် ၁၁၃၄၀၀၀၊ စေတီတောင် ပရဟိတဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၉၇၅၃၀၀၀၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ အတွက် တစ်ကျောင်းလျှင် ထောက်ပံ့ငွေကျပ် ၇၀၀၀၀၀ စီဖြင့် စုစုပေါင်းငွေကျပ် ၇၇၀၀၀၀၀၊ မာန်အောင်မြို့နယ်သာရေးနာရေးအသင်း၊ လေးဝတီကုလရက္ခိတ အသင်း၊ ခုနစ်စဉ်ကြယ်နာရေးကူညီမှုအသင်း၊ ရက္ခိတရင်ခွင်သာရေးနာရေး ကူညီမှု အသင်း၊ မရဇိုင်းကျွန်း အမှတ်(၈)တိုက်နယ် ဒေသဖွံ့ဖြိုးရေးအထောက် အကူပြုအသင်း၊ ဓူဝံကြယ်နာရေးကူညီမှုအသင်း၊ ရက္ခသန္တာမြိုပရဟိတ လူမှုကူညီရေးအသင်း၊ ပါရမီရှင်ပရဟိတဖောင်ဒေးရှင်းလူမှုကူညီရေးအသင်း၊ အနာဂတ်အလင်းရောင်လူမှုကူညီရေးအသင်း၊ ဘနုအောင်ကျန်းမာရေးလူမှု ကူညီရေးအသင်း၊ ဝန်ထမ်းပေါင်းစုံပင်စင်စားများအသင်း၊ မေတ္တာမွန်ပညာဒါန ပရဟိတအသင်း၊ ကျောက်ဖြူသွေးလှူရှင်များအသင်း၊ သန္တာမြေဖွံ့ဖြိုးတိုးတက် ရေးဖောင်ဒေးရှင်း၊ ပုညကာရီအသင်း၊ ဖြောင့်မတ်သူလူမှုဖွံ့ဖြိုးရေးအသင်း၊ တောင်သူလယ်သမားလူမှုဖွံ့ဖြိုးရေးအသင်း၊ တော်ဝင်သဇင်သာရေးနာရေး အသင်းတို့အတွက် တစ်သင်းလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀ စီ၊ မိခင်ဝိုင်းသုံး ဝိုင်းဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၁၈၁၈၁၀၀ တို့ကိုပေးအပ်ရာ တာဝန် ရှိသူများကလက်ခံရယူကြပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြသည်။ဆက်လက်၍ ကလေးငယ်များငယ်ရွယ်စဉ်ကပင် အမှိုက် များကိုစနစ်တကျစွန့်ပစ်ခြင်း အလေ့အထကောင်းများရရှိစေရန် သရုပ်ပြ လေ့ကျင့်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

**ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဖြူမြို့ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးသို့ရောက်ရှိပြီးဘေးဖြစ်ပွားပါက အလျင်အမြန်တုံ့ပြန်နိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများအသင့်သိုလှောင်ထား ရှိမှု အခြေအနေကို ကြည့်ရှုခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမ်းဗြဲမြို့သို့ ရောက်ရှိ ကြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားတွင် ရမ်းဗြဲမြို့နယ်အတွင်းရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း အတွက် ထောက်ပံ့ငွေကျပ် ၇၀၀၀၀၀၊ ရမ်းဗြဲမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀၊ ရမ္မာဝတီ အခမဲ့နာရေးကူညီမှုအသင်း အတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀၊ ကျောက်တွေ လူမှုကူညီရေးအသင်း အတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀ နှင့် မိခင်ဝိုင်းငါးဝိုင်းအတွက် ထောက်ပံ့ ငွေကျပ် ၃၂၁၈၁၀၀ တို့ကို တာဝန်ရှိသူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကလေးငယ်များ၊ မိခင်ဝိုင်းခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြပြီး**(အပေါ်ပုံ)** မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအီမြို့သို့ရောက်ရှိပြီး မအီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မအီမြို့ အမှတ် (၂)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းနှင့် မေ့ဘောဘီကိုယ့်အား ကိုယ်ကိုးမူလတန်းကြိုကျောင်းများအတွက် တစ်ကျောင်းလျှင်ထောက်ပံ့ငွေ ကျပ် ၇၀၀၀၀၀၊ သဟာရကလူမှုရေးအသင်း၊ မေတ္တာရှင်လူမှုရေးအသင်းတို့ အတွက် ထောက်ပံ့ငွေကျပ် ၆၀၀၀၀၀ နှင့် မိခင်ဝိုင်းငါးဝိုင်းအတွက် ထောက်ပံ့ငွေကျပ် ၃၂၁၈၁၀၀ တို့ကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံ ရယူကြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် မိခင်ဝိုင်းခေါင်းဆောင်များနှင့်ကလေးသူငယ်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ထောက်ပံ့မှုအပြည့်အဝပေးလျက်ရှိ**

အဆိုပါထောက်ပံ့မှုပေးအပ်ပွဲအခမ်းအနားများတွင် ပြည်ထောင်စုဝန်ကြီး က မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူတစ်ဦးချင်းစီ၏ ရပ်တည်မှုဖွံ့ဖြိုး တိုးတက်မှုတို့အတွက် ကိုယ်ဝန်ဆောင်ချိန်မှစ၍ ကလေးငယ်များ၊ အမျိုးသမီး ငယ်များ၊ အမျိုးသမီးများ၊ လူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်း များအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြင့် ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ အညွှန်းကိန်းများအရ ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုနောက် ကျနေသည့်အတွက် လူမှုဖွံ့ဖြိုးရေးဦးစားပေးကဏ္ဍအနေဖြင့် ကိုယ်ဝန်ဆောင် နှင့် ၎င်းမှမွေးဖွားသောကလေးအသက်နှစ်နှစ်အထိ ငွေကြေးထောက်ပံ့သည့် အစီအစဉ်နှင့်အတူ တစ်ကိုယ်ရည်သန့်ရှင်းရေးပညာပေး၊ အာဟာရ ပညာပေး နှင့်မိသားစုစီမံကိန်းပညာပေးသည့် အစီအစဉ်များဖြင့် ပြည်နယ်တစ်ခုလုံးကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ် စောင့်ရှောက် ရေးနည်းလမ်းများဖြင့်လည်း မိခင်ဝိုင်းများဖွင့်လှစ်၍ ၎င်းကလေးငယ်များ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းများအတွက် ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် ကနဦးထောက်ပံ့ပေး ထားပြီးဖြစ်ကြောင်း၊ မသန်စွမ်း အဆင့်သတ်မှတ်ပြီး စွမ်းနိုင်သည့်အဆင့်အလိုက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်ရန် မဟာဗျူဟာရေးဆွဲ ထားပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူမှုရေးပင်စင်စားများ အတွက်လည်း ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာ အနေ ဖြင့် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ အနေဖြင့် ဘက်စုံသုံးဘေးဒဏ်ခံအဆောက်အအုံ ၂၆ လုံးကို ရခိုင်ပြည်နယ်တွင် တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ လတ်တလောဖြစ်ပွားသော တိုက်ပွဲ ရှောင်ပြည်သူများအတွက်လည်း ရရှိသောစာရင်းများအရ ထောက်ပံ့မှုများ အပြည့်အဝပေးလျက်ရှိပြီး လိုအပ်ချက်အရ ပြည့်စုံအောင်ဆက်လက် ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း၊ တိုက်ပွဲရှောင်ဒေသခံပြည်သူများနှင့်ပတ်သက်၍ အလေးအနက်အာရုံထားပြီး ဆောင်ရွက်လျက်ရှိရာ လိုအပ်ချက်များရှိပါက အချိန်မဆိုင်းဘဲ ဝန်ကြီးဌာန၏ ၂၄ နာရီအရေးပေါ်ဖုန်းနံပါတ်များဖြစ်သော ၀၆၇ ၃၄၀၄၆၆၆၊ ၀၆၇ ၃၄၀၄၇၇၇ များကိုဆက်သွယ် အကူအညီတောင်းခံနိုင် ပါကြောင်း ပြောကြားသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် မအီမြို့ ရတနာ့မာန်အောင် တောရကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ရှိဘုန်းတော်ကြီးများအားဖူးမြော်ကာ သင်္ကန်းနှင့် အလှူငွေများ လှူဒါန်းကြပြီး လောကမဉ္ဇူစေတီတော်မြတ်အား သွားရောက် ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ယနေ့ ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့နှင့် မအီမြို့များ အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မိခင်ဝိုင်းများအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၅၈၄၁၃၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လားရှိုး၌ ဝက်သက်ရောဂါဟု သံသယဖြစ်သူ ၁၇ ဦးတွေ့ရှိ ရောဂါကာကွယ်ဆေးများ အချိန်မီထိုးနှံပြီးစီး

**လားရှိုး ဖေဖော်ဝါရီ ၉**

လားရှိုးမြို့ အမှတ်(၇)ရပ်ကွက်၌ ဝက်သက်ရောဂါဟု ယူဆရသည့် ရောဂါများဖြစ်ပွားနေကြောင်း သိရှိရ၍ ဖေဖော်ဝါရီ ၄ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

အမှတ်(၇)(၈)(၉)ရပ်ကွက်နှင့်ဂျမိုင်ရွာတို့တွင် ဝက်သက်ရောဂါဟု ပြင်ပလက္ခဏာများဖြင့် ခန့်မှန်းရသူ အသက် ၁၀ နှစ်၊ ၁၁ နှစ်ခန့်အရွယ် ကလေးငယ် စုစုပေါင်း ၁၇ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

လားရှိုးမြို့သည် ရပ်ကွက် ၁၂ ရပ်ကွက် ရှိနေပြီး ယခုဝက်သက်ရောဂါဟု ခန့်မှန်းတွေ့ရှိရသောနေရာများမှ ရပ်ကွက်(၇)နှင့် ဆက်စပ်တည်ရှိသော ဂျမိုင်ရွာ၌ စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ခေတ္တပြည်နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းသန်းဦးနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးနိုင်တို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိနေပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကွင်းဆင်းလျက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ပရဟိတကျောင်းများ၊ စစ်ရှောင်စခန်းများ၊ မိဘမဲ့ဂေဟာများသို့လည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဟန်ဒွေး(လားရှိုး)**



# တာမွေမြို့နယ်တွင် မြို့ပြအင်္ဂါရပ်နှင့် မညီညွတ်သည့် ရှုပ်ထွေးဆားဇစ်ဝါယာကြိုးများ ရှင်းလင်းဖယ်ရှား

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှု နည်းပါးလာစေရန်အတွက် မြို့ပြအင်္ဂါရပ်နှင့် မညီညွတ်သည့် ရှုပ်ထွေးဆားဇစ်ဝါယာကြိုးများအား ရှင်းလင်းခြင်း၊ အသစ်လဲလှယ်ခြင်း၊ ဓာတ်အားဖြန့်ခွဲပုံးများတပ်ဆင်ခြင်း လုပ်ငန်းများကို ပြည်သူပါဝင်မှုဖြင့် လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ သိရသည်။

**အမြန်ဆုံးဆောင်ရွက်**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း တာမွေမြို့နယ်မှ လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးမိုးက “ဌာနကလည်းအများကြီး ပံ့ပိုးပေးပါတယ်၊ လမ်းသူလမ်းသားတွေကလည်း ပူးပေါင်းပါဝင်ကြတယ်၊ စည်းရုံးလို့မရသေးတဲ့ လမ်းတွေလည်းရှိပါတယ်။ လမ်းမကြီးတွေ လုပ်ပေးဖို့ရှိပါတယ်။ဒါတွေကလည်း ပြည်သူပါဝင်ရင် ပါဝင်သလောက်အမြန်ဆုံး ဆောင်ရွက်နိုင်မှာပါ”ဟု ပြောသည်။

ဖေဖော်ဝါရီ ၈ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ မလ္လကုန်းလမ်းတွင်လည်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများနှင့် လမ်းသူလမ်းသားများ ပူးပေါင်းကာ ရှုပ်ထွေးဆားဇစ်ဝါယာကြိုးများ ရှင်းလင်းခြင်း၊ ဓာတ်အားဖြန့်ခွဲပုံးများ တပ်ဆင်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ်တွင်လည်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး အရှေ့ပိုင်းခရိုင်တွင်ပါဝင်သည့် တာမွေမြို့နယ်သည် ၂၀၁၇ ခုနှစ် ဇူလိုင်လမှစ၍ ပြည်သူပါဝင်သော လျှပ်စစ်ပြုပြင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးယဉ်မိုးထံမှ သိရသည်။

**သီသီမင်း**

# စောင်ဖြူ စောင်ကျား ထွေးလို့မလုံ မေတ္တာခြုံမှလုံ

ကိုရင်ဩ

'မည်သည့်နိုင်ငံရေး 'ချောင်း'ကို သူတို့ သီဆိုကျူးရင့်ကြပါမည်နည်း'' ဟူသော အမေးပုစ္ဆာတစ်ပုဒ်သည် ယခုရက်ပိုင်းအတွင်း ကမ္ဘာတစ်ခွင် လေတင်လေအောက်သို့ ပျံ့နှံ့ခဲ့၏။ အကြောင်းမူကား ကျွန်ုပ်တို့၏ အရှေ့တိုင်းဒေသမှ ခေါင်းဆောင်ကြီးတစ်ဦးနှင့် အနောက်တိုင်းဒေသမှ ခေါင်းဆောင်ကြီးတစ်ဦးတို့ 'သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်မွှေ့'ဘိအလား တူနှစ်ကိုယ်တွေ့ဆုံကာ ဆွေးနွေးနှီးနှော ဖလှယ်ကြမည်ဆိုသော ပျစ်ပျစ်နှစ်နှစ် ရှိလှသည့်သတင်းကောင်းတစ်ပုဒ်က ကမ္ဘာကို သဲသဲလှုပ်လှုပ် ဖြစ်စေခဲ့သောကြောင့်ပါပေတည်း။

အမေရိကန်ပြည်သူတို့အား ရင်တလှပ်လှပ်ခုန်စေခဲ့သော မိန့်ခွန်းတစ်ရပ်ကို ကွန်ဂရက်လွှတ်တော်ရှေ့မှောက်တွင် လွန်လေပြီးသော ဖေဖော်ဝါရီ ၅ ရက်က အားမာန်ပါပါ မြွက်ကြားခဲ့ရာတွင် သူနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ ယခုလကုန်တွင် တူနှစ်ကိုယ်တွေ့ဆုံ ဆွေးနွေးကြလိမ့်မည်ဟု ဖွင့်ဟကြေညာခဲ့ရာ ကမ္ဘာ့လေတင်လေအောက် နိုင်ငံအဝှမ်းတို့မှာ ထီးမူနန်းဟန်ဆန်လှသည့် ထိပ်သီးဆွေးနွေးပွဲကြီးတစ်ခုကို တွေ့မြင်ကြရတော့ပေအံ့ဟူ၍ တွေးတောမိကြရင်း 'ချစ်စကိုရှည်စေ မုန်းစကိုတိုစေ'မည့် ကမ္ဘာကျော် ဆွေးနွေးပွဲကြီး အောင်မြင်ပါစေကြောင်း ဆုတောင်းအခါခါပြုမိကြတန်ကောင်း၏ဟု ကျွန်ုပ်တွေးတောမိ၏။

'လူ့သဘောကို လိုက်လျောညီထွေ ကျင့်တတ်စေလော့'ဟူသော သံတမန်ရေးနည်းလမ်းနှင့်အညီအညွတ် ဖြစ်စေလျက် ဖြစ်ပေါ်နေဆဲ ပဋိပက္ခကို ရင်ကြားစေ့ ဆွေးနွေးကြရန် အောင်လံထူ တာစူလိုက်သူနှစ်ဦးသည်ကား သမ္မတ ထရန့်နှင့် ခေါင်းဆောင်ကြီး ကင်တို့ဖြစ်ကြကုန်၏။ 'ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ်'ဟူသော နီတိစကားကို နားဝယ်ကြားရဘိအလား ချစ်ခင်တုန်း အမုန်းစကားမဆိုအပ်ရာ ဟူသော ပြယုဂ်ကို သူတို့နှစ်ဦးသား ကမ္ဘာကို အထင်အရှား ပြသကြလတ္တံ့။

**'နတ်ဒိုး'ပမာ**

လွန်ခဲ့ပြီးသောနှစ် ဇွန်လ ၁၂ ရက်က စင်ကာပူကျွန်းနိုင်ငံငယ်လေးသို့ ရွှေညှော်သည်တော်ကြီးများအဖြစ် ရောက်ရှိခဲ့ကြသော သမ္မတထရန့်နှင့် ခေါင်းဆောင်ကြီးကင်တို့သည် ယခုတစ်ကြိမ်တွင် ကျွန်ုပ်တို့၏ သာယာရှုမငြီးဖွယ်ရာ အရှေ့တောင်အာရှဒေသရှိ သမိုင်းအစဉ်အလာကြီးမားလှသော ဗီယက်နမ်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက်တို့တွင် တွေ့ဆုံဆွေးနွေးပါမည်ဟု အမေရိကန်ခေါင်းဆောင်ကြီးက နိုင်ငံတော်အခြေပြုမိန့်ခွန်းမြွက်ကြားရာတွင် နားဝင်ပီယံ (ဝါ) နားဝင်ချိုစွာ ကြေညာခဲ့ခြင်းသည်ကား ကမ္ဘာသူ ကမ္ဘာသားတို့ကို 'နတ်ဒိုး'ပမာ လှုပ်လှုပ်ရွရွ ဖြစ်စေခဲ့သည်ဟု ကျွန်ုပ်ရှုမြင်မိသည်။ နောက်ဆုံးပိတ် အိတ်နှင့်လွယ်မည့် ဆွေးနွေးပွဲကြီးဖြစ်တန်ခြေမရှိသေးသော်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် 'နတ်ကြောင်းပေး'မည့် ဆွေးနွေးပွဲကြီး ဖြစ်တန်ကောင်း၏ဟု ကျွန်ုပ်ယူဆမိသည်။

**ကောင်းချီးပေး**

နှစ်နိုင်ငံအကြားတွင်ရော ဒေသဆိုင်ရာနိုင်ငံများကြားတွင်ပါ ပြုပ်ရှုပ်ရှုပ်(ဝါ) မချောမညက်ဖြစ်စေခဲ့သော အတိတ်ကာလ တင်းမာမှုများကို အသာအယာ ပြည်ဖုံးကားချလျက် စိတ်သစ်၊ ကိုယ်သစ်ဖြင့် ကမ္ဘာသစ်ကို တည်ဆောက်ကြအံ့ဟူ၍ စိတ်ဝယ်ရည်သန်နေကြသော သမ္မတထရန့် ခြေလှမ်းများသည်ကား အနာဂတ်ရေးအတွက် အမြော်အမြင်ကြီးမားလှသည့် ခြေလှမ်းပြင်မှုများအဖြစ် ဘုရားသခင်က ကောင်းချီးပေးပါလိမ့်မည်။

ကျင်းပလတ္တံ့သော 'ကန်'နှင့် 'မြောက်' ထိပ်သီးဆွေးနွေးပွဲကြီး၏ အနှစ်သာရမှာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ပါဝင်တည်ဆောက်ခြင်း သရုပ်သကန်ကို အဟုတ်မှန်စွာ ဆောင်ကြဉ်းပါလိမ့်မည်။ အကြောင်းမူကား ယင်းဆွေးနွေးပွဲသည် နျူကလီးယားလက်နက်ကင်းရှင်းသော ကိုရီးယားကျွန်းဆွယ်ဖြစ်စေရန် ကြိုးပမ်းကြမည်ဟူသော စင်ကာပူဆွေးနွေးပွဲ ကတိကဝတ်ကို ကိုင်စွဲကြလျက် လှေခွက်ချည်းကျန် အလံမလှဲ နှစ်ဦးသား ဆက်လက်ဆွေးနွေးကြမည့်ပွဲဖြစ်သောကြောင့်ပါပေတည်း။

စင်ကာပူနိုင်ငံသို့လာရောက်သည့် ကမ္ဘာလှည့်ခရီးသွားများ တစ်ခဏတာမျှ ကွန်းခိုရာ ဆန်တိုဆာကျွန်း (လူလုပ်ကျွန်း)၌ ကျင်းပခဲ့သော ထိပ်သီးဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ချစ်ကြည်ရေးမှသည် ကမ္ဘာ့ငြိမ်းချမ်းရေးသို့တိုင် ဦးတည်သည့် ရည်မှန်းချက်များကို သမ္မတထရန့်ကရော ခေါင်းဆောင်ကြီးကင်ကပါ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်ရလောက်အောင် နှုတ်မြွက်စကားများဖြင့် တိုင်တည်ပြသခဲ့ပြီးဖြစ်လေရာ ယခုတစ်ကြိမ် ထိပ်သီးဆွေးနွေးပွဲတွင်လည်း ကမ္ဘာကိုသွက်ချာလည်စေခဲ့သော နျူကလီးယားအရေး၊ ပဲ့ထိန်းဒုံးကျည်အရေးတို့ကို ရိုးသားသောသဘော၊ ဖြောင့်မတ်သောအယူတို့နှင့်အတူ ဆွေးနွေးကြစေလိုသည်မှာ ကမ္ဘာသူ ကမ္ဘာသားတို့၏ ဆန္ဒမွန်ဖြစ်ပေလိမ့်မည်။

ထရန့်နှင့် ကင်တို့အကြား အပြုသဘောဆောင်မှုဖြင့် စင်ကာပူ၌ တွေ့ဆုံဆွေးနွေးခဲ့ကြလင့်ကစား တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား အကြိတ်အခဲ အစိုင်အခဲကြီးမားစွာ ထီးထီးမားမားတည်ရှိနေသော ပြဿနာများဖြစ်သဖြင့် စင်ကာပူထိပ်သီးဆွေးနွေးပွဲမှာ တိုးတက်မှုလက္ခဏာကို ဖော်ကျူးသည့်တိုင် နျူကလီးယားအရေးနှင့် ပဲ့ထိန်းဒုံးကျည်အရေးတို့နှင့်ပတ်သက်၍ ဇာတ်ရည်လည်ခြင်းမရှိဘဲ ပြီးဆုံးခဲ့ရ၏။ မည်သို့ပင်ဆိုစေ လက်နက်အရေးမှာ ဘဝင်မအေးနိုင်အောင် ရှိနေကြရဆဲဖြစ်ပြီးလျှင် ယင်းဆွေးနွေးပွဲတွင် လက်နက်အရေးနှင့်ပတ်သက်၍ တိတိရိရိ ဆုံးဖြတ်ချက်ချမှတ်နိုင်ခြင်းငှာ မစွမ်းသာခဲ့လေပြီ။

ပစ္စက္ခကာလတွင်မူ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ပဲ့ထိန်းဒုံးအစီအစဉ်များ အားကောင်းမောင်းသန်ဖြစ်နေဆဲဟု အမေရိကန်၏ စစ်ရေးနှင့် နိုင်ငံရေး သုခမိန် (ဝါ) ပညာရှင်တို့က ယူဆနေကြဆဲဖြစ်သည်ဟု ကျွန်ုပ်မှတ်သားရ၏။ အမေရိကန်နှင့်တကွ ကမ္ဘာ့နိုင်ငံများမှ ပြည်သူများက ကိုရီးယားကျွန်းဆွယ် ငြိမ်းအေးသာယာပြီး သတ္တန္တရကပ်ဆိုးကြီး မကျရောက်ဖို့ အထူးတလည် လိုလားကြမည်ကား အမှန်ပင်ဖြစ်၏။

အကယ်တန္တု နျူကလီးယား လက်နက်ဘေးဆိုးကြီးသည် ဇယော်ဇယ(ဝါ) တော်စွလျော်စွ ပြဿနာမဟုတ်၊ ကမ္ဘာနှင့်ချီ၍ အရေးပါလှသည့်ပြဿနာဖြစ်ပြီးလျှင် နိုင်ငံ့ခေါင်းဆောင်ကြီးတို့က သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ လုပ်ဆောင်ခြင်းမရှိပါလျှင် ကမ္ဘာကြီးကို တစ်မုဟုတ်ချင်း ဖောက်ထိုးကျွမ်းပြန် ဖြစ်စေနိုင်သော အရေးကိစ္စ မဟုတ်တုံလော။

'အကြောင်းရှာတော့ ခေါင်းမှာချာချာလည်' ဟူဘိသို့ပင် ပြဿနာ၏ဇာစ်မြစ်ကို တွေးဆကြည့်မြင်မိလေသော် ရေခဲတောင်ပမာ ရေအောက်၌ ငုပ်လျှိုးနေသော မမြင်ရသည့် အစိုင်အခဲကြီးကို ဆန်းစစ်လေ့လာကြည့်ကြဖို့လိုသည်။

**ဗီယက်နမ်တဲ့ဟေ့**

ကမ္ဘာနှင့်ချီကာ ရတက်မအေးကြရသော နျူကလီးယားနှင့်ဒုံးလက်နက်ပြဿနာမှာ မဖြေရှင်းနိုင်လျှင် အကျယ်အကျယ် မငြိမ်းဖွယ်ရာ ပူစပ်ပူလောင်ပြဿနာဖြစ်ပြီးလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ကျီစယ်ကလူ ပြုလျက်ရှိ၏။ 'ပေါ့စေလို၍ ကြောင်ရုပ်ထိုး ဆေးအတွက်လေး' စေခဲ့သည်မှာ နျူကလီးယား လက်နက်ဟု ကျွန်ုပ်တွေးဆမိပြီးလျှင် ပဒိုင်းသီးလို ဆုပ်စူးစားရူး ဖြစ်ကြရချေပြီ။

ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်လှသည့်ခေတ်ကြီးထဲ 'ငါနှင့်မတူ ငါ့ရန်သူ' ဟူသော မူဝါဒကို ကိုင်စွဲနေကြမည်ဆိုပါလျှင် ကျွန်ုပ်တို့၏ ကမ္ဘာကြီးအဘယ်မှာ အစဉ်ငြိမ်းချမ်းနိုင်ပါမည်နည်း။

'မုန်းခြင်း၊ ချစ်ခြင်း နှစ်မျိုး၌ စိတ်သာလျှင် အဓိက' ဟူဘိသို့ပင် တစ်ချိန်တစ်ခါက မဟာရန်သူတော်ကြီးဖြစ်ခဲ့သော ဗီယက်နမ်နှင့် အမေရိကန်တို့၏ သမိုင်းဝင်စစ်ပွဲကြီးဖြစ်တည်ရာ ကာလအတွင်း စစ်တလင်းဖြစ်ခဲ့ရသည့် ဗီယက်နမ်နိုင်ငံသည်ကား ယနေ့အခါကာလတွင် ငြိမ်းချမ်းရေးကို လှမ်းလင့်ကြိုနေသောနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပေရာ ဗီယက်နမ်နိုင်ငံသားတို့အတွက် ကျွန်ုပ်ဂုဏ်ယူမိ၏။

ထရန့်နှင့် ကင်တို့၏ ဒုတိယမွိ ထိပ်သီးဆွေးနွေးပွဲကြီးကို မည်သည့်နိုင်ငံ၌ ကျင်းပပါမည်လောဟု တွေးတော ငေးမောနေကြချိန်တွင် ခေါင်းဆောင်ကြီးနှစ်ဦးစလုံးတို့က ဗီယက်နမ်ကို ရွေးချယ်ခဲ့ကြရာ 'ဗီယက်နမ်တဲ့ဟေ့'ဟု အကြင်နိုင်ငံသားတို့ ဂုဏ်ယူဝင့်ကြွားကြပေလိမ့်မည်။

ထိပ်သီးဆွေးနွေးပွဲကျင်းပမည့်နိုင်ငံအဖြစ် ဗီယက်နမ်ကို ရွေးချယ်ခြင်းမှာ ပဋိပက္ခများကို စေ့ငုအဖြေရှာရန် သက်သက်မျှသာမဟုတ်၊ မိမိတို့၏နိုင်ငံများအကြား မိတ်ဖက်ပြု ဆောင်ရွက်ရေးကိုပါ ဦးတည်သည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ကြေညာခဲ့ရာ 'အချစ်ကို အချစ်ဖြင့်သာ အောင်နိုင်ရာ၏' ဟူသော ပညာရှိ စကားတစ်ခွန်းကို ကျွန်ုပ်ပြန်လည်ကြားယောင်မိ၏။

**နာစရာရှိလျှင် လွမ်းစရာနှင့်ဖြေ**

မြောက်ကိုရီးယားဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် စတီဗင်ဘေဂွန်သည် မြောက်ကိုရီးယားမြို့တော် ပြုံယမ်းသို့ရောက်ရှိလာပြီး ထိပ်သီးဆွေးနွေးပွဲကြီးအတွက် ပြင်ဆင်နေပြီဆိုသော သတင်းစကားကို ကျွန်ုပ်ကြားမိရသောအခါ နာစရာရှိလျှင် လွမ်းစရာနှင့်ဖြေကြရသည့် အသွင်အပြင်ကို ကျွန်ုပ်ပြေးမြင်မိပြန်သည်။

ယနေ့ကာလတွင် ဗီယက်နမ်နိုင်ငံမှာ ကမ္ဘာတစ်လွှားရှိ အထင်ကရနိုင်ငံများအားလုံးနှင့် ဆက်ဆံရေးကောင်းမွန်စေရန် အပတ်တကုတ် လုံ့လဥဿဟပြုနေသောနိုင်ငံဖြစ်ပြီးလျှင် ရန်သူတော်ဟောင်း နိုင်ငံကြီးများအကြား ရင်ကြားစေ့ တွေ့ဆုံဆွေးနွေးနိုင်ရန် ရွှေလက်ဖြင့်ဖိတ်ခေါ်လိုက်ခြင်းဖြစ်၏။ ယခုကဲ့သို့ ကန်နှင့်မြောက် ထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးခြင်းဖြင့် ယင်းနိုင်ငံအနေဖြင့် ကမ္ဘာကြီးအတွက် လစ်ဟာနေသော အရိပ်အာဝါသတည်းဟူသော ငြိမ်းချမ်းခြင်းတရားကိုပေးစွမ်းနိုင်ရန် ဆောင်ကြဉ်းပေးနိုင်မည်ဟု ကျွန်ုပ်တွေးတောမိရင်း ''စောင်ဖြူ စောင်ကျား ထွေးလို့ မလုံ မေတ္တာခြုံမှ လုံ''ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။



● စည်းကမ်းကို အုတ်မြစ်ချသည့် စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
၂၀၁၉-၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော . . .
UEC
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG မှ တက္ကသိုလ်ဝင်တန်းထိ
အဆင့်မြင့်ဘော်ဒါ နှင့် DAY CAMP
အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-Con တပ် အိပ်ခန်းများနှင့် စာသင်ခန်းများထားရှိသည်။
DAY CAMP - (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ မေးခွန်းဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
ရှေ့လတန်း၊ အလယ်တန်း - English 4 - skills၊ ဝန်ချီ၊ တွန်မူစာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။
■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာရရှိမည်။ (ကျောင်းကားရှိသည်။)
■ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။
ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 7800 20647 , 09 7938 93725,09 7938 93726 ,09 5157988
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B)၊ စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● မြေအမှတ် (၄)၊ စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

# ပထမအကြိမ် ကင်းထောက်ငယ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် ထိုင်းနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ Brainworks Total ကျောင်း၏ ပံ့ပိုးကူညီမှုဖြင့် ကင်းထောက်ငယ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက သဃ်န်းကျွန်းမြို့နယ်ရှိ Brainworks Total ကျောင်းသင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ကင်းထောက်ငယ်သင်တန်းတွင် ထိုင်းနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ သင်တန်းနည်းပြလေးဦး၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ တက္ကသိုလ် ကင်းထောက်လူငယ်များက ကင်းထောက်ငယ်များ ဖွဲ့စည်းခြင်း ရည်ရွယ်ချက်၊ ဦးတည်ချက်များ၊ ကတိ၊ ကျင့်ဝတ်၊ အလေးပြု နှုတ်ဆက်နည်းများ၊ စုပေါင်းလှုပ်ရှားသည့် တေးသီချင်းသီဆို ကစားနည်းများ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းသို့ အသက် ခြောက်နှစ်မှ ၁၁ နှစ်ရှိ ကျောင်းသား ၅၂ ဦး၊ ကျောင်းသူ ၂၂ ဦးတို့ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကာ မြန်မာနိုင်ငံတွင် မူလတန်းအရွယ် ကလေးငယ်များ မိမိကိုယ်ကိုအားကိုးပြီး ယုံကြည်မှုအပြည့်ဖြင့် သူတစ်ပါးအပေါ် ကူညီတတ်သော စိတ်ရှိရန်နှင့် ပျော်ရွှင်ခြင်းနှင့် စွန့်စားမှုကို နှစ်သက်စေရန် ရည်ရွယ်သည့် လူငယ်လေးများအဖြစ် အရွယ်ရောက်လာစေရန်အတွက် စီစဉ်လျက်ရှိကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် Brainworks Total ကျောင်းအုပ်ကြီး Mr. Mohan က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီ ဒုတိယဥက္ကဋ္ဌ Dr.Somboon Bunyasiri၊ ထိုင်းနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ အမျိုးသားကောင်စီဝင် Mr.Sommart Sungkapun နှင့် အပြည်ပြည်ဆိုင်ရာ ကော်မရှင်နာ Mr. Pansak Ransibrahmanakul တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းသား ကင်းထောက်ငယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



**သတင်းစဉ်**



# နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးမှ ကျေးရွာများသို့ အခမဲ့ကွင်းဆင်းကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးမှ တိုင်းရင်းဆေးဝန်ထမ်းများသည် ယနေ့ နံနက် ၉ နာရီက ဇေယျာသီရိမြို့နယ် ရှမ်းရွာတွင် အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမော်နှင့် တိုင်းရင်းဆေးဝန်ထမ်း ၁၂ ဦးတို့က ရှမ်းရွာဒေသခံများအား သွေးတိုး၊ လေငန်း၊ ကလေးသူငယ်နာ၊ အနာပေါက်၊ အရိုးအဆစ်၊ ကျိုးပေါင်း စသည့် ဝေဒနာများကို အခမဲ့စမ်းသပ်ကုသပေးပြီး ဆေးရုံတက်ရောက်ရမည့်လူနာများကို ညွှန်ပို့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

# တက္ကသိုလ်များတွင် ကရာတေးသင်တန်းများဖွင့်

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီက ဦးဆောင်၍ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးသူနာပြုတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောက်ဆည်နည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်(ဒဟတ္တော)တို့တွင် ကရာတေးအခြေခံသင်တန်းများကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် အောင်မြင်စွာဖွင့်လှစ်ခဲ့သည်။

ယခုနှစ်ကုန်ပိုင်းတွင် မန္တလေးတက္ကသိုလ်များ ကရာတေးပြိုင်ပွဲကို စတင်ကျင်းပနိုင်ရန်နှင့် နောင်နှစ်များတွင် တက္ကသိုလ်များ ဖိတ်ခေါ်ကရာတေးပြိုင်ပွဲများကို ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြောင်းလည်း သိရသည်။

၂၀၁၈ ခုနှစ် (၁၉)ကြိမ်မြောက် Asian University Game (နေပြည်တော်) ပြိုင်ပွဲ၌ မြန်မာနိုင်ငံ တက္ကသိုလ်များ ကရာတေးလက်ရွေးစင်အသင်းသည် ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်ငါးခုဖြင့် နိုင်ငံအလိုက် ပထမအဆင့် ရရှိခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို) တွင် စာပေဟောပြောပွဲနှင့် စာအုပ်စာပေများ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)အတွင်းရှိ လူငယ်များ စိတ်ဓာတ်ခွန်အားမြှင့်တင်ရေးအတွက် စာပေဟောပြောပွဲနှင့် စာအုပ်စာပေများ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါအကျဉ်းထောင်၌ ကျင်းပသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ အကြီးကိုကို (ကသာ)က "စာဖတ်ခြင်းသည် လူသားအရင်းအမြစ် တည်ဆောက်ခြင်းဖြစ်သည်" ဟူသည့် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါစာပေဟောပြောပွဲနှင့်ပတ်သက်ပြီး မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)မှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက "စာရေးဆရာ အကြီးကိုကိုအနေနဲ့ စိတ်ဓာတ်ခွန်အားဖြစ်စေမယ့် စကားတွေအပြင် ကလေးတွေအတွက် စာအုပ်တွေ လှူဒါန်းပေးပြီး စိတ်ရွှင်လန်းအောင်၊ စာဖတ်ချင်စိတ်တွေ ဖြစ်ပေါ်လာအောင် စာရေးဆရာနဲ့ ကလေးတွေ မေးခွန်းတွေမေးကြ၊ ဖြေကြရင်း စာအုပ်တွေ မဲဖောက်ပေးတယ်။ ဒါတွေဟာ ကလေးတွေအတွက် အလင်းပြလိုက်သလိုပါပဲ"ဟု ပြောသည်။

ထို့နောက် လူငယ်များအတွက် အသိပညာဗဟုသုတများ တိုးပွားစေမည့်



သုတ၊ ရသစာအုပ်မျိုးစုံ ၁၁၀ ကို ပေးအပ်လှူဒါန်းရာ ထောင်ပိုင်ကြီး ဦးဝင်းချိုထွန်းက လက်ခံရယူသည်။

**မောင်မွှေး**

**❍ မြန်မာ ယူ-၂၂ မှ**

MNL ပွဲစဉ် (၄)ဖြစ်သည့် ရတနာပုံ-မကွေးပွဲတွင် ဒူးဒဏ်ရာရခဲ့ခြင်းဖြစ်ပြီး စိုးလွင်လွင်နှင့် ချမ်းငြိမ်းတို့ကို အားဖြည့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် အပြီးသတ်ကစားသမားများ ရွေးချယ်ရန် ကစားသမားများ၏ ခြေစွမ်းအား စောင့်ကြည့်လျက်ရှိပြီး ခြေစမ်းပွဲကစားပြီးပါက လျှော့ချမည်ဖြစ်သည်။ ခြေစမ်းပွဲကစားမည့် ရောဝတီအသင်းမှာလည်း ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

ယခုပြိုင်ပွဲမှာ မြန်မာ ယူ-၂၂ အသင်း၏ ၂၀၁၉ ခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအနက် ပထမဆုံးပြိုင်ပွဲဖြစ်ပြီး မတ်လတွင် အာရှ ယူ-၂၃ ခြေစစ်ပွဲ၊ နိုဝင်ဘာလတွင် အကြိမ် (၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

ARYU INTERNATIONAL HOSPITAL
GLOBAL CARE within reach

အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၏
ဝန်ဆောင်မှုနှင့် အထောက်အပံ့များ

- ထိုင်းနိုင်ငံ၏အယုံကြည်စိတ်ချရဆုံးဖြစ်သော ဓာတ်ခွဲခန်းဆိုင်ရာနည်းပညာဝန်ဆောင်မှုနှင့် အထောက်အပံ့ပစ္စည်းများ
- သေချာစွာလေ့ကျင့်သင်ကြားထားသော ဓာတ်ခွဲခန်းဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများရှိခြင်း
- ခမ်းနားသေသပ်လှပသော ဧည့်နားနေခန်းမ
- ထူးခြားသာလွန်ကောင်းမွန်၍ သက်သောင့်သက်သာရှိသော အတွင်းလူနာခန်းများ
- တစ်နေရာတည်းပြီးပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုစင်တာ
- ပင်မဆေးရုံအဆောက်အဦနှင့် တိုက်ရိုက်ဆက်သွယ်ထားသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
- ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် ပိုမိုတိကျသေချာသော ရောဂါအဖြေများအားသိရှိနိုင်ခြင်း
- အတွေ့အကြုံများစွာရှိသည့် အထူးကုသမားတော်ကြီးများမှ စမ်းသပ်စစ်ဆေးကုသပေးခြင်း

ပြင်ပလူနာဌာနတွင် အောက်ပါရောဂါအမျိုးမျိုးတို့အား စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိပါသည်

- နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများ
- ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ
- အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ
- အသည်းရောဂါအမျိုးမျိုး
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါများ
- သားဖွားနှင့်မီးယပ်ရောဂါများ
- ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
- အရေပြားရောဂါဆိုင်ရာရောဂါအမျိုးမျိုး
- ကလေးအထွေထွေရောဂါများ
- အထွေထွေရောဂါအမျိုးမျိုးတို့အား ခွဲစိတ်ကုသခြင်းနှင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
(၀၁) ၉၃၇ ၆၂၀၀
www.aryuhospital.com

# ရွေးကောက်ပွဲတွင် မင်းသမီး အူဘိုလာတာနာ ဝင်ရောက်ယှဉ်ပြိုင်မည်ကို ထိုင်းဘုရင် ကန့်ကွက်






**ဗန်ကောက် ဖေဖော်ဝါရီ ၉**

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ မဟာမိတ် ထိုင်းရတ်စာချက်ပါတီက ထိုင်းဘုရင်၏ အစ်မတော် မင်းသမီး အူဘိုလာတာနာအား ဝန်ကြီးချုပ်ရာထူးနေရာအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် နာမည်စာရင်းတင်သွင်းထားမှုကို ယနေ့ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

**ပြန်လည်ရုပ်သိမ်း**

မင်းသမီး အူဘိုလာတာနာအနေဖြင့် ဝန်ကြီးချုပ်ရာထူးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမှုကို ထိုင်းဘုရင် မဟာဗဇိရာလောင်ကွန်းက ကန့်ကွက်ခဲ့သဖြင့် ထိုင်းရတ်စာချက်ပါတီက ၎င်း၏ အမည်စာရင်းတင်သွင်းမှုကို ပြန်လည်ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်။

**သင့်မြတ်မှုမရှိ**

ထိုင်းနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်ဖြင့် အုပ်ချုပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ဘုရင်မင်းမြတ်အနေဖြင့် ရွေးကောက်ပွဲအပေါ် ထင်ဟပ်စေမည့် နိုင်ငံရေးနှင့်သက်ဆိုင်သော မည်သည့်လုပ်ဆောင်ချက်ကိုမဆို လုပ်ဆောင်ရန် သင့်မြတ်မှုမရှိပါကြောင်းနှင့် မင်းသမီး အူဘိုလာတာနာအနေဖြင့် ဝန်ကြီးချုပ်ရာထူးနေရာအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းသည် ထိုင်းဘုရင်မင်းမြတ်၏ထောက်ခံမှုကို ရရှိပြီးဖြစ်သည်ဆိုသည့် အဓိပ္ပာယ်ကို သက်ရောက်စေပါကြောင်း ထိုင်းဘုရင်၏ ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

ထို့ပြင် ထိုင်းတော်ဝင်မိသားစုအနေဖြင့် နိုင်ငံရေးအရ ကြားနေဝါဒကိုသာ ကျင့်သုံးသင့်သည်ဟု ယုံကြည်ပါကြောင်း ထိုင်းဘုရင် မဟာဗဇိရာလောင်ကွန်းက ဆိုသည်။

ထိုင်းနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို မတ် ၂၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ ထိပ်သီးဆွေးနွေးပွဲ ဟနွိုင်းမြို့တွင် ကျင်းပမည်



**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးမှုကို ယခုလကုန်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ မြို့တော် ဟနွိုင်းမြို့၌ ပြုလုပ်မည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြောကြားမည်ဟု အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ယခု ရက်သတ္တပတ်အတွင်း အမေရိကန် သံတမန်တစ်ဦး မြောက်ကိုရီးယားသို့ သွားရောက်ပြီးနောက်တွင် ယင်းကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အမေရိကန်သံတမန်သည် မြောက်ကိုရီးယားမှ ၎င်းနှင့်အဆင့်တူ သံတမန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယခင်တွေ့ဆုံဆွေးနွေးမှုမှာ အလွန်အကျိုးရှိကြောင်း သမ္မတထရန့်က ပြောကြားခဲ့ပြီး မြောက်ကိုရီးယား ခေါင်းဆောင်နှင့် ပြုလုပ်မည့် ထိပ်သီးအစည်းအဝေးသည် ငြိမ်းချမ်းရေးအတွက် တိုးတက်မှုများ ရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း သမ္မတထရန့်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့် အစဉ်အလာအရ ကောင်းမွန်သော ဆက်ဆံရေးရှိသည့် နိုင်ငံဖြစ်ပြီး ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက် ဆယ်စုနှစ်အတန်ကြာအထိ အမေရိကန်ပြည်ထောင်စုနှင့် တင်းမာမှုများရှိခဲ့ပြီး အမေရိကန်နှင့် တရားဝင် သံတမန်ဆက်ဆံမှုများ ၁၉၉၅ ခုနှစ်တွင် ပြန်လည်ထူထောင်ခဲ့သည့် နိုင်ငံဖြစ်သည်။ ယင်းအခြေအနေ နှိုင်းယှဉ်ချက်များအရ အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးကျင်းပရန် ဗီယက်နမ်နိုင်ငံအား နှစ်နိုင်ငံစလုံးက ကြားနေအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက ထိပ်သီးအစည်းအဝေးကို ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်းတွင် ကျင်းပရန် ဆန္ဒရှိသော်လည်း အမေရိကန်ဘက်ကမူ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းမှ အပန်းဖြေစခန်းဖြစ်သည့် ဒါနန်းမြို့တွင် ကျင်းပရန် ဆန္ဒရှိကြောင်း အမေရိကန်တာဝန်ရှိသူများက အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ရီယိုဒီဂျနေးရိုးမြို့ရှိ ဆင်းရဲသားရပ်ကွက်တွင် ရဲနှင့်မူးယစ်ဂိုဏ်းပစ်ခတ်မှုဖြစ်၍ ၁၄ ဦး သေဆုံး

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၉**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ ဆင်းရဲသားရပ်ကွက်တစ်ခုတွင် ဖေဖော်ဝါရီ ၈ ရက်က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူ ၁၄ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ရီယိုဒီဂျနေးရိုးမြို့လယ်ပိုင်း ဆန်တာတီရီဆာဒေသတွင် တည်ရှိသည့် ဖောလက် ဖိုဂူးတီရာရီရှိ ဆင်းရဲသားရပ်ကွက်တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး ယင်းနေရာသည် ရီယိုမြို့၏ သမိုင်းဝင် ဗဟိုဌာနနှင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်သည့် နေရာအချို့အနီးတွင် တည်ရှိသည်။

မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုသူများနှင့် ရဲတပ်ဖွဲ့ အထူးစစ်ဆင်ရေးဌာနချုပ်မှ တပ်ဖွဲ့ဝင်များအကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရီယိုရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းပစ်ခတ်မှုအတွင်း လူ ၁၄ ဦးသေဆုံးခဲ့ပြီး ယင်းသေဆုံးသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြခြင်းမရှိပေ။ သေဆုံးသွားသည့် မူးယစ်ဆေးရောင်းဝယ်သူများသည် ယင်းဆင်းရဲသား ရပ်ကွက်တွင်းမှ မူးယစ်ဆေးဂိုဏ်းဝင်များဟု သံသယရှိရပြီး တရားဝင် အတည်ပြုခြင်း မရှိသေးပေ။

အဓိကရုဏ်းထိန်းချုပ်ရေးတပ်ဖွဲ့၏ အကူအညီဖြင့် အဆိုပါဒေသတွင် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများအား နှိမ်နင်းသည့် စစ်ဆင်ရေးတစ်ရပ်ကို လုပ်ဆောင်ခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ ယင်းဒေသအတွင်းရှိ နေအိမ်တစ်အိမ်တွင် မူးယစ်ဆေးဝါး ရောင်းဝယ်သူများ စုရုံးနေကြောင်း အမည်မဖော်ပြသူတစ်ဦး၏ သတင်းပေးချက်ကို ရဲတပ်ဖွဲ့အရာရှိများက လက်ခံရရှိခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများထံမှ ရိုင်ဖယ်သေနတ်အချို့ လုပ်သေနတ်အချို့နှင့် လက်ပစ်ဗုံးများကို ရဲအဖွဲ့က သိမ်းဆည်းရမိခဲ့ပြီး ကျောင်းကားတစ်စီးဖြင့် ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းခဲ့သည့် မူးယစ်ဆေးဝါးရောင်းဝယ်သူသုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးပွဲ ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်နှင့် တရုတ် အဆင့်မြင့် တာဝန်ရှိသူများ၏ ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘက်လိုက်သီဇာနှင့် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မျူချင်တို့က လာမည့်ရက်သတ္တပတ်တွင် နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲတက်ရောက်ရန် ပေကျင်းမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ယနေ့ သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ရက် အစည်းအဝေးအတွက် ကြိုတင်စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်မည်ဖြစ်သည်။ အဆိုပါအစည်းအဝေးသို့ တက်ရောက်မည့် အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယကုန်သွယ်ရေးကိုယ်စားလှယ် ဂျက်ဖရီ ဂျာရစ်ချ်က ဦးဆောင်မည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် တရုတ်နိုင်ငံ၏ လက်ရှိကျင့်သုံးလျက်ရှိသည့် ကုန်သွယ်ရေးမူဝါဒကို အခြေခံကျစွာ ပြန်လည်ပြင်ဆင်နိုင်စေရန် အမေရိကန်ကုန်သွယ်ရေးဆိုင်ရာ တာဝန်ရှိသူများက ကြိုးပမ်းကြမည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

သို့သော် တရုတ်အစိုးရ၏ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှု မူပိုင်ခွင့်များ ချိုးဖောက်ခြင်းနှင့် နည်းပညာများ တရုတ်လုပ်ငန်းများသို့ အတင်းအကျပ် လွှဲပြောင်းခိုင်းစေမှုများနှင့်ပတ်သက်ပြီး နှစ်နိုင်ငံအစိုးရအနေဖြင့် ဆက်ဆံရေး အနည်းငယ်အေးစက်ခဲ့ရသည်။

မတ် ၁ ရက်မတိုင်မီ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုများ ထွက်ပေါ်လာခြင်းမရှိပါက တရုတ်သွင်းကုန်ပစ္စည်းများကို အမေရိကန်က စတင်အခွန်တိုးမြှင့်ကောက်ခံမည်ဖြစ်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က တရုတ်သွင်းကုန်ပစ္စည်းများ အခွန်တိုးမြှင့်ကောက်ခံရန် နောက်ဆုံးသတ်မှတ်ထားသည့်ရက်မတိုင်မီ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံရန် အစီအစဉ်မရှိသေးပါကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နျူကလီးယားဒုံးလက်နက် ဟန့်တားရေးစာချုပ်မှ အမေရိကန်နှင့် ရုရှားတို့ နုတ်ထွက်မည်ကို ဂျပန်ပြည်သူများ ဆန္ဒထုတ်ဖော်

**ကျိုတို ဖေဖော်ဝါရီ ၉**

ဂျပန်နိုင်ငံ နာဂါဆာကီငြိမ်းချမ်းရေးပန်းခြံ၌ နျူကလီးယားဗုံးဒဏ်သင့် အသက်ရှင်ကျန်ရစ်သူများအပါအဝင် ဂျပန်ပြည်သူများက အမေရိကန်နှင့် ရုရှားနိုင်ငံတို့၏ နျူကလီးယားလက်နက် ဟန့်တားရေးစာချုပ်မှ နုတ်ထွက်မည်ဆိုသည့် အစီအစဉ်များကို စိုးရိမ်ပူပန်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြ ခြင်းဖြစ်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

၁၉၈၇ ခုနှစ်တွင် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့ ချုပ်ဆိုထားခဲ့သည့် နျူကလီးယား ဒုံးလက်နက် ဟန့်တားရေးစာချုပ်ကို သဘောတူညီလက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါသဘောတူညီမှုသည် နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးဆွေးနွေးပွဲများအတွက် အထောက်အပံ့တစ်ခုဖြစ်ခဲ့သည်။

သို့သော် ယခုလအစောပိုင်းက အမေရိကန်နှင့်ရုရှားနိုင်ငံတို့သည် စာချုပ်မှ နုတ်ထွက်မည်ဟု အပြန်အလှန် ကြေညာခဲ့ကြသည်။

ထို့ကြောင့် ဖေဖော်ဝါရီ ၉ ရက်တွင် ပြည်သူပေါင်း ၈၀ ခန့်က နာဂါဆာကီ ငြိမ်းချမ်းရေးပန်းခြံ၌ တစ်နာရီကြာ ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာ့ပြည်သူ ပြည်သားများအနေဖြင့် နျူကလီးယားလက်နက်ဆိုးကြီး၏ အန္တရာယ်ကို ထပ်မံကြောက်ရွံ့ရတော့မည် ဖြစ်သည်ဟု ဆန္ဒထုတ်ဖော်ကြသည့် နျူကလီးယားဗုံးဒဏ်သင့် ပြည်သူများက ဆိုသည်။ ကမ္ဘာ့မြေပေါ်မှ နျူကလီးယားလက်နက်များ ကင်းစင်ပပျောက်သွားစေရန် ဆန္ဒထုတ်ဖော်မှုများ အဆက်မပြတ်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းတို့၏ ဆန္ဒထုတ်ဖော်မှုများကို အသိအမှတ်ပြုပေးရန်နှင့် ရင်တွင်းခံစားချက်များကို စာနာသနားညှာတာနိုင်ရန် နှစ်နိုင်ငံသံရုံးများသို့ ပေးစာများပေးပို့မည်ဖြစ်ကြောင်း ဆန္ဒထုတ်ဖော်သူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

## အနုပညာသတင်း



# ဂရမ်မီအတွက် ရင်ခုန်နေတဲ့ BTS

ဂရမ်မီဆုပေးပွဲမှာတော့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ "BTS" ပါဝင်တက်ရောက်သွားမှာဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ လတ်တလောမှာ ဆုပေးပွဲတက်ရောက်ဖို့ အဖွဲ့ဝင်တွေဟာ လော့စ်အိန်ဂျလိစ်ကို ထွက်ခွာသွားခဲ့ပြီဖြစ်ကာ ခရီးစဉ်တစ်လျှောက် သူတို့ရဲ့ရင်ခုန်သံတွေကို ပရိသတ်တွေသိရှိအောင် လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရကြောင်း စွန်ပီဒွေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လပေါင်းများစွာ ကြိုးစားခဲ့မှုရလဒ်တွေကြောင့် "BTS" ဟာ နောက်ဆုံးမှာတော့ အထင်ကရ တေးဂီတထူးချွန်ဆုပေးပွဲဖြစ်တဲ့ ဂရမ်မီဆုပေးပွဲရဲ့ ကော်ဇောနီပေါ် ပါဝင်လျှောက်လှမ်းခွင့်ရခဲ့ပြီဖြစ်ပါတယ်။ အဆိုပါကေပေါ့ပ်အဖွဲ့ဟာ ယခုနှစ်ဆုပေးပွဲမှာ ဆန်ခါတင်စာရင်းမဝင်ပေမယ့် ဆုပေးပွဲအခမ်းအနားကို တက်ရောက်သွားမှာ အသေအချာပင်ဖြစ်ကြောင်းလည်း သိရပါတယ်။ ယခုနှစ်ဆုပေးပွဲမှာ "BTS" အနေနဲ့ ထူးချွန်ဆုတက်ရောက်ချီးမြှင့်ပေးမယ့်သူအဖြစ် ပါဝင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီလို ဂရမ်မီဆုပေးပွဲမှာ တက်ရောက်ချီးမြှင့်ခွင့်ရတာဟာလည်း တောင်ကိုရီးယားကြယ်ပွင့်တွေအနက် "BTS" ဟာ ပထမဆုံးဖြစ်တယ်လို့လည်း သိရပါတယ်။

"BTS" အဖွဲ့ဝင်တွေဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၉ ရက်မှာ တောင်ကိုရီးယားကနေ ထွက်ခွာခဲ့တာ ဖြစ်ပါတယ်။ ခရီးစဉ်မှာ ရိုက်ကူးထားတဲ့ဓာတ်ပုံတွေကို အဖွဲ့ဝင်တွေက သူတို့ရဲ့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

**အေးပြည့်**

# ဆိုးရှားနဲ့ ရက်ရှ်ဖို့ဒ် ဇန်နဝါရီတစ်လတာ အကောင်းဆုံးဆုများ ဆွတ်ခူး

မန်ယူအသင်းရဲ့ယာယီနည်းပြ ဆိုးရှားနဲ့ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်တို့ဟာ ဇန်နဝါရီလရဲ့ တစ်လတာ အကောင်းဆုံးဆုကို ရရှိခဲ့ပါတယ်။ မန်ယူအသင်းအနေနဲ့ ဇန်နဝါရီလအတွင်းမှာ လေးပွဲကစားခဲ့ရာမှာ နယူးကာဆယ်အသင်း၊ စပါးအသင်းနဲ့ ဘရိုက်တန်အသင်းတို့နဲ့ ပွဲစဉ်တွေမှာ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပြီး ဘန်လေအသင်းနဲ့ပွဲစဉ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

အဲဒါကြောင့် မန်ယူအသင်းအတွက် အကောင်းဆုံး ရလဒ်ရရှိအောင် ကိုင်တွယ်နိုင်ခဲ့တဲ့ ယာယီနည်းပြ ဆိုးရှားဟာ တစ်လတာ အကောင်းဆုံးနည်းပြဆုကို ရရှိခဲ့တဲ့အပြင် ဇန်နဝါရီလအတွင်းမှာ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာလည်း အကောင်းဆုံးကစားသမားဆုကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။



အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ဇန်နဝါရီလအတွင်း လေးပွဲကစားပေးခဲ့ရာမှာ စပါးအသင်းနဲ့ ဘရိုက်တန်အသင်းတို့ကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်တွေအပါအဝင် သွင်းဂိုးသုံးဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

# ဖူလ်ဟမ်ကိုအနိုင်ရပြီး မန်ယူအသင်း အဆင့် ၄ နေရာတက်လှမ်း

မန်ယူအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၂၆ အဖြစ် ဖူလ်ဟမ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ခြင်းကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ အဆင့် ၄ နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ ဖူလ်ဟမ်အသင်းနဲ့ ပွဲစဉ်မှာ ၄-၃-၃ ကစားကွက်ကို အသုံးပြုကာ မာတာ၊ မာရှယ်၊ လူကာကူ၊ ဟာရဲရား၊ မာတစ်၊ ပေါ့ဘာ၊ လုခ်ရှော၊ ဖီးလ်ဂျုံးစ်၊ စမောလင်း၊ ဒါလော့တို့ကို ပွဲထွက်ကစားစေခဲ့ပါတယ်။



ဖူလ်ဟမ်အသင်းကတော့ မီထရိုဗစ်ကို အထောင်ထားပြီး ဇီယက်တို၊ ချမ်ဘာ၊ ချာလီ၊ ဆာရီ၊ ဘာဘယ်၊ အိုဒိုအီ၊ မာချန့်စတဲ့ ကစားသမားတွေကို အဓိကအားထားပြီး ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ပွဲကစားချိန် ၁၄ မိနစ်မှာ ပေါ့ဘာ၊ ၂၃ မိနစ်မှာ မာရှယ်နဲ့ ၆၅ မိနစ်မှာ ပင်နယ်တီသွင်းဂိုးကနေတစ်ဆင့် ပေါ့ဘာက သွင်းယူခဲ့တာကြောင့် သုံးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ လက်ရှိပရီမီယာလိဂ်ပွဲစဉ် ၂၆ ကစားအပြီးမှာ ရမှတ် ၅၁ မှတ်နဲ့ အမှတ်ပေးဇယားရဲ့ အဆင့် ၄ နေရာကို ရောက်ရှိလာခဲ့ပြီဖြစ်ပြီး အမှတ်ပေးဇယားအဆင့် ၃ နေရာက စပါးအသင်းနဲ့ ခြောက်မှတ်ကွာ၊ အမှတ်ပေးဇယားအဆင့် ၅ နေရာက ချယ်လ်ဆီးအသင်းနဲ့ တစ်မှတ်ကွာ အနေအထားကို ရောက်ရှိလာခဲ့ပါတယ်။

**ငွေကြယ် - ရေးသားသည်**



# ကော့ကရိတ်တွင် ယာဉ်/လမ်းစည်းကမ်း ပညာပေးဆိုင်းဘုတ်များ စိုက်ထူ



**ကော့ကရိတ် ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ရဲစခန်းလမ်းဆုံ မီးပွိုင့်ထောင့်တွင် ဖေဖော်ဝါရီ ၈ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနှင့် ပိုစတာဆိုင်းဘုတ်များ စိုက်ထူပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နိုင်နိုင်ထွန်းဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ကော့ကရိတ်မြို့မရဲစခန်းမှူး ဒုရဲမှူး ထူးအောင်ရွှေက မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သော ဆိုးကျိုးများ၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားရေးအတွက် အသိပညာပေးမှုများ၊ ဒုစရိုက်မှုများနှင့်ပတ်သက်၍ ဆက်သွယ်တိုင်ကြားနိုင်မည့် ဖုန်းနံပါတ်များနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# လမ်းမတော်မြို့နယ်တွင် ဂိမ်းလောင်းကစားဆိုင်အား ဖမ်းဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)မှုခင်းတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၆)မှုခင်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က လမ်းမတော်မြို့နယ် (၂)ရပ်ကွက် အနော်ရထာလမ်းနှင့် (၆)လမ်းတိုထောင့်ရှိ Avatar Game World ဆိုင်၌ တရားမဝင် ဂိမ်းလောင်းကစား ဖွင့်လှစ်လုပ်ကိုင်နေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်အတွင်း၌ ဂိမ်းလောင်းကစားဝိုင်း မန်နေဂျာဖြစ်သူ မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်ကျေးရွာနေ အိဖြူမြင့်ပါ ၁၄ ဦးနှင့် လောင်းကစားပြုလုပ်နေကြသူများဖြစ်သည့် ပေါ်လွင်ဦးပါ ၂၃ ဦးတို့အား ဂိမ်းစက်မျိုးစုံ ၂၇ လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးရမိ၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ထားဝယ်မြို့၌ မူးယစ်ဆေးဝါးနှင့် လက်နက်များ သိမ်းဆည်းရမိ

**ထားဝယ် ဖေဖော်ဝါရီ ၉**

ထားဝယ်မြို့၌ ဖေဖော်ဝါရီ ၈ ရက်က သတင်းအရရှာဖွေရာ မူးယစ်ဆေးဝါး၊ လက်နက်များနှင့် ဆက်စပ်ကျူးလွန်သူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထားဝယ်ခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၈ ရက် ညနေ ၄ နာရီခွဲခန့်တွင် သတင်းအရ ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ရွှေတောင်စားလမ်းရှိ တင်မျိုးထွန်း၏နေအိမ်အားရှာဖွေရာ ဇနီးဖြစ်သူ မချိုချိုအောင်(ခ)မချိုအားတွေ့ရှိပြီး WY ဆေးပြား ၁၃၈ ပြား၊ ပွိုင့် ၂၂ Special အမျိုးအစား ခုနစ်လုံးထိုး သေနတ်အတို တစ်လက်၊ ပွိုင့် ၂၂ Special အမျိုးအစား Super စာတန်းပါ ယမ်းတောင့်အရှည် ၁၁ တောင့်၊ အတို ခုနစ်တောင့်၊ ဖောက်ခွဲရေးလုပ်ငန်းများတွင်အသုံးပြုသည့် လျှပ်စစ်စနက်တံနှင့်တွဲလျက်(ဒီတိုနေတာ)နှစ်စုံ၊ ငွေကျပ် ၃၃၅၀၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ယင်းနောက် မချိုချိုအောင်၏ ဖုန်းကိုအသုံးပြု၍ ဆေးဝါးရောင်းချသူအား ထားဝယ်မြို့ပိန္နဲတောရပ်ကွက် ပခုက္ကူဘုန်းကြီးကျောင်း အနောက်လမ်းသွယ်သို့ ချိန်းဆိုချက်အရ အောင်ပိုင်ဖြိုးမောင်နှင့်ပြီး ဆန်းဦးလိုက်ပါလာသည့် ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀ ကိုလည်းကောင်း၊ ၎င်းတို့ဝယ်ယူသည့် လောင်းလုံးမြို့နယ် ပြည်တော်သာလမ်းနေ မမြတ်ပွင့်ဖူး၏ နေအိမ်အား ရှာဖွေရာမှ စိတ်ကြွဆေးပြား ၁၇၆၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်**

# မြို့နယ်အချို့၌ မီးလောင်မှုများဖြစ်ပွား

**မင်းပြား**

မင်းပြားမြို့နယ် တန်းဆိပ်ကျေးရွာ၌ ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ချောင်ချူးအာလောင်၏နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မောင်တော**

မောင်တောမြို့နယ် နယ်မြေ(၅) ဦးရှည်ကျကျေးရွာနေ ရှောင်ရှူးအာလောင်သည် ဖေဖော်ဝါရီ ၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က မီးဖိုချောင်အတွင်း ထမင်းချက်ရာမှ နေအိမ်ထရံအား မီးကူးစက်လောင်ကျွမ်းခဲ့ရာ နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**စဉ့်ကူး**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကံတောင်ကျေးရွာ အမှတ်(၁၆၈) ရပ်ကွက်တွင် ဖေဖော်ဝါရီ ၈ ရက် ည ၉ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လက်ပန်လှနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အားလီသည် ဇနီးဖြစ်သူ မနှင်းဝေဦးနှင့် စကားများပြီး နေအိမ်ကိုမီးရှို့ရာမှ မီးလောင်ကျွမ်းခဲ့၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဝိုင်းဝန်းငြိမ်းသတ်သဖြင့် ည ၁၁ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**ချမ်းမြသာစည်**


မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက်နေ ခင်မောင်တင့်၏ မြေစိုက်နေအိမ်တွင် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက မီးဖြတ်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သျှင်ဝယ်ပြေးကျေးရွာတွင် ဖေဖော်ဝါရီ ၈ ရက် ည ၈ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ကူမဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြစ်သားမြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဦးညွန့်ဝင်းသည် လယ်တောသို့ သွားရောက်နေစဉ် နေအိမ်တွင် လျှပ်စစ်မီးဖြင့် ဘုရားမီးပူဇော်ရာ မီးသီးမှ အပူလွန်ကဲပြီး မီးလောင်ကျွမ်းခဲ့သဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မိနစ် ၄၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ **ကိုရဲ**


Times City

စိန်ရွှေကျောက်မျက်ရတနာဈေးကွက်ကို
တစ်စုတစ်ဝေးတည်းရောင်းဝယ်နိုင်မည့် ပထမဆုံးသော
Jewellery & Luxury Mall



ရွှေဆိုင်၊ စိန်ဆိုင်နှင့် အခြားရတနာဆိုင်များ၊ Gold Stock Exchange၊ခေတ်မီစက်များဖြင့် ပုံဖော်ပေးသည့်ပန်းထိမ်လုပ်ငန်းများ၊ ရွှေနှင့်ကျောက်မျက်ရတနာစမ်းသပ်ခန်းများ စုံလင်စွာပါဝင်သောကြောင့် မိမိဝယ်ယူလိုသည့် ရွှေနှင့်စိန်အပါအဝင်ကျောက်မျက်ရတနာ ဒီဇိုင်းမျိုးစုံတို့အား တစ်နေရာတည်း၌ စိတ်တိုင်းကျရွေးချယ် ရောင်းဝယ်နိုင်သော ဈေးကွက်ကြီးတစ်ခုဖြစ်လာပါမည်။ နိုင်ငံတကာအဆင့်မီ Branded ပစ္စည်းများရောင်းချသောဆိုင်များလည်း ဖွင့်ထားမှာဖြစ်လို့ မိတ်ဆွေတို့ စိတ်ကျေနပ်စွာ ဝယ်ယူနိုင်ပါသည်။

ပစ္စည်းအမျိုးအစား စုံလင်စွာရရှိနိုင်သော Times Mall လည်းရှိမှာဖြစ်လို့ လိုအပ်ချက်တွေကို တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါသည်။

ဆိုင်ခန်းများငှားရမ်းလိုသည့် မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ Information Centre ကို ဖွင့်လှစ်ပေးပြီး 28.2.2019 အထိ မမျှော်လင့်သောဈေးနှုန်းများဖြင့် ငှားရမ်းပေးနေပါသဖြင့် လာရောက်ဖို့ဖိတ်ခေါ်အပ်ပါသည်။

Jewellery & Luxury Mall ဆိုင်ခန်းအငှားအတွက် အထူးဈေးနှုန်းအနေဖြင့်

| | | |
|---|---|---|
| Level-1 | တစ်စတုရန်းပေ | 5 $ |
| Level-2 | တစ်စတုရန်းပေ | 3.5 $ |
| Level-3 | တစ်စတုရန်းပေ | 3 $ |
| Level-4 | တစ်စတုရန်းပေ | 2.5 $ |
| Level-5 | တစ်စတုရန်းပေ | 2.5 $ |

အသီးသီး ငှားရမ်းနိုင်ပါကြောင်း သတင်းကောင်းပေးလိုက်ပါရစေ။

| | |
|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ |
| ဖုန်းနံပါတ်များ | - 09-765800800 , 09-764800800 , 09-5045777 |
| Website | - http://www.timescity.com.mm |
| Facebook | - Times City Yangon - Myanmar |
| Email | - timescityproject@gmail.com |

# ဗယ်လင်တိုင်းနေ့ဆိုတာ---

## ■ တင်မောင်အေး

ဗယ်လင်တိုင်းနေ့ ဒါမှမဟုတ် ချစ်သူများနေ့ဆိုတဲ့ နေ့တစ်နေ့ မကြာသေးမီနှစ်များအတွင်းကစလို့ မြန်မာပြည်မှာ ခေတ်စားလာပါတယ်။ မြို့ကြီးပြကြီးက လူငယ်တွေ အတော်များများဟာ အစပိုင်းတုန်းက ချစ်သူများနေ့ဖြစ်တဲ့ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာ တယ်လီဖုန်းတို့ အီးမေးလ်တို့နဲ့ အပြန်အလှန် နှုတ်ခွန်းဆက်စကားပြောကြ၊ မက်ဆေ့(ချ်)တွေပို့ကြ၊ လက်ဆောင်တွေ အပြန်အလှန် ပို့ကြရာက နောက်ပိုင်းမှာတော့ ချိန်းတွေ့ကြတဲ့အဆင့်အထိ ရောက်လာပါတယ်။ ဒါပေမယ့် အများလုပ်လို့သာ လိုက်လုပ်ကြရတယ်။ အဲဒီချစ်သူများနေ့ဆိုတာ ဘယ်လိုပေါ်ပေါက်လာတာလဲ၊ ဘာရည်ရွယ်ချက်နဲ့ ဘယ်လိုလုပ်ကြတာလဲဆိုတဲ့ ဇာစ်မြစ်တွေကိုတော့ လူငယ်တွေ ရေရေရာရာသိကြမှာ မဟုတ်ပါဘူး။

### ခေတ်စားနေတာကြာ

ကျွန်တော်တို့အိမ်နီးချင်း ထိုင်းနိုင်ငံမှာတော့ ချစ်သူများနေ့ ခေတ်စားနေတာကြာပါပြီ။ ထိုင်းလူငယ်တွေ၊ လူလတ်ပိုင်းတွေ တောရောမြို့ပါ အများအပြားဆင်နွှဲကြလို့ ခုဆိုရင် ချစ်သူများနေ့ဟာ ထိုင်းရိုးရာနေ့တစ်နေ့လိုတောင် ဖြစ်နေပါပြီလို့ ဝေဖန်သူတွေက ဆိုကြပါတယ်။ တကယ်တော့ ထိုင်းဟာ ဗုဒ္ဓဘာသာကို မိရိုးဖလာကိုးကွယ်ကြတဲ့ အရှေ့တိုင်းနိုင်ငံပါ။ ဒါကြောင့် အခုလို အနောက်တိုင်းဓလေ့တွေ ဝင်လာတာကို ထိုင်းလူမှုရေး၊ ဘာသာရေးအသိုင်းအဝိုင်းက တတ်နိုင်သမျှ တားဆီးပိတ်ပင်ဖို့ ကြိုးစားကြတာတွေရှိပါတယ်။ မကြာသေးမီနှစ်များအတွင်း ကျွန်တော် ထိုင်းမှာအလုပ်လုပ်နေစဉ်တုန်းက ဗယ်လင်တိုင်းနေ့နဲ့ပတ်သက်လို့ ရေးထားတဲ့ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရဖူးပါတယ်။ အဲဒီဆောင်းပါးဟာ ထိုင်းလူငယ်တွေအတွက်သာမက အလားတူ ကူးစက်နေပြီဖြစ်တဲ့ မြန်မာလူငယ်တွေပါ သိသင့်သိထိုက်တာမျိုးဖြစ်လို့ ပြန်ပြီးဖောက်သည်ချလိုက်ပါရစေ။

### ခရစ်ယာန်သူတော်စင် စိန့်ဗယ်လင်တိုင်း

ဆောင်းပါးအရ တကယ်တော့ အခုလူငယ်၊ လူလတ်တွေကြားမှာ ခေတ်စားနေတဲ့ ချစ်သူများနေ့ဆိုတာ ကနဦးတုန်းက လူမှုရေးနဲ့ မပတ်သက်ပါဘူးတဲ့။ အေဒီ ၂၇၉ လောက်ကရှိခဲ့တဲ့ ခရစ်ယာန်သူတော်စင် စိန့်ဗယ်လင်တိုင်းကိုအခြေခံပြီး ပေါ်ပေါက်လာတာဖြစ်ပါတယ်လို့ ဆိုပါတယ်။ သူတော်စင် စိန့်ဗယ်လင်တိုင်းဟာ မေတ္တာရှင်တစ်ဦးဖြစ်လို့ ‘ဗယ်လင်တိုင်းနေ့’ဆိုတဲ့ မေတ္တာတရားနဲ့ပတ်သက်တဲ့နေ့အဖြစ် သတ်မှတ်ခဲ့ကြတာလို့ ပြောပါတယ်။ အစောဆုံးအနေနဲ့ ဗယ်လင်တိုင်းနေ့ကို ၇ ရာစုလောက်ကျမှစပြီး ဆင်နွှဲကြတာပါပဲ။ အဲဒီတုန်းက ဘာသာရေးရှုထောင့်ကသာဖြစ်ပါတယ်။ ဒါပေမယ့် ၁၄ ရာစုလောက်ရောက်တဲ့အခါမှာတော့ ဘာသာရေးကိုအခြေခံပြီး ပေါ်ပေါက်ခဲ့တဲ့အခါသမယကို လူမှုရေးအလေ့အထက လွှမ်းမိုးသွားခဲ့တာယနေ့အထိ ဖြစ်ပါတော့တယ်။ ဒီလိုနဲ့ ချစ်သူများနေ့ရောက်ရင် တစ်ဦးနဲ့တစ်ဦး ချစ်ခင်မေတ္တာထားတာကို ဖော်ပြတဲ့အနေနဲ့ နှုတ်ဆက်သဝဏ်လွှာကတ်တွေ၊ ပန်းတို့၊ ချောကလက်တို့ စသည်ဖြင့် ပစ္စည်းတွေ အပြန်အလှန်ပို့ကြပါတော့တယ်။

**ဗုဒ္ဓဘာသာအမြင်က ကြည့်မယ်ဆိုရင် ချစ်ခြင်းဟာ ဗုဒ္ဓဝါဒအခြေခံတစ်ခုဖြစ်တဲ့ မေတ္တာမှာ ပါဝင်ပါတယ်။ အဲဒီလို ချစ်ခင်ခြင်းမျိုးဖြစ်တဲ့ မေတ္တာထားရှိမှုဟာ ကိုယ့်မိသားစုအပေါ်သာ၊ ကိုယ့်ချစ်သူအပေါ်သာထားတဲ့ ချစ်ခင်မှုမျိုးမဟုတ်ပါဘူး။ လူသားအားလုံး၊ သတ္တဝါအားလုံး၊ ဩကာသလောကတစ်ခုလုံးကို အတိုင်းအတာမရှိ ပျံ့ရောက်နိုင်တဲ့ ချစ်ခြင်းမေတ္တာထားမှုဖြစ်တယ်လို့ ဆိုပါတယ်။**

### အနောက်တိုင်းယဉ်ကျေးမှုဓလေ့သာဖြစ်

ဒီလိုနဲ့ ထိုင်းမှာ ဗယ်လင်တိုင်းနေ့ရောဂါ တဖြည်းဖြည်းတက်လာလို့ အခြေအနေသိရအောင် ထိုင်းလယ်သမားဘဏ်က သုတေသနလုပ်ပြီး စစ်တမ်းတစ်ရပ် ထုတ်ပြန်ခဲ့ပါတယ်။ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က လုပ်ခဲ့တဲ့ သုတေသနစစ်တမ်းအရ ဇန်ကောက်လူထုရဲ့ ၄၀ ဒသမ ၂ ရာခိုင်နှုန်းက ဗယ်လင်တိုင်းနေ့ကို အတော်အလေးထားကြတယ်လို့ဆိုပါတယ်။ ၄၅ ဒသမ ၁ ရာခိုင်နှုန်းကတော့ သိပ်အလေးမထားကြဘူး။ ကျန်တဲ့ ၁၄ ဒသမ ၇ ရာခိုင်နှုန်းကတော့ လုံးဝကို ဂရုမစိုက်ကြပါဘူးတဲ့။ အဲဒီလူတွေက ဂရုမစိုက်ရုံမက ချစ်သူများနေ့ဆိုတာ တကယ်တမ်းတော့ အနောက်တိုင်းယဉ်ကျေးမှုဓလေ့သာ ဖြစ်တယ်လို့တောင် ဝေဖန်ကြပါတယ်။ သူတို့ကပြောရာမှာ လူသားတွေဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်မေတ္တာထားတာကို ဗယ်လင်တိုင်းနေ့ ရောက်မှသာမဟုတ်ပါဘူးတဲ့။ နေ့စဉ်ပြနေရမှာပါတဲ့။ စစ်တမ်းအရ ဇန်ကောက်မြို့တော်သူ မြို့တော်သားတွေအတွင်းမှာ အသက်ကြီးတဲ့သူတွေက အဲဒီနေ့ကို ပိုပြီးဂရုမစိုက်ကြတာတွေ့ရတယ်လို့ ဆိုပါတယ်။ လူငယ်နဲ့ လူလတ် အတော်များများကတော့ ချစ်သူများနေ့ကို ဂရုပြုကြပါတယ်။ နှုတ်ခွန်းဆက်သဝဏ်လွှာတွေ၊ လက်ဆောင်တွေ အပြန်အလှန်ပို့၊ ညစာအတူစား၊ ရုပ်ရှင်အတူကြည့်ရာကနေ ချိန်းတွေ့တာအထိ လုပ်ကြပါတယ်။ ဒါကြောင့် ချစ်သူများနေ့ရောက်ရင် နှုတ်ဆက်သဝဏ်လွှာကတ်တွေ၊ ပန်းတွေ၊ ရေမွှေးတွေ အင်မတန်ရောင်းကောင်းပါတယ်။

### လက်ထပ်တဲ့စုံတွဲတွေ စံချိန်တင်

ထိုင်းမှာ ချစ်သူစုံတွဲအတော်များများကလည်း ဗယ်လင်တိုင်း ချစ်သူများနေ့ကိုစောင့်ပြီး လက်ထပ်ကြပါတယ်။ ဇန်ကောက်မြို့တော်က ‘ဘန်ရက်ခ်’ဆိုတဲ့ အရပ်က တရားရုံးမှာဆိုရင် ကျွန်တော်ရှိနေစဉ်တစ်နှစ်က ဗယ်လင်တိုင်းနေ့မှာ လက်ထပ်တဲ့စုံတွဲတွေ စံချိန်တင်ပြီး စုံတွဲတစ်ထောင်ကျော်တောင်ရှိတယ်လို့ ကြားရဖူးပါတယ်။ ထိုင်းဘာသာအရ ‘ဘန်’ ဆိုတာ ဒေသ၊ အိမ်၊ ‘ရက်ခ်’က ချစ်တာပါ။ ဒါကြောင့် အဲဒီ ‘ချစ်နယ်မြေ’ တရားရုံးမှာ ချစ်သူများနေ့ဆိုရင် လက်ထပ်စုံတွဲများတာလို့ သိရပါတယ်။

### ဗုဒ္ဓဘာသာ အဆုံးအမ

အဲဒီလို အနောက်တိုင်းပုံစံတွေ ခေတ်စားလာလွန်းလို့လည်း “ချစ်သူများနေ့”ဆိုတာဟာ အနောက်တိုင်းရဲ့ယဉ်ကျေးမှုဖြစ်တယ်။ ထိုင်းရိုးရာမဟုတ်ဘူးလို့ ပြောဆိုလာကြတာဖြစ်ပါတယ်။ မိရိုးဖလာကိုးကွယ်ကြတဲ့ ဗုဒ္ဓဘာသာ အဆုံးအမတွေမှာဆိုရင် မေတ္တာနဲ့ ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့် ပါပြီးသားဖြစ်တယ်လို့လည်း လူငယ်တွေသိအောင် ပြောတဲ့သူတွေက ပြောနေကြပါရဲ့။ ဒါ့အပြင် မေတ္တာကို အဓိပ္ပာယ်ဖွင့်ရာမှာ တစ်စုံတစ်ယောက်သော ဆန့်ကျင်ဘက်လိင်အပေါ် ချစ်ခင်မေတ္တာထားမှုလောက်ကိုသာ အခြေခံပြီး ပြောရုံ၊ ပြရုံနဲ့ မလုံလောက် ပါဘူးတဲ့။ ဒီလိုသာ ပြောမယ်ဆိုရင် ချစ်ခင်မေတ္တာထားမှုကို ကျဉ်းမြောင်းတဲ့ ရှုထောင့်တစ်ခုတည်းက တင်ပြခြင်းသာဖြစ်ပြီး လူသားအားလုံးအပေါ် ချစ်ခင်မေတ္တာထားခြင်းဆိုတဲ့ ကျယ်ပြန့်တဲ့အမြင်နဲ့ ဖွင့်ဆိုခြင်း မဟုတ်ဘူးလို့ ဆိုပါတယ်။

### အကျယ်တဝင့် ဖော်ပြထား

ဗုဒ္ဓဘာသာအမြင်က ကြည့်မယ်ဆိုရင် ချစ်ခြင်းဟာ ဗုဒ္ဓဝါဒအခြေခံတစ်ခုဖြစ်တဲ့ မေတ္တာမှာ ပါဝင်ပါတယ်။ အဲဒီလို ချစ်ခင်ခြင်းမျိုးဖြစ်တဲ့ မေတ္တာထားရှိမှုဟာ ကိုယ့်မိသားစုအပေါ်သာ၊ ကိုယ့်ချစ်သူအပေါ်သာထားတဲ့ ချစ်ခင်မှုမျိုးမဟုတ်ပါဘူး။ လူသားအားလုံး၊ သတ္တဝါအားလုံး၊ ဩကာသလောကတစ်ခုလုံးကို အတိုင်းအတာမရှိ ပျံ့ရောက်နိုင်တဲ့ ချစ်ခြင်းမေတ္တာထားမှုဖြစ်တယ်လို့ ဆိုပါတယ်။ နောက်ပြီး အဲဒီချစ်ခင်မေတ္တာထားမှု၊ သဘောဖြူအူစင်းမှုတို့ဟာ အမုန်းတရားများကို ကျော်လွှားနိုင်ပါတယ်။ အဲဒီလို လူသားအားလုံးနဲ့ သတ္တဝါအားလုံးအပေါ် အစဉ်ထာဝရမေတ္တာထားခြင်းနဲ့သာ စစ်မှန်တဲ့ ပျော်ရွှင်မှုနဲ့ ငြိမ်းချမ်းမှုတို့ကို ရရှိမှာဖြစ်ပါတယ်လို့ သုတေသနစစ်တမ်းက အကျယ်တဝင့် ဖော်ပြထားပါတယ်။

တကယ်တော့ ဒီသုတေသနစစ်တမ်းဟာ တစ်ချိန်က ထိုင်းနိုင်ငံမှာ လုပ်သွားခဲ့ခြင်းဖြစ်သော်လည်း ချစ်သူများနေ့ ကူးစက်ရောက်ရှိနေပြီဖြစ်တဲ့ ကျွန်တော်တို့ဆီမှာလည်း နားလည်မှတ်သားသင့်ပါတယ်။ အခုဒီမှာကြားနေရတာကတော့ ရင်တုန်စရာပါ။ ချစ်သူများနေ့အတွက် ကြိုတင်ဘွတ်ကင်လုပ်ထားတာတွေ များလွန်းလို့ တည်းခိုခန်းများ၊ ဟိုတယ်ငယ်များဟာ အဲဒီနေ့မှာ အခန်းတွေပြည့်နေတယ်လို့တောင် သိရပါတယ်။ မလိုအပ်တဲ့ဘက်မှာ တလွဲဆံပင်ကောင်းတတ်ကြတဲ့ ကျွန်တော်တို့ မြန်မာလူငယ်ထု သိရှိရှောင်ရှားနိုင်ကြပါစေ။ ။

## ဖျာပုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားများ ကျင်းပမည်

**ဖျာပုံ ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၊ ပဲ့တင်သံပရဟိတဘောလုံးအသင်းနှင့် မြို့မိမြို့ဖများ ပူးပေါင်း၍ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားများကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမရှေ့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော စာအုပ် ၁၀၀၊ ဓာတ်ပုံ ၁၀၀၊ ရာပြည့်အခမ်းအနား မှတ်တမ်းများပြပွဲ၊ မော်ကွန်းရုပ်ရှင်ပြပွဲ၊ မူကြိုအဆင့်ဂုဏ်ပြုကဗျာရွတ်ပြိုင်ပွဲ၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းကောက်နုတ်ချက်ပြောပြိုင်ပွဲ၊ ဂုဏ်ပြုဂီတဖျော်ဖြေပွဲ၊ အားကစားပြိုင်ပွဲများ၊ ဂုဏ်ပြုစာပေဟောပြောပွဲများဖြင့် စည်ကားစွာကျင်းပသွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာသည့် ဧည့်ပရိသတ်များအား ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အမှတ်တရ ရင်ထိုး ၁၀၀၀၊ လက်ကမ်းစာစောင် ၁၀၀၀၊ ပဲပြုတ်နံပြား အချပ် ၁၀၀၀၊ ကော်ဖီအခွက် ၁၀၀၀ တို့ကို ပေးဝေမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ကုသိုလ်ကံပွင့်အလိုတော်ပြည့် ရုပ်ပွားတော်နှင့် မြတ်စွယ်တော် ပူဇော်ခံမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျွန်းသာယာရပ် မင်္ဂလာဒီပ ခေါင်းဆေးကျွန်း၌ ကိန်းဝပ်စံပယ် အပူဇော်ခံလျက်ရှိသော နှစ်ပေါင်း ၁၁၇ နှစ်ခန့်ရှိ ဗုဒ္ဓ၏ လက်ဝဲအောက် မြတ်စွယ်တော်ပွားနှင့် ဘုရင်မကြီး ရှင်စောပု နန်းဦးတင် ကိုးကွယ်ခဲ့သည့် နှစ်ပေါင်း ၅၀၀ ကျော်ရှိ ကုသိုလ်ကံပွင့် အလိုတော်ပြည့် ရှေးဟောင်းရုပ်ပွားတော်တို့ကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးတွင် တည်ရှိသော လက်လုပ်တောင်တောရ ရွှေနန်းသွင်းစေတီတော်ကြီး၊ ရွှေနန်းစံဝင်စံကျောင်း၌ ပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



THE GLOBAL NEW LIGHT OF MYANMAR


မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ဆုံးနှင့် စောင်ရေအများဆုံး နေ့စဉ်ထုတ် အင်္ဂလိပ်သတင်းစာကို ဈေးနှုန်းချိုသာစွာနဲ့ ဖတ်ရှုနိုင်ပါပြီ

Visit our Website

www.globalnewlightofmyanmar.com

Order Now 09 974424114


ကြော်ငြာထည့်သွင်းလိုပါက 01-8604530, 09-974424848













# မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဃ) ဤဥပဒေအရ တွင်းဝခွန်၊ ရတနာခွန်နှင့် ဝန်ဆောင်ခပေးဆောင်ရမည့်အပြင် တည်ဆဲအခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထိုက်သင့်သည့်အခွန်များ ပေးဆောင်ရမည်။

(င) ရရှိထားသော ခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်း လုပ်ကိုင်စေခြင်းမပြုရ။

(စ) လုပ်ကိုင်ခွင့်ရရှိသည့် လုပ်ကွက်တစ်ခုချင်းအလိုက် ကျောက်မျက်ရတနာများ တူးဖော် ထုတ်လုပ်မှု၊ တွင်းဝခွန်ပေးဆောင်မှု၊ ရတနာခွန်ပေးဆောင်မှု၊ ရောင်းချမှုနှင့် ကျန်ရှိမှုကို ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာန သို့မဟုတ် အဖွဲ့အစည်းသို့ ခြောက်လတစ်ကြိမ် မပျက်မကွက် တင်ပြရမည်။

(ဆ) အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ၊ အကျိုးအမြတ်အပေါ်မှ မျှဝေခံစားခွင့် သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်၊ စစ်ဆေးရေးအဖွဲ့နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကိုခံယူခြင်း။

၂၂။ ခွင့်ပြုမိန့်ရရှိသူသည် တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်၍တွင်းဝခွန်ထမ်းဆောင်ပြီးဖြစ်လျှင် တည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေပါသတ်မှတ်ချက်များနှင့်အညီ -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းထားသောကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာ၍ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းပြုလုပ်ခြင်းတို့ကို ပြုလုပ်၍ အချောထည်ပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။

(ခ) ယင်းကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့်အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကို လက်ဝတ်ရတနာနှင့်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။

(ဂ) ယင်းကျောက်မျက်ရတနာအရိုင်းကို-

(၁) ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ရောင်းချခွင့်ရှိသည်။

(၃) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာ ပြပွဲများတွင်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးတွင်လည်းကောင်း၊ ဝန်ကြီးဌာနက ခွင့်ပြုသည့် သက်ဆိုင်ရာဒေသများတွင် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်၍လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၄) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့်ကျင်းပပြုလုပ်သော ကျောက်မျက်ရတနာပြပွဲများတွင် နိုင်ငံခြားသုံးငွေဖြင့် ရောင်းချတင်ပို့ခွင့်ရှိသည်။

(ဃ) ကျောက်မျက်ရတနာ အချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုလည်းကောင်း-

(၁) ပြည်တွင်း၌ လွတ်လပ်စွာသယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ရောင်းချ ခွင့်ရှိသည်။

(၃) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးတွင် လည်းကောင်း၊ ဝန်ကြီးဌာနကခွင့်ပြုသည့် ဒေသများတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်၍လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၄) ပြည်ပသို့ တင်ပို့ရောင်းချခွင့်ရှိသည်။

(၅) ပြည်ပမှရတနာ ကုန်သည်များကို မိမိအစီအစဉ်ဖြင့် ဖိတ်ခေါ်၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရောင်းချခွင့်ရှိသည်။

(၆) ပြည်ပ ကျောက်မျက်ရတနာပြပွဲများတွင် သွားရောက်ရောင်းချခွင့်ရှိသည်။

၂၃။ ခွင့်ပြုမိန့်ရရှိသူသည် တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်သည့်ကျောက်မျက်ရတနာတန်ဖိုးကို မကျေနပ်ပါက ပြင်ဆင်သတ်မှတ်ပေးရန် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ တင်ပြခွင့်ရှိသည်။

၂၄။ ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာ ပြုလုပ်ရောင်းချရာ၌ အသုံးပြုရန် အမှန်တကယ်လိုအပ်သော ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုနှင့်ဆိုင်သောစက်ပစ္စည်းကိရိယာများကို အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည်။

၂၅။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ကွက်အတွင်းမှ ကျောက်မျက်ရတနာမဟုတ်သော အခြားတွင်းထွက် သို့မဟုတ် ဓာတ်သတ္တုများတွေ့ရှိပါက ဝန်ကြီးဌာနသို့ သတင်းပေးပို့အပ်နှံရမည်။

## အခန်း(၇)
## ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်

၂၆။ မည်သူမဆို အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုပါက လိုင်စင်ရရှိရန် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ လျှောက်ထားရမည် -

(က) ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ရောင်းဝယ်ခြင်းလုပ်ငန်း၊

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်း သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်း၊

(ဂ) ကျောက်မျက်ရတနာအရိုင်းကို ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်းလုပ်ငန်း။

၂၇။ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည်-

(က) ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်ထုတ်ပေးရန် ခွင့်ပြု၍ လိုင်စင်ထုတ်ပေးပါက လိုင်စင်အမျိုးအစား၊ လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

၂၈။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်စည်းကမ်းများကို လိုက်နာရမည်။

(ဂ) သတ်မှတ်ထားသော လိုင်စင်ခကို ပေးဆောင်ရမည်။

(ဃ) လိုင်စင်အမျိုးအစားအလိုက် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ကျင်းပသော ကျောက်မျက်ရတနာပြပွဲများ၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်း ကျောက်မျက်ရတနာပြပွဲများ၊ နိုင်ငံတကာ ကျောက်မျက်ရတနာပြပွဲများနှင့် တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်သာ ရောင်းချရမည်။

(င) ရရှိထားသော လိုင်စင်ကိုတစ်ဆင့်ငှါးရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်း လုပ်ကိုင်စေခြင်းမပြုရ။

၂၉။ လိုင်စင်ရရှိသူသည် -

(က) တွင်းဝခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်ရှိသည်။ ဝယ်ယူပြီးပါက သယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း ပြုလုပ်ခွင့် ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ဝယ်ယူထားသည့် ကျောက်မျက်ရတနာအရိုင်းကို တည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ -

(၁) ပြည်တွင်း၌လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ရောင်းချခွင့်ရှိသည်။

(၃) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးတွင်လည်းကောင်း၊ ဝန်ကြီးဌာနက ခွင့်ပြုသည့်ဒေသများတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်၍လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၄) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့်ကျင်းပပြုလုပ်သော ကျောက်မျက်ရတနာပြပွဲများတွင် နိုင်ငံခြားသုံးငွေဖြင့်ရောင်းချတင်ပို့ခွင့်ရှိသည်။

(ဂ) ပုဒ်မခွဲ (က) အရ ဝယ်ယူထားသည့် ကျောက်မျက်ရတနာအရိုင်းကိုပြုလုပ်ထားသော ကျောက်မျက်ရတနာ အချောထည်ကို လည်းကောင်း၊ လက်ဝတ်ရတနာကို လည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုလည်းကောင်း တည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ -

(၁) ပြည်တွင်း၌ လွတ်လပ်စွာသယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ရောင်းချခွင့်ရှိသည်။

(၃) ပြည်ပသို့ တင်ပို့ရောင်းချခွင့်ရှိသည်။

## အခန်း(၈)
## တန်ဖိုးဖြတ်အဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃၀။ ဝန်ကြီးဌာနသည် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် -

(က) ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ရွေးချယ်တာဝန်ပေးအပ်သူများနှင့် အခြားသင့်လျော်သူများပါဝင်သော တန်ဖိုးဖြတ်အဖွဲ့များကို လိုအပ်သည့်နေရာဒေသအလိုက် ဖွဲ့စည်းရမည်။

(ခ) တန်ဖိုးဖြတ်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃၁။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အသေးစားတူးဖော်ထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ -

(က) ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ရွေးချယ်တာဝန်ပေးအပ်သူများနှင့် အခြားသင့်လျော်သူများ ပါဝင်သော တန်ဖိုးဖြတ်အဖွဲ့များကို လိုအပ်သည့်နေရာဒေသအလိုက် ဖွဲ့စည်းရမည်။

**(ဆက်လက်ဖော်ပြပါမည်)**










YGT ရန်ကုန်သား
Crane Rental Services
09 250002011, 09 400565696
ကရိန်းဝန်ဆောင်မှု နှင့် လမ်းခင်းသံပြားဝန်ဆောင်မှု

**အိမ်တိုင်ရာရောက် ကျန်းမာရေးပြုစုစောင့်ရှောက်မှု**

အိမ် (သို့) ဆေးရုံတွင် ပြုစုစောင့်ရှောက်ရန်လိုအပ်သော ကလေး၊ သက်ကြီးရွယ်အို နှင့် နာမကျန်းသူများအတွက် အချိန်တို (သို့) အချိန်ရှည်ဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။

Care Support Clover Co.,Ltd

Ph-09-250234108,09-790635964,01-524577

အမှတ်(၂၈)၊ သုခမြိုင်(၁)လမ်း၊ လှိုင်မြို့နယ်။

**ကောင်းမြတ်**

**ယာဉ်မောင်းသင်တန်း**

အချိန်တိုအတွင်း အိမ်အရောက် အမြန်သင်ပေးသည်။

09 973748149, 09 445296758

**ညှိနှိုင်းဈေးဖြင့်**

**ငှားမည်၊ ရောင်းမည်**


| | |
|---|---|
| River View (ဆင်မလိုက်) (1MB,2BR,F.F) | ၉သိန်း |
| ပါရမီရိပ်သာ (1MB,2BR,ပြင်ဆင်ပြီး) | ၁၀သိန်း |
| အေးရိပ်မွန်အိမ်ရာ (3MB,3BR,ကား ၈ စီး) | ၂၄သိန်း |
| ပြည်လမ်းသွယ် (4MB,2BR,ပြင်ဆင်ပြီး) | $1200 |
| (၈မိုင်)မရမ်းကုန်း ပေ(၃၅×၆၅)2BN | ၂၂၀၀သိန်း |
| ကမ္ဘာအေးလမ်းသွယ် ပေ(၆၀×၇၀)2RC | ၅၀၀၀သိန်း |
| လှိုင်(နေရာကောင်း) ပေ(၅၄×၁၂၀)2BN | ၆၅၀၀သိန်း |

**Ph:09-444812325,09-775144408,09-43204471**











## သမီးအဖြစ်မှ

## အမွေပြတ်ကြေညာခြင်း

မော်လမြိုင်မြို့ တရုတ်တန်းရပ်၊ ဒိုင်းဝန်ကွင်းနယ်မြေ၊ အိမ်အမှတ်-၁၄/၉နေ (ဦးချစ်ဝင်း)-ဒေါ်အေးအေးဝင်းတို့၏ သမီးကြီး မခင်သူဇာဝင်း[၁၀/မလမ(နိုင်)၁၉၀၂၃၃] သည် မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ၁၀-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့)မှစ၍ အမွေစား၊ အမွေခံသမီးအဖြစ်မှ အမွေပြတ်ပါကြောင်း ကြေညာလိုက်သည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်အေးအေးဝင်း[၁၀/မလမ(နိုင်)၀၆၂၄၃၀]**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃လမ်း၊ အမှတ်(၆၇)၊ ၇ လွှာနေ အဖဦးသန်းထွန်း[၁၂/မဂတ(နိုင်)၀၄၈၅၆၃]နှင့် အမိ ဒေါ်ဇိုင်နတ်ဘီ[၁၂/မဂတ(နိုင်)၀၄၆၁၆၁]တို့၏သား မောင်ညွန့်[၁၂/ ဒလန(နိုင်)၀၆၀၇၆၅]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအတိုင်း ပြုမူနေထိုင်ပြီး မိဘတို့အား အကြိမ်ကြိမ် စိတ်ဆင်းရဲ၊ စိတ်ဒုက္ခရောက်အောင် ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းထွန်း**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## ဒေါ်ခင်သန်း
### အသက် (၈၉) နှစ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ပါရမီရိပ်သာ၊ စည်ပင်သာယာလမ်း၊ အမှတ် (၁၀/က)နေ (ဦးစိုးကြွယ်-ဒေါ်သန်းရှင်)တို့၏သမီး၊ (ဒေါ်ခင်ညွန့်)၊ (ဦးစိန်-ဒေါ်စောညွန့်) တို့၏ညီမ၊ Dr. Margaret Soe (Australia) ၏အစ်မ၊ Dr. ခင်မောင်သွင်- Dr. မေမြင့်ဦး၊ (ဦးမြသောင်း)-ဒေါ်ဝင်းရွှေ၊ ဦးကိုကို-ဒေါ်ခင်မာအေး၊ ဒေါ်ခင်မာလှဲ့၊ ဦးခင်မောင်ဝင်း-ဒေါ်ခိုင်အေး၊ ဦးခင်မောင်ထွေး-ဒေါ်ဌေးဌေး၏၊ Mr.George Hare ၊(Mr.Richard Hare)၊ Mr.Ben Hare တို့၏ အဒေါ်၊ မြေး ၁၃ ယောက်၊ မြစ် ၁၄ ယောက်တို့၏ အဘွားသည် ၈-၂-၂၀၁၉ (သောကြာနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၁၄-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဦးချို (ဒါရိုက်တာ)
မြို့မကျောင်းသားဟောင်း
Asia Grace Land Construction
### အသက် (၅၈) နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းနေ (ဦးသောင်းတင်)-ဒေါ်တင်လှိုင်တို့၏သား၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူ-၁လမ်း၊ အမှတ် (၅၁)နေ [ဦးပေါ်သိမ်း(ဒုဝန်ကြီး-ငြိမ်း၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန)-ဒေါ်လှကြည်]တို့၏သားသမက်၊ ဦးထွဋ်အောင်(ဗိုလ်ချုပ်ဈေး)-ဒေါ်ခင်ခင်အေး၊ ဒေါက်တာ ဒေါ်သန်းသန်းနွဲ့(ဆေးရုံအုပ်၊ ရွှေဂုံတိုင်ဆေးရုံ SSC)တို့၏ညီ/မောင်၊ ဒေါ်သောင်းသောင်းနွဲ့(အထပြ-ငြိမ်း၊ အထက-၂ ဗဟန်း)၊ ဦးကျော်ကျော်စိုး-(ဒေါ်ခင်အေးမြင့်)တို့၏အစ်ကို၊ ကိုမျိုးမင်းမြတ်-မကြည်စုလှိုင်၊ မမြတ်သန္တာတို့၏ချစ်လှစွာသောဖခင်၊ မစုမြတ်သံစဉ်၏ ဘိုးဘိုးကြီး၊ ဒေါ်သိန်းသိန်းနွဲ့[(လ/ထကထိက-ငြိမ်း၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ကြည့်မြင်တိုင်နယ်မြေ၊ ဌာနစုမှူး-ငြိမ်း)၊ သားရေစက်ရုံ၊ ရန်ကုန်စက်မှု-၁)]၏ ချစ်လှစွာသောခင်ပွန်းသည် ၈-၂-၂၀၁၉ (သောကြာနေ့) နံနက် ၈း၁၀ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ(SSC)၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှာကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကင်းမြို့နယ်၊ ပါရမီ၊ မဥ္ဇူ-၁ လမ်း၊ အမှတ်(၅၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဦးချို (ဒါရိုက်တာ)
မြို့မကျောင်းသားဟောင်း
Asia Grace Land Construction
### အသက် (၅၈) နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းနေ (ဦးသောင်းတင်)-ဒေါ်တင်လှိုင်တို့၏သား၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူ-၁လမ်း၊ အမှတ်(၅၁)နေ [ဦးပေါ်သိမ်း(ဒုဝန်ကြီး-ငြိမ်း၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန)-ဒေါ်လှကြည်]တို့၏သားသမက်၊ (ဦးဦးကို)-ဒေါ်မြတ်ဝတ်ရည်တို့၏ညီ၊ (ဦးဦးဘို)-ဒေါ်ဖြူဖြူကျော်၊ ဦးဦးခိုင်(ဥက္ကဋ္ဌ-Asia Grace Land Construction)-ဒေါ်ချောချောကေခိုင်၊ ဒေါက်တာမေကြည်ခိုင်-ဗိုလ်ကြီးငွေစိုးယဉ်(ငြိမ်း) (DSA-40)တို့၏အစ်ကို၊ ကိုမျိုးမင်းမြတ်-မကြည်စုလှိုင်၊ မမြတ်သန္တာတို့၏ချစ်လှစွာသောဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ဘကြီး၊ မြေး လေးယောက်တို့၏ ဘိုးဘိုးကြီး၊ ဒေါ်သိန်းသိန်းနွဲ့[(လ/ထကထိက-ငြိမ်း၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ကြည့်မြင်တိုင်နယ်မြေ၊ ဌာနစုမှူး-ငြိမ်း)၊ သားရေစက်ရုံ၊ ရန်ကုန်စက်မှု-၁)]၏ ချစ်လှစွာသောခင်ပွန်းသည် ၈-၂-၂၀၁၉ (သောကြာနေ့) နံနက် ၈း၁၀ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ(SSC)၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှာကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကင်းမြို့နယ်၊ ပါရမီ၊ မဥ္ဇူ-၁ လမ်း၊ အမှတ်(၅၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်အေး(အိုး/အိမ်၊ ငြိမ်း)
### အသက်(၉၂)နှစ်

ဒေါ်မြင့်မြင့်အေး(လက်ထောက်ညွှန်ကြားရေးမှူး၊ မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)၏ဖခင် ဦးခင်မောင်အေးသည် ၇-၂-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးလှိုင်(ခ)ဂေါ်ရန်ရှင်း
(တိုက်ကြီးမြို့)

ရန်ကုန်တက္ကသိုလ်၊ ဘူမိဗေဒဘွဲ့ရ ကျောင်းသားဟောင်းတစ်ဦးဖြစ်သော ဦးစိုးလှိုင်(တိုက်ကြီး)သည် ၂-၂-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၆၉)ခုနှစ် ဘူမိဗေဒဘွဲ့ရသူငယ်ချင်းများ**

## အထူးကျေးဇူးတင်ရှိခြင်း

၅-၂-၂၀၁၉ (အင်္ဂါနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားခဲ့သော ဦးအေးကို (ဒါရိုက်တာ) (ပြည်လုံးချမ်းသာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ [ရွှေပြည်သာစက်မှုဇုန် (၂၊ ၃၊ ၄)]၏ နာရေးကိစ္စအဝဝတွင် ပြည်တွင်းပြည်ပမှ သတင်းမေးမြန်းသူများအားလည်းကောင်း၊ တယ်လီဖုန်းဖြင့် နှစ်သိမ့်အားပေးကြသူများအားလည်းကောင်း၊ ကွယ်လွန်သူအတွက် ရည်စူး၍ လှူဖွယ်ပစ္စည်းများပေးပို့ကြသောသူများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော မိတ်ဆွေသင်္ဂဟများအားလုံးအား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ဖွားကြည်(ကျိုက်ထို)
### အသက်(၉၆)နှစ်

ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက်၊ နှင်းဆီလမ်းနေ (ဦးထွန်းအောင်-ဒေါ်စိမ်းလှ)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးဘဉာဏ်-ဒေါ်မေရှင်-ဒေါ်စောညွန့်)၊ ကျိုက်ထိုမြို့နေ (ဦးညွန့်ရွှေ-ဒေါ်သန်းညွန့်)၊ (ဦးဘရွှေ-ဒေါ်အေးကြည်)၊ (ဦးခင်မောင်-ဒေါ်ကြည်)တို့၏ အစ်မ၊ ဒေါ်သိန်းကြည်၊ (ဦးအောင်သန်း)-ဒေါ်ခင်ရီ၊ (ဒေါ်ခင်ကြည်)၊ (ဦးတင်မြင့်)-ဒေါ်ခင်အေးတို့၏ အစ်မ၊ ဦးသန်းဝင်း-ဒေါ်မာစီ၊ ဦးလှဝင်း-ဒေါ်အေးမြင့်၊ ဦးခင်မောင်မောင်လွင်-ဒေါ်နွဲ့ဝင်း၊ ဦးဇော်ဝင်း၊ ဦးကျော်ဝင်း-ဒေါ်အေးအေးသွယ်၊ ဒုတိယဗိုလ်မှူးကြီးအောင်နိုင်(ငြိမ်း)-ဒေါ်သန်းသန်းမြင့်၊ ဒေါ်မေစိုးဦး၊ မေမျိုးဦးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၃ ယောက်၊ မြစ် ၂၇ ယောက်၊ တီတစ်ယောက်တို့၏အဘွား၊ (ဦးခင်သန်း)၏ဇနီး ဒေါ်ဖွားကြည်သည် ၉-၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် တရုတ်အမျိုးသားသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့် (စစ်ကိုင်း)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလ ရပ်ကွက်၊ မြဝတီအရာရှိရိပ်သာ၊ တိုက်(၄၈)၊ အခန်း(၁)နေ ရုံပိုင်ကြီး(ဦးထွန်း-ဒေါ်သန်း)တို့၏ သမီး၊ ဂါတ်ဗိုလ်ကြီး (ဦးဘစု-ဒေါ်ပုံ)တို့၏ သမီးချွေးမ၊ ကုန်သွယ်ရေးလက်ထောက်ဦးစီး (ဦးသိမ်းထွဋ်ပြုံး)၏ဇနီး၊ (ဦးလှမောင်-ဒေါ်ခင်စု)၊ (ဒေါ်နုနု)တို့၏ ညီမ၊ (ဦးအောင်ဝင်း-ဒေါ်ရင်ရင်)၊ (ဗိုလ်မှူးသိန်းအောင်)-ဒေါ်ခင်အုံးရီ၊ ဗိုလ်မှူးညွန့်မောင်၊ (ဒေါ်ကြည်ကြည်ဝင်း)၊ (ဒုတိယဗိုလ်မှူးကြီးမျိုးဝင်း)-ဒေါ်ခင်ခင်တော်၊ ဦးစိုးဝင်း-ဒေါ်ခင်စာ၊ ဦးတိုးဝင်း-ဒေါ်နွဲ့နွဲ့ချို၊ ဦးဗိုလ်ဗိုလ်-ဒေါ်ဝင်းမေတို့၏ အစ်မ၊ ဗိုလ်မှူးအောင်ခိုင်ဦး(ငြိမ်း)၊ (ဒုထွေဂျာ-မြန်မာစီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်အေးမြတ်ဖြူ (အထက-၄၊ မင်္ဂလာတောင်ညွန့်)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မောင်သီဟဇော်ဇော် (တတိယနှစ်-L 5 DC)၏ ချစ်လှစွာသော အဘွားသည် ၈-၂-၂၀၁၉ (သောကြာနေ့) ညနေ ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၉ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
## ဦးမောင်စံ (စစ်ကွင်းမြို့)
### အသက်(၈၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့နေ(ဦးမောင်ချစ်-ဒေါ်ငွေစိန်)တို့၏သား၊ စစ်ကွင်းမြို့နေ (ဦးဖိုးဒေါင်း)-ဒေါ်ငြိမ်းမယ်၊ ကမာရွတ်မြို့နယ်နေ ဦးမြင့်မောင်-ဒေါ်စန်းစန်းဝင်းတို့၏အစ်ကို၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ်(၇၇၉)နေ (ဦးအောင်သန်းစိုး)-ဒေါ်လှဲ့လှဲ့မော်၊ ဦးနိုင်စိုး(မြန်မာ့မီးရထား)-ဒေါ်သီတာစိုးတို့၏မွေးသဖခင်၊ မစုထက်ထက်စိုး၊ ဒုဗိုလ်ထက်လင်းအောင်-မမေသူ၊ မြေးသုံးယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏ ဘိုးဘိုးကြီး၊ (ဒေါ်ကျင်သိန်း)၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်စံသည် ၉-၂-၂၀၁၉ ရက် နံနက် ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်းမီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ နံနက် ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မြ
### အသက်(၇၈)နှစ်
**(ဂန့်ဂေါ၊ ကန်ရွာ) (ယောနယ်အသင်း၊ ဒု-ဥက္ကဋ္ဌ ဂုဏ်ထူးဆောင်အသင်းဝင်)**
**(ကျောက်တံတားမြို့နယ်၊ မြို့နယ်ပြည်သူ့ကောင်စီဝင်)**
**(ကျောက်တံတားမြို့နယ်၊ အမှတ်-၅ ရပ်ကွက်၊ သမဝါယမဆေးခန်း အတွင်းရေးမှူး)**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ကန်ရွာနေ (ဦးကြွမ်းမော်-ဒေါ်အေးထိုက်)တို့၏ သား၊ (ဦးဖေမောင်-ဒေါ်အေးဝ)တို့၏ သားသမက်၊ (ဒေါ်မြစု)၏ ခင်ပွန်း၊ (ဒေါ်မြကြိုင်)၊ (ဒေါ်မြပို)တို့၏ မောင်၊ ဦးကျော်မြ-ဒေါ်စပယ်မြတို့၏ အစ်ကို၊ ဗိုလ်မှူးနေမျိုးအောင်(ငြိမ်း)၊ ကိုသန့်ဇော်-မခင်မျိုးအောင်၊ ကိုဝေဖြိုးအောင်-မမိုးမိုးစန်း၊ ကိုညီညီလွင်-မပပစုအောင်၊ မောင်သန်းကျော်စုအောင်တို့၏ ဖခင်၊ မောင်စွမ်းထက်အောင်၏ အဘိုးသည် ၈-၂-၂၀၁၉ (သောကြာနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၈၄)၊ ပထမထပ်နေအိမ်မှ ကားများ နံနက် ၈း၄၅ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၈၄)၊ ပထမထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်သင်း
**အလယ်တန်းပြ(ငြိမ်း)၊ အထက(၃)လှိုင်၊ အထက(၂)အင်းစိန်**
### အသက်(၆၅)နှစ်

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၅)နေ (ဦးထွန်းမင်း-ဒေါ်သင်းအုံ)၊ (ဦးမြဟန်-ဒေါ်လှသိန်း)တို့၏ သမီးချွေးမ၊ ဦးထွန်းထွန်းဦး၏ ညီမ၊ ဒေါ်နွယ်နွယ်ထွန်း [လယ်/အုပ်-ငြိမ်း၊ အထက(ခွဲ)ရွာသစ်ကြီး၊ ကျောက်တန်းမြို့နယ်]၊ ဦးအောင်ထွန်း(SEC Co.,Ltd.)-ဒေါ်ခင်မာချို၊ ဦးမျိုးမင်း (Wallenius Marine Singapore)-ဒေါ်ခင်ဥမ္မာနွယ်(ခေတ္တ-စင်ကာပူ)၊ ဦးမျိုးသင်း(Banner Yangon Co., Ltd.)-ဒေါ်သက်သက်ဦး တို့၏ အစ်မ၊ မခိုင်ဇင်မင်း၊ မဖြိုးစန္ဒီဆွေတို့၏ မွေးသမိခင်၊ (ဦးအေးဆွေ)၏ ချစ်လှစွာသောဇနီး၊ တူ/တူမ ကိုးယောက်တို့၏ အဒေါ်သည် ၉-၂-၂၀၁၉ (စနေနေ့) ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အာနိစ္စ

## ဒေါ်ခင်မြ
**မူလတန်းပြဆရာမ(ငြိမ်း)၊ ဇင်းကျိုက်မြို့**
### အသက်(၇၆)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့ မင်းလမ်းနေ (ဦးဌေး-ဒေါ်ငွေစင်း)တို့၏ သမီးကြီး၊ (ဦးခင်အောင်)၊ ဦးမောင်အိမ်-ဒေါ်စိန်တင်၊ ဦးခင်မောင်မောင်-ဒေါ်တင်အုံး (မူ/ပြငြိမ်း)၊ ဒေါ်တင်လှိုင်၊ ဒေါ်သန်းသန်းအေး(အထက၊ ကျောင်းအုပ်-ငြိမ်း)၊ ဦးမင်းချိုဝင်းတို့၏ အစ်မကြီး၊ တူ/တူမ ၁၃ ယောက်တို့၏ အကြီးသည် ၉-၂-၂၀၁၉ ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဇင်းကျိုက်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းဌေး
**စာပြုတာဝန်ခံ(ငြိမ်း)**
**လမ်းစဉ်ပါတီဌာနချုပ်**
**လဝကဦးစီးမှူး(ငြိမ်း)**
### အသက်(၆၄)နှစ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မုဒိတာအိမ်ရာတိုက် (D-၄၀၈)နေ ဦးစိုးညွန့် (ပြန်ဆက်ခရိုင်ဦးစီးအရာရှိ-ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးတင်ရွှေ-ဒေါ်ကြင်နုတို့၏ သမီး၊ စလေမြို့နေ ဦးသာထိန်-ဒေါ်လှရှိန်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးအေးကြူ (ဆကာကြီး အေးကြူ)-ဒေါ်ခင်မဝင်း (အထပြ-ငြိမ်း)၊ ဗိုလ်မှူးကြီးတင်လှ (ငြိမ်း)-ဒေါက်တာခင်စောမူတို့၏ ညီမ၊ ဦးခင်မောင်လေး (လ/ထ ညွှန်မှူး-ငြိမ်း၊ အလဆ)-ဒေါ်ချိုချိုဌေး(အလပြ-ငြိမ်း)၊ ဦးမျိုးမြင့်ဝေ(ဘဏ်-ငြိမ်း)-ဒေါ်သက်သက်ဝင်း (ဘဏ်-ငြိမ်း)၊ ဦးအောင်ဇော် (မြန်မာ့စီးပွားရေးဘဏ် မန္တလေးတိုင်း မန်နေဂျာ)-ဒေါ်ကြည်ကြည်ရွှေ (ဘဏ်-ငြိမ်း)၊ ဦးအောင်မြင့်(ဦးစီးအရာရှိ၊ စားသုံးသူရေးရာဦးစီးဌာန)-ဒေါ်စိုးစိုးရွှေ(ဘဏ်-ငြိမ်း)တို့၏အစ်မ ဒေါ်စန်းစန်းဌေးသည် ၉-၂-၂၀၁၉ ရက် နံနက် ၈း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၉ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၁၅-၂-၂၀၁၉(သောကြာနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်ဇော်သန့်
(ပုပ္ပါးကားဝပ်ရှော့)
### အသက်(၃၇)နှစ်

ကျောက်ပန်းတောင်းမြို့နယ်၊ မြောက်ကုန်းရွာနေ ဦးအောင်ရွှေ-ဒေါ်တင်ငြိမ်းတို့၏ သား၊ စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း၊ မဟာမြိုင်ရဲရိပ်သာနေ ဦးတင်ဝင်း-ဒေါ်ခင်မြင့်ဝေတို့၏ သားသမက်၊ မသီရိဝင်း၏ ခင်ပွန်း၊ သဒ္ဒါရှင်းသန့်၏ဖခင်သည် ၉-၂-၂၀၁၉ ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကျွန်းတောလမ်း၊ ပုပ္ပါးကားဝပ်ရှော့မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မြေပုံမြို့နယ်အသင်း(ရန်ကုန်)
## ကိုမောင်မောင်ဌေး
### အသက်(၂၅)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ စီမံကိန်း(၁)၊ ဂန္ဓမာလမ်း တာပေါ်နေ မပုမချေ၊ မဆန်းဆန်းယု၊ မလှယုရွှေ၊ မဆန်းမြင့်ခင်တို့၏ မောင်၊ မမေသက်မွန်၏ ချစ်လှစွာသောခင်ပွန်း ကိုမောင်မောင်ဌေးသည် ၈-၂-၂၀၁၉ (သောကြာနေ့) နံနက် ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (စီမံကိန်းမှတ်တိုင်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) အလုပ်အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ဝိဇ္ဇာဒီပ
## သိက္ခာတော်(၃၇)ဝါ၊ သက်တော်(၇၇)နှစ်
**နယ်လှည့်သာသနာပြု မဟာပထမံဆရာတော်ကြီး**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ အောင်ဆုပန်၊ ဓမ္မဝိဇ္ဇာကျောင်းတိုက်တွင် ခေတ္တသီတင်းသုံးနေထိုင်တော်မူသော နယ်လှည့်သာသနာပြု မဟာပထမံဆရာတော်ကြီး ဘဒ္ဒန္တဝိဇ္ဇာဒီပသည် (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်)၊ (သောကြာနေ့) နံနက် ၅ နာရီတွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်)၊ (စနေနေ့) နံနက် ၁၁ နာရီတွင် မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးလင်ဘွန်ဖန်(ခ)ဦးလင်ဘွန်ဖွတ်(ခ)ဦးဝင်း
### အသက်(၁၀၅)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ဂန္ဓမာလမ်းနှင့် ကံ့ကော်လမ်းထောင့်၊ ယုဇနပလာဇာ မင်္ဂလာအိမ်ရာ၊ ခြံအမှတ်(၂၅)နေ (ဦးလင်ယုမှိုင်-ဒေါ်ဖန်စုမေ)တို့၏ သား၊ [ဒေါ်ကောင်အချွန်(ခ)ဒေါ်အချွန်]၏ ခင်ပွန်း၊ ဦးခင်မောင်မြင့်-ဒေါ်မြစန်းရင်၊ ဒေါ်စမ်းစမ်းဝင်း(ခ)ဒေါ်လင်ဒီလင်း (ငြိမ်း-အိုးအိမ်)၊ ဒေါ်ဒေါ်ရစ်လင်း၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်ခင်ဝင်း၊ ဦးမျိုးထွန်း(ခ)မျိုးဝင်း(K.M.T Group Ltd.)-ဒေါ်ကြည်ကြည်ဦး၊ ဒေါ်လင်ကင်ရီ(ခ)ရီရီဝင်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၈း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးသန်း
### အသက်(၈၆)နှစ်
**[ရုံးခွဲတာဝန်ခံ (ပြင်/ထိန်း)စက်ရုံ၊ (ငြိမ်း)]**
**စက်မှု(၁)ဝန်ကြီးဌာန**

ပြင်ဦးလွင်မြို့ ဟော်ကုန်းရပ်နေ မစိုးမိုးခိုင်၊ ကိုမျိုးလင်းဇော်-မနှင်းစုစုခိုင်၊ (ကိုဒူးဝါး)၊ (ကိုမင်းမင်း)တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ ဒေါ်မြင့်မြင့်၏ ချစ်လှစွာသော ခင်ပွန်းသည် ၃-၂-၂၀၁၉ ရက် ညနေ ၄း၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၄-၂-၂၀၁၉ ရက်တွင် ပြင်ဦးလွင်မြို့၌ ဒါဖွာနာပြီးစီးကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဆရာမ ဒေါ်ခင်သန်းဝင်း
**အလယ်တန်းပြ(ငြိမ်း)**
**စိန်ဂျွန်း၊ အထက(၁) လမ်းမတော်၊ အလက(၂) ဒေါပုံ**
### အသက် (၇၂)နှစ်

ရန်ကုန်မြို့ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ်(၅)နေ (ဦးဘအေး-ဒေါ်ခင်ကြည်)တို့၏ တတိယသမီး၊ (ဗိုလ်ကြီးဒေါ်တင်ဝင်း)၊ ဦးမြင့်ဆွေတို့၏ညီမ၊ (ဦးဘုန်းကြွယ်)-ဒေါ်အေးအေးချို၊ (ဦးဆန်းလင်း-ဒေါ်စန်းစန်းတင့်)၊ ဦးအေးကို-ဒေါ်ခင်ချိုချို၊ ဦးအောင်မြင့်(ခ)ဦးမြင့်အောင်တို့၏ အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏ ကြီးတော်၊ မြေးခြောက်ယောက်တို့၏ ဘွားဘွားသည် ၉-၂-၂၀၁၉ ရက် ည ၈း၃၅ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၉ ရက် ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်မင်းအောင်
### အသက်(၆၅)နှစ်
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

မော်လမြိုင်မြို့ ဈေးချို-စမ်းကြီးရပ်နေ ဒေါ်ခင်စန်းဌေး [လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆားလုပ်ငန်း]၏ ခင်ပွန်း၊ Dr.အောင်ဟိန်း-Dr.ငုံငုံခိုင်မင်း၊ မယမုံခိုင်မင်း(US Embassy)၊ မောင်ပြေဇော်ခိုင်မင်း (S.R Shipping Co.,Ltd) တို့၏ ဖခင် သည် ၆-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် မုရောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ချိုမာဝင်း
### အသက်(၄၇)နှစ်

မော်လမြိုင်မြို့ အောက်လမ်းမကြီး၊ ထားဝယ်စုရပ်၊ အမှတ် (၅၂၃)နေ (ဦးရန်အောင်)-ဒေါ်ရှမ်းမ(အောင်သွေးဆေးစတိုး)တို့၏ သမီးကြီး၊ ဒေါ်ကျင်ငွေ၏ တူမ၊ ကိုကျော်သူရ-မဥမ္မာစံ၊ ကိုကျော်ဇင်ဦး-မစုနန္ဒာအောင်၊ ကိုအောင်စည်သူထွန်း-မအိဇာလွင်တို့၏ အစ်မကြီး၊ မအေးချမ်းသူ၊ မဆုမြတ်နိုးအိမ်၊ မအထင်ကရမေ၊ မောင်ရလဒ်တို့၏ကြီးကြီး ဒေါ်ချိုမာဝင်းသည် ၈-၂-၂၀၁၉ (သောကြာနေ့) ညနေ ၅း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မန်းရွှေစက်တော်ဗုဒ္ဓပူဇနီယပွဲတော်နှင့် ခြေတော်ရာနှစ်ဆူ ဖွင့်ပွဲကျင်းပ



**မန်းရွှေစက်တော်ဗုဒ္ဓပူဇနီယပွဲတော်နှင့် ခြေတော်ရာနှစ်ဆူဖွင့်ပွဲ ကျင်းပစဉ်။** ဓာတ်ပုံ-မေသူလွင်(မကွေးကိုယ်ပွား)

**မင်းဘူး ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ရက်ပေါင်း ၇၀ ကြာ ကျင်းပမည့် ၂၅၈၅ ကြိမ်မြောက် မန်းရွှေစက်တော်ဗုဒ္ဓပူဇနီယပွဲတော်နှင့် ခြေတော်ရာနှစ်ဆူ ဖွင့်ပွဲကို ပွဲတော်ကွင်းအတွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲသို့ သီတဂူဆရာတော်ကြီးနှင့် ဆရာတော် သံဃာတော်များ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ်တိုင်းမှူးနှင့် အရာရှိ၊ အရာခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များ၊ ဘုရားဖူးပြည်သူများ၊ ဆယ့်နှစ်ပွဲဈေးသည်များ တက်ရောက်ခဲ့ကြပြီး မန္တလေး သိန်းဇော်နှင့် အနုပညာရှင်များက ဓမ္မတေးများဖြင့် ပူဇော်ခဲ့ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့**


**ပြည်ထောင်စုစည်းလုံးညီညွတ်ရေး အုတ်မြစ်**
စာမျက်နှာ » ၇

**ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံကိန်း ၇၉ ခု ၂၀၁၉ ခုနှစ်တွင် အကောင်အထည်ဖော်မည်**
စာမျက်နှာ » ၈

**လားရှိုး၌ ဝက်သက်ရောဂါဟု သံသယဖြစ်သူ ၁၇ ဦး တွေ့ရှိ ရောဂါကာကွယ်ဆေးများ အချိန်မီထိုးနှံပြီးစီး**
စာမျက်နှာ » ၉

**စောင်ဖြူ စောင်ကျား ထွေးလို့မလုံ မေတ္တာခြုံမှလုံ**
စာမျက်နှာ » ၁၀

**အမေရိကန်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ ထိပ်သီးဆွေးနွေးပွဲ ဟန္နွိုင်းမြို့တွင် ကျင်းပမည်**
စာမျက်နှာ » ၁၂


## မြန်မာ ယူ-၂၂ အသင်းနှင့် MNL ကလပ် ရောဝတီအသင်း ခြေစမ်းပွဲကစားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် မြန်မာနေရှင်နယ်လိဂ်ကလပ် ရောဝတီအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ပြင်ဆင်မှုများပြုလုပ်**

မြန်မာ ယူ-၂၂ အသင်းသည် ယခုရက်ပိုင်းအတွင်း ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဒဏ်ရာရနေသည့် တိုက်စစ်မှူး ဇင်မင်းထွန်း (မကွေး) အား ပြန်လည်စေလွှတ်ခဲ့ပြီး မကွေးအသင်းတောင်ပံကစားသမား စိုးလွင်လွင်နှင့် Southern တိုက်စစ်မှူး ချမ်းငြိမ်း၊ ရှမ်းယူနိုက်တက်လူငယ်အသင်းနောက်ခံလူ ဇွဲထက်မင်းတို့ကို ခေါ်ယူအားဖြည့်ခဲ့သည်။ ထို့ကြောင့် မြန်မာ ယူ-၂၂ အသင်း၏ ပဏာမလူစာရင်းမှာ ၃၀ အထိရှိလာပြီး အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ဇင်မင်းထွန်းသည် ဖေဖော်ဝါရီ ၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



**မြန်မာနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

## အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း အဖွင့်ပွဲတွင် ဂိုးပြတ်နိုင်


**နေပြည်တော် ဖေဖော်ဝါရီ ၉**

အိန္ဒိယဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် Hero Gold Cup အိန္ဒိယဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက အိန္ဒိယနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက နီပေါအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

**ဂိုးပြတ်အနိုင်ရ**

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုအဖွင့်ပွဲတွင် ခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲတွင် ပုံစံကောင်း ပြသနိုင်ခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုးသာသွင်းနိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးများထပ်မံသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အား ကြိုဆိုဂုဏ်ပြုခြင်း

**မင်းလပြည့်(ဟားခါး)**

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသော ပင်မမျိုးနွယ်စုကြီးများတွင် နေ့ထူးနေ့မြတ်များ အသီးသီးရှိကြသည်။ ထိုအထဲတွင် အမျိုးသားနေ့လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာရခြင်းမှာ စည်းလုံးညီညွတ်ရေး၊ ဆိုရှယ်လစ်ရေး၊ ဒီမိုကရေစီရေးဆိုသည့် လေးနက်ကျယ်ဝန်းသော သမိုင်းရေးကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း သိရသည်။

ချင်းအမျိုးသားများသည် အခြားပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုများနဲ့အတူ နယ်ချဲ့လက်အောက်တွင် ခါးသီးဖွယ်ကောင်းသည့် ဘဝကို ခံစားခဲ့ရသည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အဘက်ဘက်မှ အဖိနှိပ်ခံရသည်သာမက ပြည်မနှင့် အခြားသောပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုများနှင့် အဆက်အသွယ်ဖြတ်တောက်ခံရခြင်း၊ အသိဉာဏ်အမှောင်ချခံရခြင်း၊ ဘာသာရေးကို ဗန်းပြပြီး ယဉ်ကျေးမှုကို ဖျက်ဆီးခံရခြင်း စသည့် နယ်ချဲ့တို့၏ ဖိနှိပ်မှုကိုခံခဲ့ရသဖြင့် ချင်းအမျိုးသားများသည် ခေါင်းငုံ့မခံဘဲ အခွင့်သာတိုင်း ရရာလက်နက်ကို ကိုင်စွဲပြီး သွေးမြေကျခံကာ နယ်ချဲ့ကို ရဲရဲတောက်တော်လှန်ခဲ့ကြသည်။ နယ်ချဲ့အား ရဲရဲတောက်တော်လှန်ခြင်းကာ ချင်းအမျိုးသားနေ့ကို စတင်သန္ဓေတည်ခဲ့ကြောင်း တွေ့ရသည်။ ၁၉၂၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မင်းတပ်နယ် နော်ချောင်းတိုက်နယ်ရှိ လိုရုံခေါ် မသုံးနူးကျေးရွာမှာ “ချင်းတောင် ညီညွတ်ရေးအဖွဲ့”ကို စတင်ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ ထိုအဖွဲ့သည် ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်၊ ၁၃၀၀ ပြည့် အရေးတော်ပုံစသည့် မြေပြန့်ညီအစ်ကိုများ၏ တော်လှန်ရေးတိုက်ပွဲများကို ထောက်ခံအားပေးခဲ့ရုံသာမက နယ်ချဲ့အစိုးရထံ ရဲရင့်ပြတ်သားသော

အထူးကဏ္ဍ [ ခ ] သို့ »»




# ရခိုင်ရိုးရာ စပါးကြိတ်ဆုံ

ကြိတ်ဆုံသည် ရခိုင်တိုင်းရင်းသားလူမျိုးတို့၏ အသုံးအဆောင်ပစ္စည်း တစ်ခုဖြစ်သည်။ အရာဝတ္ထုတစ်ခုကို ကြေညက်အောင်ထုထောင်းသည်ကို မြန်မာဝေါဟာရ အဘိဓာန်၌ ကြိတ် ဟု အဓိပ္ပာယ်ရ၏။ ‘ဆုံ ’ဆိုသည်မှာ မိမိတို့ ကြိတ်ကြေမည့် အရာဝတ္ထုကို တင်၍ထားသော၊ ထည့်၍ထားသော အောက်ခံပစ္စည်းကို ခေါ်ဆိုသည်။ စပါးကြိတ်စက်မပေါ်သည့်အချိန်တွင် ရခိုင်လူမျိုးများသည် ကြိတ်ဆုံကို အသုံးပြုပြီး စပါးကို ကြိတ်ခွဲ၍ စားသောက်ခဲ့ကြရသည်။

စပါးကြိတ်ဆုံကို ရခိုင်ပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ကျေးလက်ဒေသများ၌ ယနေ့တိုင် အသုံးပြုနေကြဆဲဖြစ်သည်။ စာရေးသူတို့ ငယ်စဉ်အခါက ရွာ၌ စပါးကြိတ်ဆုံများ အိမ်တိုင်းလိုလိုရှိကြသည်။ စပါးကြိတ်ဆုံတွင် အပေါ်ပိုင်းနှင့် အောက်ပိုင်းဟူ၍ နှစ်ပိုင်းပါရှိသည်။ ကြိတ်ဆုံ၏ အပေါ်ပိုင်းနှင့် အောက်ပိုင်းကို ဝင်ရိုးတစ်ခုဖြင့် ဆက်ထားပြီး ဝါး ၊ ရွှံ့၊ သစ်သားတို့ဖြင့် ပြုလုပ်ကြရသည်။

ကြိတ်ဆုံ၏ အပေါ်ပိုင်း၌ သစ်သားတန်းတစ်ခုပါရှိကာ လှည့်တံကို လက်ဖြင့် လှည့်လို့ရအောင် သစ်သားတန်းအား အပေါက်ဖောက်ပေးထားရပြီး အပေါ်ပိုင်း၌ စပါးထည့်သည့် အပေါက်ရှိသည်။ ကြိတ်ဆုံသည် လေးပေနီးပါး အမြင့်ရှိသည်။ ကြိတ်ဆုံကို လက်နှင့်လှည့်သည့် လှည့်တံ အရှည် ငါးပေနီးပါး ရှိသည်။ စပါးအခွံခွာပေးနိုင်သည့် သစ်သားပြားများကို ကြိတ်ဆုံ၏ အောက်ပိုင်းတွင် မြှုပ်ထားသည်။ ကြိတ်ဆုံ အပေါ်ပိုင်းကို သစ်သားလှည့်တံဖြင့် လှည့်၍ရပြီး အောက်ခံပိုင်းသည် အသေဖြစ်သည်။ ကြိတ်ဆုံအောက်ပိုင်းရှိ သစ်သားပြားများ၌ တင်ကျန်နေသောစပါးကို လက်လှည့်အား အပေါ်ပိုင်း၏ ဖိအားဖြင့် စပါး၏အခွံများ ကွာသွားစေပြီး လုံးတီးဆန်များ ရရှိလာသည်။

စပါးကို စက်နှင့်ကြိတ်၍ ရရှိသောဆန်ကို စားသုံးခြင်းထက် စပါးကို ကြိတ်ဆုံနှင့် ကြိတ်၍ရရှိလာသည့် ဆန်ကို စားသုံးခြင်းက ကျန်းမာရေးနှင့် ပို၍ညီညွတ်စေသည်။ စပါးကို ကြိတ်ဆုံနှင့် ကြိတ်ခြင်းအားဖြင့် ရရှိလာသောဆန်သည် အလေအလွင့်နည်းပါးသည်။

ရခိုင်ပြည်နယ်၌ စပါးကြိတ်ဆုံများ ပျောက်ကွယ်လာရခြင်း အကြောင်းရင်းမှာ စပါးကြိတ်စက်ငယ်များ အစားထိုးဝင်ရောက်လာခြင်းကြောင့် ဖြစ်သည်။ ယနေ့အချိန်တွင် စက်များအသုံးပြု၍ စပါးကို အလွယ်တကူ ကြိတ်ခွဲရရှိလာခြင်းကြောင့်လည်း စပါးကြိတ်ဆုံကို ရခိုင်ပြည်သူများ အပင်ပန်းခံ၍ အသုံးမပြုတော့ခြင်း ဖြစ်သည်။

တစ်ခေတ်တစ်ခါက ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသများ၌ စပါးကို ကြိတ်ဆုံဖြင့် အသုံးပြုခြင်းဖြင့်သာ ဆန်ကိုရရှိသဖြင့် အသက်ရှင်ရေးအတွက် အထောက်အကူပြုပေးခဲ့သော ရခိုင်လူမျိုးတို့၏ အသုံးအဆောင်ပစ္စည်းတစ်ခုဖြစ်သည့် စပါးကြိတ်ဆုံကို မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သိရှိနိုင်အောင် တင်ပြပေးလိုက်ခြင်းဖြစ်သည်။

**အောင်ကြည်မိုး(စစ်တွေ)**

❒



တိုင်းရင်းသားရေးရာ

မြို့သစ် အထူးကဏ္ဍ



»» (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့မှ

တောင်းဆိုချက် ကိုးချက်ကို တောင်းဆိုခဲ့ကြောင်း သိရသည်။

ထိုအချက် ကိုးချက်မှာ-

(၁) ချင်းတောင်တန်းဒေသအုပ်ချုပ်ရေးကို ပြည်မနဲ့ တန်းတူအခွင့်အရေးပေးရန်၊
(၂) ချင်းတောင်အုပ်ချုပ်ရေးတွင် ချင်းအမျိုးသားကိုယ်စားလှယ်များ ပါဝင်ရေးဆွဲသော ဥပဒေသာကျင့်သုံးရန်၊
(၃) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်လူမှုရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြုပြင်ဆောင်ရွက်ပေးရန်၊
(၄) ချင်းတောင် ပညာရေးစနစ်ကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန်၊ အင်္ဂလိပ်စာအပြင် မြန်မာစာကိုပါ သင်ကြားခွင့်ပေးရန်၊
(၅) ဘာသာရေးလွတ်လပ်ခွင့်ပေးရန်၊
(၆) ချင်းတောင်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် အမြန်ဆုံး ဖောက်လုပ်ပေးရန်၊
(၇) ပြည်မနဲ့ ချင်းတောင်တန်းဒေသ လွတ်လပ်စွာ ကူးလူးဆက်ဆံခွင့်ပြုရန်၊
(၈) ချင်းလူမျိုးတို့အား မည်သည့်လူမျိုးနဲ့မဆို တန်းတူဆက်ဆံခွင့်ပြုရန်၊
(၉) မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသောအခါ ချင်းတောင်ကိုပါ တစ်ပါတည်း လွတ်လပ်ရေးပေးရန် စသည့် အချက်များပါသည်။

အင်္ဂလိပ်အစိုးရနဲ့ ချင်းတောင်ညီညွတ်ရေးအဖွဲ့တို့သည် ၁၉၃၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှာ တွေ့ဆုံဆွေးနွေးကြသည်။ အချက် ကိုးချက်ကို အင်္ဂလိပ်အစိုးရက လိုက်လျောမှု မပြုသည့်အပြင် ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို မတရားအသင်းကြေညာပြီး ခေါင်းဆောင် ကိုးဦးကိုပါ ဖမ်းဆီးခဲ့ကြသည်။ တိုက်နယ်ဥက္ကဋ္ဌ ၃၆ ဦးတို့ကလည်း ရာထူးမှ နုတ်ထွက်ပြီး အခွန်မဆောင်၊ ကူလီမထမ်း၊ အစိုးရအမှုမထမ်း၊ အစိုးရနဲ့ အဆက်အသွယ်ဖြတ်ရန် ပြည်သူ့အင်အားဖြင့် သပိတ်မှောက်ခဲ့ကြသည်။ ချင်းအမျိုးသားများ၏ ရဲရင့်ပြောင်မြောက်သည့် နယ်ချဲ့ဆန့်ကျင်ရေးကို ပိုမိုအရှိန်ရရှိစေရုံသာမက မြန်မာတစ်ပြည်လုံး လွတ်လပ်ရေးအတွက်ပါ ပိုမိုအရေးပါလာသည်။ ချင်းအမျိုးသားနေ့၏ သန္ဓေသားသည်လည်း ပိုမိုရင့်မာလာခဲ့ရသည်။ ချင်းမျိုးချစ်စစ်သည်တော်များက ချင်းတိုင်းရင်းသားများ ပညာမြှင့်တင်ရေးအဖွဲ့ကို ၁၉၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မေမြို့(သို့မဟုတ်) ပြင်ဦးလွင်မြို့မှာ ဖွဲ့စည်းခဲ့ပြီး ချင်းတိုင်းရင်းသားများရဲ့ပညာမျက်စိကို ဖွင့်ပေးကာ အမျိုးသားစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို ဖော်ဆောင်ပေးခဲ့သော အမျိုးသားရေးသမိုင်းဝင်ဖြစ်ရပ်ရှိခဲ့သည်။

**သမိုင်းဝင်ဖြစ်ရပ်ရှိ**

ဦးဝမ္မသူးမောင် ဦးဆောင်ပြီး ၁၉၃၃ ခုနှစ်မှာ ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ဟာ ချင်းတိုင်းရင်းသားတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ဗြိတိသျှအစိုးရကို တောင်းဆိုချက် ကိုးချက် တင်ပြတောင်းဆိုခဲ့ကြသည်။ ထိုတောင်းဆိုချက်နှင့်ပတ်သက်၍ မကွေးတိုင်းမင်းကြီး ဦးဆောင်သည့် တွေ့ဆုံပွဲကို ၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကန်ပက်လက်မြို့၌ ကျင်းပခဲ့ကြသည်။ ဗြိတိသျှအစိုးရက တောင်းဆိုချက်များကို လိုက်လျောခြင်းမရှိသည့်အတွက် ချင်းတိုင်းရင်းသားများက ဗြိတိသျှကို ဆန္ဒပြသပိတ်မှောက်ခဲ့ကြသည့် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းဝင်ဖြစ်ရပ်ရှိခဲ့သည်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ချင်းပြည်နယ် ဖလမ်းမြို့၌ လူထု ၅၀၀၀ ကျော်ခန့်က ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းကို ဖျက်သိမ်းပြီး ဒီမိုကရေစီစနစ်ကျင့်သုံးရန် ထောက်ခံအတည်ပြုခဲ့ကြသည့် တတိယလွတ်လပ်ရေးသမိုင်းဝင်ဖြစ်ရပ်တို့ ရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် အချုပ်အခြာအာဏာပိုင်သော လွတ်လပ်ရေးရလာသည့်အခါ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့် ယခင်စော်ဘွား၊ တိုက်သူကြီးအုပ်ချုပ်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးဖြေရှင်းရန် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ချင်းဝိသေသတိုင်း မြောက်ပိုင်းခရိုင်ဖြစ်သည့် ဖလမ်းမြို့တွင် "ချင်းအမျိုးသားညီလာခံ"ကို ကျင်းပခဲ့သည်။ ထိုညီလာခံမှာ ပြည်သူလူထုကိုယ်စားလှယ် ၅၀၀၀ ကျော် တက်ရောက်ခဲ့သည်။

**အမြစ်မကျန်တွန်းလှန်**

ညီလာခံ၏ ဒုတိယနေ့ ဖေဖော်ဝါရီ ၂၀ ရက်တွင် တီးတိန်မြို့နယ် တွီးထန်ရွာသား ဦးထန်ဇကိုင်းက "နယ်ချဲ့တို့၏ အမွေဆိုးအဖြစ်ကျန်ခဲ့သည့် စော်ဘွား၊ တိုက်သူကြီးများ၏ အုပ်ချုပ်ရေးစနစ်သည် ဆင်းရဲသားလူထုအပေါ် အခွန်မတန်တဆကောက်ခံခြင်း၊ ကူလီဝန်ထမ်းများ လုပ်ခမပေးဘဲခိုင်းစေခြင်း၊ ဆင်းရဲသားလူထု၏ ချွေးနှဲစာကို အမျိုးမျိုးခေါင်းပုံဖြတ်သည့်စနစ်ဖြစ်သည်။ ထို့ကြောင့် ထိုစနစ်အား အမြစ်မကျန် တွန်းလှန်ဖြိုလှဲပြီး ဒီမိုကရေစီစနစ်ဖြင့် အစားထိုးပြဋ္ဌာန်းရန်" ဟူသော အဆိုကို တင်သွင်းခဲ့သည်။

ယင်းအဆိုကို ထောက်ခံသူများကတော့ ကန်ပက်လက်မြို့နယ် လူမျိုးစုလွှတ်တော်အမတ်ဟောင်း ဦးဟန်ဘုံထန်နှင့် ဖလမ်းနယ် လိုင်ဇိုးရွာမှ ဦးချွန်မန်းတို့ ဖြစ်သည်။ ယင်းအဆိုကို မဲခွဲဆုံးဖြတ်ရာ ထောက်ခံသူ ၄၈၃ ဦးနှင့် ကန့်ကွက်သူ ၁၇ ဦးသာ ရှိခဲ့သဖြင့် အတည်ပြုနိုင်ခဲ့သည်။ ထိုနေ့တွင် ချင်းလူမျိုးတို့၏ ပထမဆုံးသော သွေးစည်းညီညွတ်ရေးညီလာခံကို ကျင်းပနိုင်ခဲ့ခြင်း၊ ဒီမိုကရေစီစနစ်အား အုတ်မြစ်ချနိုင်ခဲ့ခြင်းဖြင့် ချင်းအမျိုးသားနေ့သည် သန္ဓေတည်ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ချင်းအမျိုးသားနေ့သည် ထိုကဲ့သို့သော လေးနက်ပြီး အဓိပ္ပာယ်ပြည့်ဝသည့်၊ အနှစ်သာရရှိသည့် သမိုင်းနောက်ခံများရှိနေပါသော်လည်း ချင်းအမျိုးသားတို့၏ စည်းလုံးညီညွတ်မှုကို မရစေလိုသူ လူနည်းစုတို့၏ နှောင့်ယှက်မှုအမျိုးမျိုးကိုခံခဲ့ရကြောင်း တွေ့ရှိရသည်။ ဥပမာ ၁၉၅၆-၁၉၅၇ ခုနှစ်တွင် ချင်းအမျိုးသားနေ့ ဖျက်သိမ်းရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ ချင်းအမျိုးသားနိုင်ငံရေးသမားများနှင့် ရန်ကုန်တက္ကသိုလ် ချင်းလူမျိုးကျောင်းသားများက ဆန္ဒပြကန့်ကွက်ခဲ့သည့်အတွက် ဖျက်သိမ်းနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း၊ ၁၉၆၆ ခုနှစ်တွင် ချင်းအမျိုးသားနေ့အား ချင်းဝိသေသတိုင်းနေ့အဖြစ် အစားထိုးရန် အကြံပြုမှုများ ထပ်မံပေါ်ပေါက်ခဲ့သော်လည်း ချင်းအမျိုးသားခေါင်းဆောင် ဦးဝမ္မသူးမောင်က ခါးခါးသီးသီး ငြင်းဆိုခဲ့ခြင်းကြောင့် အကြံပြုချက်မအောင်မြင်ခဲ့ကြောင်း၊ ယခုအခါ ချင်းအမျိုးသားနေ့အား ချင်းပြည်နယ်နေ့နှင့် တစ်ထပ်တည်းကျင်းပရန်၊ ဒါမှမဟုတ် ချင်းပြည်နယ်နေ့အဖြစ် ပြောင်းလဲသတ်မှတ်ရန် ကြိုးပမ်းမှုများလည်း ပေါ်ထွက်လာခဲ့သည်။

ချင်းပြည်နယ်သည် ၁၉၇၄ ခုနှစ် ဇန်နဝါရီ ၃ရက်တွင် အခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြီးမှသာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်နေ့ ကျင်းပမည်ဆိုပါက ဇန်နဝါရီ ၃ ရက်ပင်ဖြစ်သင့်ကြောင်း ယူဆပြီး ချင်းပြည်နယ်နေ့သည် ပထဝီအနေအထားအရ သတ်မှတ်ထားသော ချင်းပြည်နယ်၏ အကျယ်အဝန်းကိုသာ ကိုယ်စားပြုကြောင်း၊ ချင်းအမျိုးသားနေ့ဟုဆိုရာ၌ ချင်းလူမျိုးအားလုံးကို ကိုယ်စားပြုကြောင်း တင်ပြပါဟုလည်း အချို့က ၎င်းတို့အမြင်ဖြင့် ပြောဆိုကြသည်။

**ရေးသားထား**

၁၉၅၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (၁၃၁၃ ခုနှစ် တပို့တွဲလဆုတ် ၁၀ရက်)တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ရှိ သမ္မတစဝ်ရွှေသိုက်၏ ဆုမွန်ကောင်းတောင်းပေးပို့သောစာတွင် ဖော်ပြပါအတိုင်း ရေးသားထားကြောင်း သိရသည်။

**အုပ်ချုပ်လာခဲ့**

ချင်းအမျိုးသားနေ့သည် နောက်ခံအကြောင်းရင်း သုံးခုမှ ပေါ်ထွန်းလာကြောင်း သိရသည်။ ပထမ နောက်ခံအကြောင်းရင်းကတော့ ပဒေသရာဇ်အုပ်စိုးမှုကို ဆန့်ကျင်တွန်းလှန်ဖြိုဖျက်ရာမှ ပေါ်ထွန်းလာခဲ့ကြောင်း၊ ရှေးယခင်က ချင်းလူမျိုးများကို မျိုးနွယ်စုအကြီးအကဲများက အစဉ်အဆက် အုပ်ချုပ်လာခဲ့ပြီး မျိုးနွယ်စုအကြီးအကဲများသည် မျိုးရိုးအစဉ်အလာအရ မိမိဆက်ခံရရှိထားသော အပိုင်စားနယ်အတွင်းရှိ လူအများကို ကျေးကျွန်များအဖြစ် သတ်မှတ်ကာ မြေယာအားလုံးကိုလည်း ၎င်းတို့ချုပ်ကိုင်ထားသည့် မြေယာများဟု မှတ်ယူကြောင်း၊ ၎င်းတို့၏ ပိုင်နက်နယ်မြေထဲ၌ နေထိုင်သူအားလုံးသည် မျိုးနွယ်စုအကြီးအကဲ၏ အမိန့်ကိုနာခံရသည်။ မနာခံပါက ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာအားလုံးကို သိမ်းယူခွင့်ရှိပြီး မွေးမြူထားသော ကျွဲ၊ နွား၊ မြင်း လိုရာ သိမ်းယူနိုင်သည်။ တောကောင်ပစ်ခတ် ရရှိလျှင်ဖြစ်စေ၊ ရပ်ရွာအတွင်း အိမ်မွေးတိရစ္ဆာန်များကို စားသုံးသည့်အခါမှာတွင်ဖြစ်စေ အကောင်းဆုံးပေါင်သား ကို အကြီးအကဲအား ဆက်သရသည်။ အချို့နယ်မြေများတွင် မျိုးနွယ်စုအကြီးအကဲ ကွယ်လွန်သည့်အခါ အချစ်ဆုံးကျေးကျွန်ကို အကြီးအကဲနှင့်အတူ မြေမြှုပ်ရသည်။ သို့သော်လည်း အကြီးအကဲတိုင်း ယင်းသို့မဟုတ်ဘဲ ရပ်ရွာလူထုအား သနားကြင်နာစွာဖြင့် ထောက်ပံ့ဆက်ဆံသည့် အကြီးအကဲများလည်း ရှိခဲ့သည်။ ဒီလိုအခြေအနေတို့ကို လူထုကလက်မခံနိုင်ခဲ့ပါ။ ဥပမာအားဖြင့် ဟားခါးဒေသမှာ ပူးရိုထန်း ဦးဆောင်ပြီး ရွာပေါင်း ၆၀က မျိုးနွယ်စုအကြီးအကဲများ၏ အုပ်ချုပ်မှုကို ဖျက်သိမ်းပေးရန် ဖလမ်းအရေးပိုင်ထံ တောင်းဆိုမှုဖြစ်ရပ်များ ရှိခဲ့ဖူးကြောင်း၊ ထို့ကြောင့် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီအတွင်း၌ ထိုစဉ်က နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက် ဖလမ်းမြို့သို့ ရောက်ရှိချိန်တွင် ချင်းတောင်မှ မျိုးနွယ်စုအကြီးအကဲများ အုပ်ချုပ်မှုစနစ်ကို ဖျက်သိမ်းပေးရန် လူထုကတောင်းဆိုခဲ့ကြောင်း သိရသည်။

ဆက်လက်ဖော်ပြပါမည်။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ချင်းပြည်နယ် ဖလမ်းမြို့၌ လူထု ၅၀၀၀ ကျော်ခန့်က ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ဟောင်းကို ဖျက်သိမ်းပြီး ဒီမိုကရေစီ စနစ်ကျင့်သုံးရန် ထောက်ခံအတည်ပြုခဲ့ကြသည့် တတိယလွတ်လပ်ရေးသမိုင်းဝင်ဖြစ်ရပ်တို့ ရှိခဲ့ကြကြောင်း

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

# ယဉ်ကျေးမှုအမွေအနှစ်များစွာထိန်းသိမ်းရာ ကဒူးတိုင်းရင်းသားတို့၏ စက်တောရွာသို့ တစ်ခေါက်

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာ တစုတဝေးတည်းရှိနေသည့် ကဒူးတိုင်းရင်းသားတို့၏ စက်တောရွာသည် အိမ်ခြေ ၃၀၀ကျော်ရှိသည့် ရွာတန်းရှည်ဖြစ်သည်။ စက်တောရွာနှင့် ဗန်းမောက်မြို့မှာ သုံးမိုင်သာဝေး၏။

စက်တောဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသသည် သက်တော် ၈၈နှစ် သိက္ခာတော် ၆၈ဝါမှာ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော်လည်း စာရေးသူတို့ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)အဖွဲ့ကို အားတက်သရောကြိုဆိုပြီး ဆရာတော်စဉ်ဆက်မပျောက်မပျက်ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို စိတ်ရှည်စွာပြသပေးတော်မူ၏။

ဆရာတော်ပြသသော ရှေးဟောင်းအမွေအနှစ်ပစ္စည်းများတွင် ပေရွက်များဖြင့်ရေးသားထားသည့် ရှေးဟောင်းတစ်ကြောင်းစာချွန်တော်များ၊ ဘုရားဂုဏ်တော်အမွှမ်းစာလွှာများ၊ ဆေးကျမ်း၊ ခတ်ကျမ်း၊ ဗေဒင်ကျမ်းများ၊ မင်းတုန်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီး စကြာဒေဝီလှူဒါန်းထားခဲ့သော ထီးဖြူတော် နှစ်လက် မလ္လိကာတန်ဆာနှင့် အတောင် ၂၀ ရှိဝတ်လဲတော် မကိုဋ်တော်များ၊ နှစ်ပေါင်း ၂၀၀ခန့်က ရှေးဟောင်းဆင်းတုရုပ်ပွားတော်များ၊ ရှေးဟောင်းဆင်စွယ်ဗီရိုများ၊ ရှေးဟောင်းတိုးနရားရုပ်များ၊ ရွှေရေးပုရပိုက်ထည့်သည့် ရှေးဟောင်းရွှေရေးစာတိုက်သေတ္တာများ၊ ရှေးဟောင်းကြေးကွမ်းခံခွက်များ၊ ရှေးဟောင်းဟင်္သာရုပ်တုများ၊ ရှေးဟောင်းနောက်ခံလိုက်ကာပစ္စည်းများနှင့် ဇလုံတောင်ပထမသာသနာပြုခဲ့သည့် ဦးသောဘိတ(လူအမည် ဦးသာအေး)လှူဒါန်းခဲ့သော ထီးတော်နှင့်ငှက်မြတ်နားတော်စသည်များပါဝင်သည်။

“ဆရာတော်က သက်တော် ၈၈ နှစ် ဝါတော် ၆၈ ဝါရှိနေပါပြီ။ ရှေးဟောင်းသုတေသနဌာနတွေကလာပြီး လေ့လာကြတာရှိပါတယ်။ ပစ္စည်းတွေကို ဟိုလူတောင်းဒီလူတောင်းနဲ့ စွန့်ပေးလိုက်ရတာတွေလည်းရှိခဲ့ပါတယ်။ ပစ္စည်းတွေက နှစ်ပေါင်းရာချီကြာနေပြီဆိုတော့ လူတိုင်းကိုတော့ ကိုင်ခွင့်မပေးနိုင်တော့ပါဘူး။ နိုင်ငံတော်ကိုလှူဒါန်းလိုက်ဖို့ပြောပေမယ့် ကျွန်တော်တို့ရွာရဲ့သမိုင်းအမွေအနှစ်မို့ ရွာကနေတခြားကို ထည့်ပေးဖို့ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ ကြည့်ရှုလေ့လာလိုသူတွေ မည်သူမဆိုကြည့်ခွင့်ရဖို့အတွက် ဆက်ပြီးပြသပေးပါမယ် ”ဟု စက်တောကျေးရွာနာယက ဦးမောင်သောင်းက ပြောသည်။

ကျောင်းဝင်းအတွင်း နှစ် ၈၀ကျော်မျှက တည်ဆောက်ထားသည့် ကျောင်းတော်ကြီးမှာလည်း အလွန်ထည်ဝါလှပေ၏။ လှေကားအမြင့် နှစ်ဖက်နှင့် သေသပ်လှပသလို ရတနာပုံခေတ်၏ လက်ရာကို အရယူတည်ဆောက်ထား၏။


ကျောင်းကြီးပေါ်၌ ဆရာတော်ကြီး၏ တပည့်သံဃာများ၏ ပညာရေးအောင်လက်မှတ်များစွာတွေ့မြင်ရ၏။ ထိုအောင်လက်မှတ်များအနက် ပထမပြန်စာမေးပွဲကြီး၏ အဦးအစ အစိုးရမင်းတို့၏ လက်မှတ်များနှင့် ရှားပါး၍တွေ့ခဲ့လှသော အောင်လက်မှတ်များကိုပါ မြင်တွေ့ခဲ့ရပေသည်။

ရှားပါးသော အမွေအနှစ်များထဲမှ ဇလုံတောင်၌ တည်ထားကိုးကွယ်လျက်ရှိသော စေတီတော်နှင့်ပတ်သက်သည့် မှတ်တမ်းမှတ်ရာများကိုပါ ဆရာတော်ကြီးထိန်းသိမ်းထားနိုင်ခဲ့ပါ၏။

စက်တောကျောင်းအတွင်း၌ တွေ့မြင်ခဲ့ရသော သိမ်ကျောင်းတိုက်မှာ နှစ်ပေါင်း ၁၅၀ကျော်အထိ သက်တမ်းရှိနေသည်ဟု ဦးလှထွန်းကပြောသည်။ နှစ်ထပ်ကျောင်းဆောင်မှာ အောက်ခံအုတ်တိုက်ဖြစ်ပြီး အပေါ်ထပ်မှာ သစ်သားအဆောက်အအုံဖြစ်၍ ဘုံအဆင့်ထက်တွင် စုလစ်မွမ်းချွန်များနှင့် တန်ဆာဆင်ထားခြင်းကြောင့် ရင်သပ်ရှုမောဖြစ်ကြရသည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာ တစုတဝေးတည်းထိန်းသိမ်းစောင့်ရှောက်ထားရှိရာ ဗန်းမောက်မြို့နယ် ကဒူးတိုင်းရင်းသားတို့၏ စက်တောကျေးရွာသို့တစ်ခေါက်တစ်ခါ လာရောက်လေ့လာနိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။

**ကိုမင်း(အင်းတော်)**



»» ရှမ်းတိုင်းရင်းသားတို့မှ

တဖျပ်ဖျပ်ခတ်ကာဝေဒနာကို အလူးအလဲခံစားနေရပုံကို သရုပ်ဖော်ကပြသည်။

ထိုအခါ ကိန္နရီမှာ ပူဆွေးငိုကြွေးပြီး အရူးတစ်ပိုင်းဖြစ်နေဟန်၊ ကိန္နရာကိုလှည့်ပတ်ကြည့်ရှုပုံ ကကွက်များ၊ ကဟန်များဖြင့်သရုပ်ဖော်ကာ ထို့နောက် ကိန္နရာသည် မြားဆိပ်ပြယ်၍ သက်သာလျက်ပြန်လည်ပျော်ရွှင်စွာ ကကြပုံဖြင့် နောက်ဆုံးတွင် ကိန္နရီ ကိန္နရာတို့မောင်နှံ အတူစုံတွဲက၍ပျံသန်းကြပုံကို ကပြကြရသည်။

နောက်တစ်မျိုးမှာ ကန်တော့ပန်းဆင်အကဖြစ်သည်။ ကန်တော့ပန်းဆင်အကမှာ ရှမ်းအိုးစည်ဗုံမောင်းသံတို့နှင့် စည်းချက်ညီညီသိုင်းကွက်နင်းပြီး ပျော့ပျောင်းနွဲ့နှောင်းစွာ ကပြကြရသည့် အကဖြစ်သည်။ ယင်းအကကို မကမီ ကိန္နရီ ကိန္နရာတို့သည် ယင်းတို့၏ဝတ်ရုံတောင်ပံနှင့်တန်ဆာပလာများ၊ အိုးစည်ဗုံမောင်းနှင့် ကြားဆရာ၊ သင်ဆရာ၊ မြင်ဆရာတို့ကိုကန်တော့ပြီးမှ ကပြကြရသည်။

အဆိုပါ ကိန္နရာအကများကို ရှမ်းတိုင်းရင်းသား၏ ဘာသာရေးပွဲ၊ ဝါကျွတ်ပွဲ၊ ရှင်လောင်းပွဲ၊ ရှမ်းနှစ်သစ်ကူးပွဲနှင့်ရှမ်းတို့၏ အထင်ကရပွဲလမ်းများတွင် ရိုးရာမပျက်မင်္ဂလာယူ ကပြကြရသည်။ မည်သည့်ပွဲလမ်းများတွင်မဆို ကိန္နရီ ကိန္နရာကို ထိပ်ဆုံးထား၍ မင်္ဂလာယူကပြကြရသည်။ အသင်းအဖွဲ့တစ်ခုမှတစ်ခု၊ တစ်ရွာမှတစ်ရွာသို့ သွားရောက်၍ အပြန်အလှန်မင်္ဂလာယူ ကပြကြရသည်။ ကိန္နရီ ကိန္နရာတို့သည် အလှကသည့်အနေဖြင့် တောင်ပံများကို လှပစွာလှုပ်ခတ်ခြင်း၊ ကကွက်များကို စုံလင်စွာကပြခြင်း၊ ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျမှန်ကန်စွာ ကပြသည်။ ခြေထောက်များ ရွေ့လျားမှုသည်လည်း သိုင်းကွက်ကို အခြေခံထားပြီး ကပြကြသည်။ ၎င်းတို့၏ တောင်ပံကိုလှပသောအစိမ်းရောင်ဇာအစများဖြင့် ချုပ်လုပ်ပြီး ထိုအကကိုမြင်ရသူအဖို့ မျက်စိပသာဒဖြစ်ကာ ကြည့်ရှုမဝနိုင်အောင် ကြည့်ပြီးရင်း ကြည့်ချင်စိတ်လွန်ကဲလာတတ်ကြပါသည်။ ကိန္နရာအတောင်ပံပြုလုပ်ပုံမှာ အစိမ်းရောင်ဇာအစများဖြင့် ရောင်စုံဇာအစများကို တောင်ပံဖွင့်နိုင် ပိတ်နိုင်အောင် ဝါးချောင်းလေးများဖြင့် ထိန်းချုပ်ထားပြီး ယင်းဝါးချောင်းကလေးများကို ခါးပတ်ကြိုးနှင့် ချည်နှောင်ထားရပါသည်။ ဝါးချောင်းလေးများထိပ်တွင် အရောင်စုံပန်းပွင့်များ၊ ပန်းဖွားများတပ်ဆင်ထားပြီး နိုင်လွန်စများဖြင့် အထပ်ထပ် လှပစွာချုပ်ထားပြီး အနည်းဆုံး သုံးထပ်၊ ငါးထပ်၊ ကိုးထပ်၊ ၁၂ထပ်အထိ အထပ်အများဆုံးပြုလုပ်ကြရသည်။ အထပ်များလေကြည့်ရှု၍ ပိုကောင်းလေဖြစ်ပြီး ယင်းအစများကို ဘော်ကြယ်များဖြင့် မီးရောင်အောက်တွင် လှပစွာမြင်နိုင်ရန် ချုပ်ကြရသည်။ ဝါးတုတ်လေးများကိုခါးပတ်ကြိုးတွင် လှုပ်ရှားနိုင်အောင် ချည်နှောင်ရသည်။ ခါးပတ်ကိုခါးတွင်ပတ်လိုက်သည်နှင့် တောင်ပံသည် ကမည့်သူ၏ကျောပေါ်တွင် လေးလံစွာထမ်းပိုးသယ်ဆောင်ထားရသည့် အနေအထားတွင်ရှိပေသည်။ တောင်ပံကိုကြိုးဖြင့် ပခုံးနှစ်ဖက်တွင်ထိန်း၍ ချည်ထားရသည်။ ယင်းကြိုးကို ပိုင်နိုင်ကျွမ်းကျင်စွာ လှုပ်ရှားခြင်းဖြင့် တောင်ပံကို ဖြန့်ကြက်ခြင်း၊ စုစည်းခြင်း၊ လှုပ်ခါခြင်း၊ တောင်ပံခတ်ခြင်းများအား မျက်စိပသာဒဖြစ်ဖွယ်ရာ ရှုစားကြရပေသည်။

ယင်းတို့၏ အဝတ်အစားမှာ ရွှေရောင်ဖြစ်ပြီး ဘော်ကြယ်များဖြင့် လှပစွာချုပ်ထားသော ပိုးထည်များဖြစ်ကြသည်။ မကိုဋ်စည်းပုံတို့ကို ခေါင်းတွင်ဆောင်း၍ ကိန္နရာသည် မျက်နှာဖုံးစွပ်၍ ကသည်က များသည်။ ကိန္နရီသည် ၎င်းမျက်နှာကို ခြယ်သပြီး ကရသည်။ မျက်နှာဖုံးမစွပ်ပါ။ ရံဖန်ရံခါ ကိန္နရာသည်လည်း မျက်နှာဖုံးမပါဘဲ ပကတိအတိုင်း ကပြသည်လည်းရှိပေသည်။

ကိန္နရီ ကိန္နရာအကသည် ရှုစားကြည့်ရှုရသူများအဖို့ မျက်စိပသာဒဖြစ်နှစ်ခြိုက်ကြသော်လည်း ထိုအကကို သင်ယူတတ်မြောက်ရန်မှာ အချိန်များစွာကြာမြင့်ပေသည်။ ၎င်းအတွက် ကုန်ကျစရိတ်မှာလည်း တန်ဖိုးကြီးမြင့်လှပေသည်။ ကပြရာတွင် ကြည့်ရှုသူပရိသတ်များအဖို့ လွယ်သလိုထင်ရသော်လည်း အလွန်ပင် ပညာသားပါသော သိုင်းကွက်အခြေခံများကို စည်းချက်ကျကျ ခြေလက်အနေအထား မှန်ကန်စွာကပြရသည်မှာ ခက်ခဲနက်နဲလှသည့် ပညာရပ်ဖြစ်ပေသည်။

ခေတ်ရေစီးကြောင်းနှင့်အတူ တိုးတက်မြင့်တင်ဖော်ဆောင်ထားသော ရိုးရာယဉ်ကျေးမှုအကနှင့်တေးဂီတကို လက်ကမ်းကြိုဆိုနေသည်နှင့်အမျှ ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကနှင့် ဝတ်စားဆင်ယင်မှုဓလေ့ထုံးတမ်းများကိုလည်း မပျောက်ပျက်ရလေအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားမှုများအား ဂုဏ်ပြုတင်ပြလိုက်ရပါသည်။ ။



# ရှမ်းတိုင်းရင်းသားတို့၏ အရေးပါဆုံး ယဉ်ကျေးမှုအက ကိန္နရာအလှ

စိုင်းသာလှိုင်(လိမ္မော်မြေ)



ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာ ကြီးမားစွာတည်ရှိခဲ့သော အရေးပါဆုံး ယဉ်ကျေးမှုအကကို ညွှန်ပြပါဆိုလျှင် ကိန္နရာအကကို ညွှန်ပြရမည်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကိန္နရာအကသည် ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို ဖော်ဆောင်လျက်ရှိသောကြောင့် ဖြစ်သည်။ ရှမ်းအမျိုးသားတို့၏ ကိန္နရီ ကိန္နရာ လက္ခဏာကို မှတ်သားရပါသည်။

(၁)ရွှေရောင်အဆင်းရှိပြီး အတီး၊ အမှုတ်၊ အက၊ အခုန်ကျွမ်းကျင်ခြင်း။

(၂)သိမ်မွေ့နူးညံ့သည့် အမူအရာရှိခြင်း။

(၃)ပန်းဝတ်မှုန် ဝတ်ဆံများကိုသာ စားခြင်း။

(၄)ပသာဒငါးပါးနှင့် ပြည့်စုံခြင်း။

(၅)ဘုရားပွင့်သည့်နေ့တွင် ဝမ်းသာရွှင်မြူးစွာ ကခုန်ခြင်း။

အထက်ပါ အင်္ဂါလက္ခဏာငါးချက်မှာ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုများနှင့်လည်း သင့်တင့်ညီညွတ်မှုရှိသည့်အပြင် ဘုရားဟောဇာတ်တော်များနှင့်လည်း ကိုက်ညီမှုရှိကြောင်း သိရသည်။

ကိန္နရီကိန္နရာတို့၏ပုံသဏ္ဌာန်မှာ ငှက်ကိုယ်လူခေါင်း၊ နတ်မျက်နှာဖုံးနှင့်ဖြစ်ပြီး လူလိုလို၊ နတ်လိုလိုသတ္တဝါမျိုးဖြစ်ကြသည်။ ကိန္နရီ ကိန္နရာတို့၏ အဆင်းရူပါမှာ အဆင်းလှ၍ ရှုချင်စဖွယ်ရှိကြသည်။ အသံကြည်လင်၍ အလွန်လှပတင့်တယ် နူးညံ့ပျော့ပျောင်း နွဲ့နှောင်းသောအက ကတတ်သည်။ ရှမ်းလူမျိုးတို့မှာ ကိန္နရီ ကိန္နရာသည် မြင်းမိုရ်တောင်ခြေရင်းတွင်နေသည်ဟု အယူရှိကြသည်။ သီရိမ္မာသောကမင်းကြီးလက်ထက် ဟိမဝန္တာတောင်မှ လာရောက်ကပြကြောင်း ဆိုထား၍ ဟိမဝန္တာမှလာကြောင်းလည်း သုတေသီတို့က ယူဆကြပေသည်။ ကိန္နရီ ကိန္နရာတို့သည် ပန်းပွင့်၊ ပန်းဝတ်မှုန်၊ သစ်သီး၊ သစ်ရွက်များကို စားသုံးသောကြောင့် အသားအရေ အလွန်လှပကြသည်။ ကိန္နရီ ကိန္နရာတို့၏ ကိုယ်ထည်မှာ ရွှေရောင်အဆင်းရှိပြီး ၎င်းတို့၏တောင်ပံမှာ အစိမ်းရောင်ဖြစ်၍ သိမ်မွေ့နူးညံ့သော အမူအရာရှိကြသည်။ ပန်းဝတ်မှုန်နှင့်သစ်သီးတို့ကို စားသုံး၍ ပသာဒငါးပါးနှင့်ပြည့်စုံသည်။ ဘုရားပွင့်သည့်နေ့နှင့် ဝါကျွတ်ချိန်တို့တွင် မြတ်စွာဘုရားရှင်ကို လာရောက်ဦးညွှတ် ကပြပူဇော်ကြသည်။ ကိန္နရီ ကိန္နရာအကတွင် နှစ်မျိုး နှစ်စားရှိသည်။ တစ်မျိုးမှာ ပုံပြင်သရုပ်ဖော်အကဖြစ်ပြီး နောက်တစ်မျိုးမှာ တစ်ယောက်တည်း ကန်တော့ပန်းဆင်အကဟူ၍ဖြစ်သည်။ ပုံပြင်သရုပ်ဖော်အကတွင် ကိန္နရီ ကိန္နရာစုံတွဲကပြီး ပထမပိုင်းတွင် ကိန္နရီ ကိန္နရာ မောင်နှံကြည်နူးစွာကပြပုံကို သရုပ်ဖော်ကပြကြသည်။ ထို့နောက် ကကွက်အမျိုးမျိုးကို သိုင်းကွက်နင်းပြီး အိုးစည် ဗုံမောင်းတို့နှင့် ကကွက်ကျကျကပြကြသည်။ ပြီးနောက် မုဆိုး၏လေးမြားခွင်းသဖြင့် မြားထိမှန်ကာမြေတွင်လဲကျသွားပုံ၊ တောင်ပံကို

> **ကိန္နရီ ကိန္နရာတို့၏ ကိုယ်ထည်မှာ ရွှေရောင်အဆင်းရှိပြီး ၎င်းတို့၏တောင်ပံမှာ အစိမ်းရောင်ဖြစ်၍ သိမ်မွေ့နူးညံ့သော အမူအရာရှိကြသည်။ ပန်းဝတ်မှုန်နှင့်သစ်သီးတို့ကို စားသုံး၍ပသာဒငါးပါးနှင့်ပြည့်စုံသည်။ ဘုရားပွင့်သည့်နေ့နှင့် ဝါကျွတ်ချိန်တို့တွင် မြတ်စွာဘုရားရှင်ကိုလာရောက် ဦးညွှတ်ကပြပူဇော်ကြသည်။ ကိန္နရီ ကိန္နရာအကတွင် နှစ်မျိုး နှစ်စားရှိသည်။ တစ်မျိုးမှာပုံပြင်သရုပ်ဖော်အကဖြစ်ပြီး နောက်တစ်မျိုးမှာ တစ်ယောက်တည်းကန်တော့ပန်းဆင်အကဟူ၍ ဖြစ်သည်။**

အထူးကဏ္ဍ [ ၈ ] သို့ »»

## ရှမ်းရိုးရာဒေသစာ မုန့်ညင်းပေါင်း





မုန့်ညင်းတွင် မုန့်ညင်းဖြူနှင့် မုန့်ညင်းစိမ်းဟူ၍ နှစ်မျိုးရှိရာ မုန့်ညင်းပေါင်းရာ၌ မုန့်ညင်းစိမ်းကို သုံးရပါတယ်။ မုန့်ညင်းမှာ တောင်ပေါ်ရိုးရာဒေသစာဖြစ်တာကြောင့် ရှမ်းလူမျိုးများသာမက ပအိုဝ်း၊ ဓနု၊ တောင်သူ၊ လီဆူ၊ လားဟူ၊ ကချင်စသည့် တောင်ပေါ်သားအားလုံးလိုလို နှစ်ခြိုက်စွာ စားသုံးကြပါတယ်။ ရှမ်းရိုးရာဆိုရိုးစကားတစ်ခုတွင် အမျိုးသမီးများ အိမ်ထောင်ဖက်ရွေးချယ်ပါက မုန့်ညင်းလိုလူမျိုးကို ရွေးချယ်ရန် ခိုင်းနှိုင်းပြောဆိုတတ်ကြပါတယ်။

မုန့်ညင်းဆိုသည်က အစိမ်းအတိုင်းသော်လည်းကောင်း၊ ဟင်းလျာအဖြစ်သော်လည်းကောင်း စားသုံးနိုင်သလို အချဉ်တည်၍လည်း ရေရှည်ထားစားနိုင်သည်ဖြစ်ရာ အမျိုးမျိုးအဖုံဖုံလုပ်၍ စားသုံးနိုင်သကဲ့သို့ မိမိတို့၏အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ပါက အတတ်ပညာမျိုးစုံ တတ်ကျွမ်းသူကို ရွေးချယ်ကြရန် မုန့်ညင်းဖြင့် ခိုင်းနှိုင်းပြောဆိုကြပါတယ်။

မုန့်ညင်းစိမ်းကို အခြောက်လှန်း၍ စွန်တန်အဖြစ်လည်းကောင်း၊ အချဉ်တည်၍ ကြံမဆိုင်အဖြစ်လည်းကောင်း စားကြသလို သရေစာအဖြစ်လည်း ပေါင်း၍စားကြပါတယ်။ မုန့်ညင်းပေါင်းမယ်ဆိုရင် လိုအပ်တဲ့ပစ္စည်းအမည်တွေက

- မုန့်ညင်းစိမ်း
- ရှမ်းပဲပုပ်
- ခရမ်းချဉ်သီး
- ကြက်သွန်နီ/ဖြူ၊ ချင်း
- မြေပဲလှော်၊ မှျင်ငါးပိ
- ဆန်မှုန့်(အစိမ်း)နှင့် ဆီ၊ ဆား

တို့ဖြစ်ပါတယ်။

မုန့်ညင်းပေါင်းရန်အတွက် မုန့်ညင်းစိမ်းအရွက်ရင့်များကိုဖယ်ကာ အရွက်နုလေးများနှင့် အညွန့်လေးများကို ရေစင်အောင် အထပ်ထပ်ဆေးပြီး ရေစစ်ထားရပါတယ်။ ရေမစင်ပါက မုန့်ညင်းနယ်ရာမှာ အရည်များထွက်လာကာ မုန့်ညင်းပေါင်းအရည်အသွေး ညံ့တတ်ပါတယ်။ မုန့်ညင်းရွက်များ ရေစစ်ထားချိန်မှာ ခရမ်းချဉ်သီးနှင့်ကြက်သွန်နီကို ပါးပါးလှီးပါ၊ မြေပဲလှော်ကို လေးစိတ်ကွဲအောင်ထောင်းကာ ပဲပုပ်ချပ်များကို မီးကင်ပြီး ထောင်းပါ။ ချင်းနှင့် ကြက်သွန်ဖြူပါ ရောထောင်းပြီး အသင့်ပြင်ထားပါ။

အားလုံးပြီးစီးလျှင် ဇလုံကြီးကြီးတစ်လုံးတွင် မုန့်ညင်းစိမ်းရွက်များနှင့် အသင့်ထောင်းပြီးသား မြေပဲ၊ ပဲပုပ်၊ ချင်း၊ ကြက်သွန်ဖြူများကို ဆား၊ မှျင်ငါးပိ၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး ဆန်မှုန့်များကို စုပေါင်းထည့်ကာ သမအောင်နယ်ပါ။ မုန့်ညင်းရွက်များ ညှိုးသွားပြီး အစာများနှင့် စေးကပ်သွားသည်အထိ နာနာနယ်ရပါမယ်။ ပြီးမှ မုန့်ညင်းရွက်များကို လက်တစ်ဆုပ်စာလောက် အရွယ်ရအောင်ခွဲပြီး နှီးချည်ကာ ပေါင်းအိုးထဲတွင် စီပြီးထည့်ပါ။ ထို့နောက် မုန့်ညင်းလုံးများအပေါ် ဆီဆမ်းပြီး နာရီဝက် မှ ၄၅ မိနစ်အကြာ ပေါင်းအိုးဖြင့် ပေါင်းပါ။ မုန့်ညင်းရွက်များ အစိမ်းရောင်မှ အညိုရောင်သို့ ပြောင်းသွားပါက မုန့်ညင်းပေါင်းကျက်ပါပြီ။

မုန့်ညင်းပေါင်းကို ကြက်သွန်ဖြူဆီကျက်၊ ငရုတ်သီးကြော်တို့နဲ့တွဲကာ စားသုံးကြပါတယ်။ မုန့်ညင်းပေါင်းဟာ ရှမ်းတိုင်းရင်းသားများအပါအဝင် တောင်ပေါ်သားအများစု နှစ်ခြိုက်ကြတဲ့ ဒေသရိုးရာသရေစာတစ်မျိုးဖြစ်ရာ အိမ်ရှင်မများ မြည်းစမ်းစားသုံးကြည့်စေခြင်းငှာ တင်ပြလိုက်ရပါကြောင်း။

စံလွင်(ငါးဦးစီး)

❒

# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဖေဖော်ဝါရီ ၁၀၊ ၂၀၁၉ (တနင်္ဂနွေနေ့)


ဝတ္ထုတို

## ■ လင်းထက်(လက်ယက်မ)

(၁)

ရုံးမှ ပြန်လာတိုင်း လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်သည်။ သတင်းစာလေးဖတ်၊ ရောက်တတ်ရာရာစကားတွေကိုပြောရင်း ကိုညိုမောင်တစ်ယောက် တစ်နေ့တာ ပင်ပန်းမှုတွေကို ချိုစိမ့်တစ်ခွက်နှင့်ပင် ဖြေဖျောက်ခဲ့သည်။ အပူပင်မရှိ အိမ်ပြန်နောက်ကျ၍လည်း ရန်တွေ့မယ့်လူမရှိသောကြောင့် စိတ်အေးလက်အေးဖြင့်သာ အချိန်ဖြုန်းနေလိုက်သည်။

"ကိုညိုမောင်ကြီး ဘယ်တော့စားရမှာလဲ ဗျို့"

လက်ဖက်ရည်ဖျော်နေသော တီးဆရာက လှမ်းစလိုက်ခြင်းဖြစ်သည်။

"ဟော တီးဆရာကတော့လုပ်ပြီ သူများသားသမီး အပူအပင်ကင်းမယ့်နေတာကို မီးပုံကြီးထဲ မထည့်စမ်းပါနဲ့ဗျာ"


"ကိုညိုမောင်ကလည်း လူပျိုဟိုင်းကြီးဖြစ်သွားမှာမို့ စေတနာနဲ့ပြောတာပါ"

"တီးဆရာရေ မတောက်ပချင်သေးလို့ မှိန်ချင်ယောင်ဆောင်နေတာပါ။ မရသေးတာ မဟုတ်ဘူးနော်၊ မယူသေးတာ လမ်းသွားရင်း ခလုတ်တိုက်ရင်တောင် ဒူးခေါင်းမှာ ရည်းစားစာကပ်ပါလာတာဗျ ဒီလောက်ဆို သဘောပေါက်လိုက်တော့"

"ဟားဟား ဟား ကိုညိုမောင်ကတော့ ပြောလိုက်ရင် ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့ နောက်ဆုံးကျတော့လည်း မိန်းမလေးတစ်ယောက်တောင် မဖမ်းနိုင်သေးပါလား"

"ဟ တီးဆရာရ အိမ်ထောင်ပြုတယ်ဆိုတာ စကားလုံးလှလှလေးနဲ့တည်ဆောက်ထားတဲ့ အချုပ်ခန်းကြီးပါ၊ ကျုပ်လိုလူက လွတ်လွတ်လပ်လပ်နေချင်သေးတော့ အချုပ်ခန်းထဲတော့ အရောက်မခံနိုင်ဘူးဗျာ"

လူပျိုကြီးတစ်ယောက်ပီပီ မိမိ၏လူပျိုကြီး ဂုဏ်သိက္ခာကို ထိခိုက်မခံနိုင်။ မိန်းမမရသေးပေမယ့်လည်း လေကတော့မလျှော့။ လူပျိုကြီးတစ်ယောက်ရဲ့သိက္ခာကိုအဖတ်ဆယ်ရင်းပြောဆိုကာ လက်ဖက်ရည်ဆိုင်မှ ပြန်လာခဲ့တော့သည်။



(၂)

အိမ်ပြန်ရောက်တော့ တံခါးကြားထဲမှာ ညှပ်ထားတဲ့ ဖိတ်စာက လူပျိုကြီး ကိုညိုမောင်ကို ကြိုဆိုလျက်။

"မင်္ဂလာဆည့်ခံပွဲ ဖိတ်ကြားလွှာ"တဲ့။ ကိုညိုမောင် မမြင်ချင်ဆုံး အမုန်းဆုံးသော အရာထဲမှာ မင်္ဂလာဖိတ်စာလည်းပါသည်။ မင်္ဂလာဖိတ်စာတွေကို မြင်ရတိုင်း မိမိ၏ လူပျိုကြီးဘဝကို လှောင်ပြောင်နေသလို ခံစားရသည်။မင်္ဂလာပွဲတွေဖိတ်တိုင်း ပေးလိုက်ရတဲ့ လက်ဖွဲ့တွေ။ ကိုယ်ကရတယ်လို့ကို မရှိ။

"တောက် မင်္ဂလာဆောင်တွေကလည်း နေ့တိုင်းပါလားကွာ၊ အားတိုင်းယားတိုင်း မင်္ဂလာဆောင်နေတော့တာပဲ"ဟု ညည်းတွားကာ အိမ်ပေါ်သို့ တက်သွားလေသည်။

(၃)

မနက်အိပ်ရာကထပြီး ရုံးသွားဖို့အတွက် ပြင်ဆင်ရသည်။ အဝတ်အစားသန့်သန့်ပြန့်ပြန့်လေးဝတ်ပြီး မှန်ရှေ့မှာကြည့်လိုက်မိသည်။

"အင်း ငါ့ရုပ်ကလည်း ပြောသလောက်ကြီး မဆိုးသေးပါဘူး။ ဘာလို့များ မိန်းမတွေက မကြိုက်တာပါလိမ့်"ဟူသော ခံပြင်းစိတ်တွေနဲ့အတူ ရုံးသို့ထွက်လာခဲ့သည်။

"ကိုညိုမောင်ကြီးအတွက် ဘယ်တော့လောက် ဖိတ်စာရိုက်ပေးရမလဲ" ဖိတ်စာလုပ်ငန်းမှ ကိုဝင်းညီက မေးလိုက်ခြင်းဖြစ်သည်။

"မလိုသေးပါဘူး ညီရေ၊ အစ်ကိုက လွတ်လပ်မှုအရသာကို ခံစားလို့ မဝသေးဘူးကွ လိုအပ်ရင်ပြောပါ့မယ်ကွာ"

အလုပ်လုပ်ရလို့ ပင်ပန်းရတာကတစ်မျိုး ဒီလိုမျိုးမေးခွန်းတွေမေးလာရင် အဖြေပေးဖို့ စဉ်းစားရတာကတစ်မျိုးနဲ့ ကြာရင်ငါတော့ ရူးတော့မှာပဲ။ မိန်းမမရသေးလို့ လူပျိုကြီးဘဝနဲ့ အားငယ်နေရတဲ့အထဲ ဖိတ်စာရိုက်မယ့်သူကလည်း အလိုက်ကမ်းဆိုးကို မသိဘူး။

(၄)

အလုပ်နားတဲ့ရက်လေး အိမ်ထဲမှာ ကုတ်နေရင်း ကိုညိုမောင်တစ်ယောက် ခေါင်းပူအောင် စဉ်းစားတော့သည်။

"အင်း ငါလိုက်ထားတဲ့ လက်ဖွဲ့တွေ ပြန်ရအောင် ဘယ်လိုလုပ်ရပ့်မလဲ ကြံစမ်းကြံစမ်း၊ ဟုတ်ပြီ သူများတွေလို ငါ့မှာ မင်္ဂလာဖိတ်စာမရိုက်နိုင်ပေမယ့် မွေးနေ့ဖိတ်စာတော့ ရိုက်နိုင်တာပဲလေ၊ ၃၆နှစ်ပြည့် မွေးနေ့လုပ်ပြီး ငါပေးထားတဲ့ လက်ဖွဲ့တွေ ပြန်ယူရမယ်ကွ"

မှန်းချက်နဲ့ နှမ်းထွက်ကိုက်မကိုက်တော့ မသိဘူး။ ဒီလိုစိတ်ကူးရတာနဲ့တင် ကိုညိုမောင်တစ်ယောက် ဝမ်းသာလို့ မဆုံး။

(၅)

"ဝင်းညီရေ ဝင်းညီ"

"မင်္ဂလာဆောင် ဖိတ်စာလာအပ်တာလားဗျ ကိုညိုမောင်ကြီး မင်္ဂလာဆောင်ရင်တော့ ဖိတ်စာကို အလကားရိုက်ပေးမှာနော်"

"အဲ့ဒါတွေ အသာထားစမ်းပါကွာ ငါလာတာက ဖိတ်စာလာအပ်တာတော့ ဟုတ်တယ်။ ဒါပေမယ့် မင်္ဂလာဆောင်ဖိတ်စာတော့ မဟုတ်ဘူးကွ"

"ဒါဆို ဘာဖိတ်စာလဲဗျ"

"မွေးနေ့ဖိတ်စာကွ ငါ့ရဲ့ ၃၆နှစ်ပြည့် မွေးနေ့လုပ်မှာလေ၊ ဒါပဲနော် မင်းကိုလည်း တစ်ခါတည်း ဖိတ်တယ် ငါ့မွေးနေ့ကျရင် လာဖြစ်အောင် လာရမယ်"

"လာဖြစ်အောင် လာပ့်မယ် ကိုညိုမောင်ကြီးရဲ့"

"ဒါနဲ့ ဝင်းညီ ငါ့ရဲ့ဖိတ်စာကိုတော့ ရှယ်လုပ်ပေးနော်၊ တစ်ခါမှ ဖိတ်စာမရိုက်ဖူးတော့ ငါကတော့ နားမလည်ဘူး။ မင်းဘာသာ အဆင်ပြေအောင် ကြည့်လုပ်လိုက်"

"ဟုတ်ပါပြီ ကိုညိုမောင်အတွက် ရှယ်ဖိတ်စာလုပ်ပေးပ့်မယ်ဗျာ"

(၆)

မွေးနေ့ပွဲအတွက် ကြာဆံဟင်းကျွေးဖို့ ရပ်ကွက်ထဲကလူတချို့နဲ့ ကြာဆံဟင်းအိုးကို မီးထိုးရင်း မွေးနေ့ပွဲလာရောက်မယ့်သူတွေကို မျှော်နေမိသည်။ အခုချိန်ထိတော့ ဘယ်သူမှ ရောက်မလာသေး။ စောသေးလို့ဖြစ်မှာပါလေ ဆိုပြီး ဖြေသိမ့်ကာ မီးဆက်ထိုးနေမိသည်။ ထိုအချိန်တွင် ကောင်းကင်ယံတစ်ခုလုံး၌ မိုးသားများ မည်းမှောင်ကာ တလိပ်လိပ်တက်လာတော့သည်။

"ဟ ဘယ်လိုဖြစ်တာလဲ ဒီမိုးစုတ်က ငါမွေးနေ့လုပ်မှ အံ့လာရသလား၊ မရွာပါနဲ့ ဦးဘုရား တပည့်တော် မွေးနေ့လေးပြီးမှ ကြိုက်သလောက်ရွာပါ အခုတော့ ခဏစောင့်ပါဦး"

သို့သော် လူပျိုကြီးရဲ့ ဆုတောင်းက မပြည့်ပေ။ ကောင်းကင်တစ်ခုလုံးမည်းမှောင်ကာ မိုးသီးမိုးပေါက်တို့က အဆက်မပြတ်ရွာချလေတော့သည်။

"တောက် သွားပါပြီကွာ အခုလို မိုးသည်းကြီးထဲမှာ ဘယ်သူမှလည်း ငါ့မွေးနေ့ကိုလာကြမှာ မဟုတ်တော့ဘူး။ မွေးနေ့လက်ဆောင်လေး ပြန်ရချင်လို့ ရှိစုမဲ့စုပိုက်ဆံလေးနဲ့ ရင်းလိုက်ပါတယ် အခုတော့ အကုန်လုံးဆုံးပါပြီကွာ"

ကြာဆံဟင်းအိုးကြီးကိုကြည့်ပြီး ခံပြင်းလို့ကျလာတဲ့ လူပျိုကြီးကိုညိုမောင်ရဲ့မျက်ရည်စက်တွေက မိုးရေတွေနဲ့အပြိုင်ပါလား။ ။


## မျိုးဆက်သစ်ရင်ပြင် လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ပုံ နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**(စာတည်းအဖွဲ့)**

ဆောင်းပါး

■ ဖေနှင်းငွေ

# ဂုဏ်ရည်ထိုက်ကြပါစေ

"အဖေ ဘယ်လိုပြောရမလဲ"

"ဂရန်းအပြာရှစ်ပက်တစ်ပြားလို့ပြောလိုက်ကွာ"

"ဟုတ်"

ကြားလိုက်တဲ့အသံ၊ မြင်လိုက်တဲ့မြင်ကွင်းကြောင့် ကျွန်တော် ရုတ်တရက်မင်သက်သွားခဲ့မိတယ်။ ရင်ထဲလည်း တစ်မျိုးကြီးဖြစ်သွားပါတယ်။ အချိန်က ည ၉ နာရီခွဲလောက်ရှိပါမယ်။ ရပ်ကွက်လမ်းထိပ်က ယမကာမျိုးစုံရောင်းတဲ့ စတိုးဆိုင်မှာ လူဝင်လူထွက်တွေရှုပ်လို့နေတယ်။ သားအဖနှစ်ယောက် ဖြစ်ပုံရပါတယ်။ အဖေအခေါ်ခံရတဲ့သူက ဆိုက်ကားပေါ်ကနေ သားဖြစ်သူကို လှမ်းသင်ပေးနေခြင်းဖြစ်ပါတယ်။ အဖေဆိုသူက အသက်လေးဆယ်ဝန်းကျင်လောက် ရှိပါမယ်။ သားဖြစ်သူကတော့ အသက်ရှစ်နှစ်လောက်ပဲ ရှိဦးမယ်ထင်ပါတယ်။ ခဏကြာတော့ သားဖြစ်သူက ကြွပ်ကြွပ်အိတ်အမည်းနဲ့ထုပ်ထားတဲ့ ပုလင်းပြားလေးတစ်လုံးကို လက်ကကိုင်ပြီး ဆိုင်ထဲကပြန်ထွက်လာပါတယ်။ သူ့အဖေကို လှမ်းပေးလိုက်တယ်။ အဖေဆိုသူက ပုလင်းကို ခါးကြားထိုးလိုက်ပြီး ကလေးကို ဆိုက်ကားပေါ် ပြန်တက်ခိုင်းလိုက်တယ်။ ပြီးတော့ သားအဖနှစ်ယောက် ဆိုက်ကားနင်းပြီး ရပ်ကွက်ထဲ ပြန်ဝင်သွားကြတယ်။ ကျွန်တော် သူတို့သားအဖနှစ်ယောက်ကို မျက်စိတစ်ဆုံး လိုက်ကြည့်မိပါတယ်။ ဆိုက်ကားက တရွေ့ရွေ့နဲ့ အမှောင်ထဲဝင်ပြီး ပျောက်ကွယ်သွားတော့တယ်။

သားကြီးကို ကျူရှင်လာကြိုရင်း မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ကျွန်တော့်ရင်ထဲ တော်တော်မကောင်းဖြစ်မိသွားပါတယ်။ ကိုယ်နဲ့တိုက်ရိုက်မပတ်သက်ဘူးဆိုပေမယ့် တကယ်တမ်း နက်နက်နဲနဲဆက်စပ်တွေးကြည့်လိုက်ရင် လူ့အသိုင်းအဝိုင်းထဲက လူသားအရေး၊ လူသားအရေးကိစ္စမှာမှ အနာဂတ်ကို တာဝန်ယူ၊ ဦးဆောင်ဦးရွက်လုပ်ရမယ့် ရင်သွေးရတနာ၊ မျိုးဆက်သစ်ကလေးတွေရဲ့အရေးဖြစ်လို့နေပါတယ်။

မိဘတိုင်းလိုလိုမှာ သားသမီးဆိုတာ ရှိကြပါတယ်။ အဲဒီမိဘတိုင်းရဲ့ သားသမီးတွေဆိုတာ တိုင်းပြည်ရဲ့ အနာဂတ်မျိုးဆက်သစ်တွေပဲဖြစ်ပါတယ်။ နောင်တစ်ချိန်မှာ လူ့ဘောင်အဖွဲ့အစည်းကြီးကို ဦးဆောင်ဦးရွက်နဲ့ ပခုံးပြောင်းတာဝန်ယူသွားကြရမယ့်သူတွေပဲ ဖြစ်ပါတယ်။

အဲဒီအထဲကမှ မကောင်းမှု၊ ဒုစရိုက်အကုသိုလ်တရားကို မပြုဖြစ်အောင် တားမြစ်ဖို့ကို ဝတ္တရားတစ်ခုအနေနဲ့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့ အခုလို အရွယ်မရောက်သေးတဲ့ ကလေးတစ်ယောက်ကို အုပ်ထိန်းသူတစ်ယောက်အနေနဲ့ အရက်ဆိုင်ခေါ်သွားပြီး အရက်ဝယ်ခိုင်းတဲ့ လုပ်ရပ်ဟာ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအတွက် အင်မတန်အကျည်းတန်သော လုပ်ရပ်ဖြစ်ပါတယ်။ ရင်လေးစရာ ဖြစ်ပါတယ်။

ဘုရားဟောဒေသနာတွေမှာ သားသမီးသုံးမျိုးရှိကြောင်း မှတ်သားဖူးပါတယ်။ အဲတာတွေကတော့

**"မိဘကျင့်ဝတ်ငါးပါးရှိပါတယ်။ အဲဒီအထဲကမှ မကောင်းမှု၊ ဒုစရိုက်အကုသိုလ်တရားကို မပြုဖြစ်အောင် တားမြစ်ဖို့ကို ဝတ္တရားတစ်ခုအနေနဲ့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့ အခုလို အရွယ်မရောက်သေးတဲ့ ကလေးတစ်ယောက်ကို အုပ်ထိန်းသူတစ်ယောက်အနေနဲ့ အရက်ဆိုင်ခေါ်သွားပြီး အရက်ဝယ်ခိုင်းတဲ့လုပ်ရပ်ဟာ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအတွက် အင်မတန်အကျည်းတန်သော လုပ်ရပ်ဖြစ်"**

ဒါကြောင့်မို့ ဒီချိန်မှာ ကလေးတွေအတွက် အဓိကတာဝန်ရှိသူတွေဟာ မိဘတွေ၊ အုပ်ထိန်းသူတွေပဲ ဖြစ်ပါတယ်။

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ ဆိုသည့် မိဘကျင့်ဝတ်ငါးပါး ရှိပါတယ်။

အတိဇာတလို့ခေါ်တဲ့ မိဘထက်မြတ်သော သားသမီး၊ အနုဇာတလို့ခေါ်တဲ့ မိဘနဲ့ထပ်တူကျတဲ့သားသမီး၊ အဝဇာတလို့ခေါ်တဲ့ မိဘထက်နိမ့်ကျတဲ့ သားသမီး စတာတွေပဲဖြစ်တယ်။ မိဘတိုင်းကတော့ သားသမီးတိုင်းကို ကိုယ့်ထက်မြတ်တဲ့ အတိဇာတ သားသမီးတွေသာ ဖြစ်စေချင်၊ မြင်စေချင်ကြတာချည်းသာ ဖြစ်တယ်။

တကယ်တော့မိဘဆိုတာ သားသမီးတွေရဲ့ လက်ဦးဆရာ ဖြစ်ပါတယ်။ သားသမီးတော်တော်များများဟာ သူတို့ရဲ့ အနာဂတ်ကို သူတို့ရဲ့မိဘတွေဆီကနေ ပုံတူကူးချလေ့ရှိပါတယ်။ အထူးသဖြင့် သားတွေက ဖခင်ကို အတုယူတတ်ကြပါတယ်။ သမီးတွေက မိခင်ကို အတုယူတတ်ကြပါတယ်။ ဒါကြောင့် မိဘတွေရဲ့အပြုအမူ၊ အပြောအဆို၊ အနေအထိုင်တွေဟာ သားသမီးတွေအပေါ် အများကြီးလွှမ်းမိုးသက်ရောက်မှုရှိပါတယ်။

သားသမီးကို မွေးရုံ၊ ကျွေးရုံနဲ့ မိဘဝတ္တရား မကျေပွန်နိုင်ပါ။ ကိုယ်မွေးခဲ့၊ ကျွေးခဲ့တဲ့ သားသမီးတွေကို လူကောင်းသူကောင်းဖြစ်စေမယ့် နည်းလမ်းတွေကို ညွှန်ပြပေးဖို့လည်း လိုပါတယ်။ လူဆိုး၊ လူမိုက်ဖြစ်စေမယ့် အပြုအမူ၊ အပြောအဆိုတွေကိုလည်း ကြိုတင်ရှောင်ရှား တားမြစ်ဖို့လည်း တာဝန်ရှိပါတယ်။ အဲဒီလိုမဟုတ်ဘဲ သားသမီးကို အဆဲသင်တဲ့မိဘ၊ လိမ်ညာပြောခိုင်းတဲ့မိဘ၊ ခိုးနည်းဝှက်နည်းတွေသင်ပေးတဲ့မိဘ၊ သူများနဲ့ယှဉ်ရင် လက်ဦးမှုရအောင် ရိုက်ပုတ်ခိုင်းတဲ့မိဘ၊ ဆေးလိပ်မီးညှိခိုင်းတဲ့မိဘ၊ အရက်ဝယ်ခိုင်းတဲ့မိဘ စတာတွေဟာ မိဘဂုဏ်ရည်မထိုက်တဲ့ မိဘတွေသာ ဖြစ်ကြပါတယ်။

ကစ္စည်းသဒ္ဒါကျမ်းမှာ မိဘဆိုတာ သားသမီးကို ချစ်မြတ်နိုးတတ်သောကြောင့် အမေ၊ သားသမီးကို စောင့်ရှောက်တတ်သောကြောင့် အဖေလို့ ခေါ်ဆိုကြောင်း အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ သားသမီးကို မြတ်နိုးစောင့်ရှောက်တတ်သောကြောင့် မိဘလို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာမယ့် မိမိရဲ့ရင်သွေး၊ နိုင်ငံရဲ့အနာဂတ် သားကောင်းသမီးကောင်းတွေကို တန်ဖိုးထားပြီး မြတ်နိုးစောင့်ရှောက်တတ်ဖို့ လိုပါတယ်။ မိဘတိုင်း ဂုဏ်ရည်ထိုက်ကြပါစေ။ အမိ အဖ ပီသနိုင်ကြပါစေ။

ဆောင်းပါး

■ ကျော်သူရ

# အသက်မှာ အပိုစပယ်ယာ မပါပါ

ရုံးပိတ်ရက်ရောက်လေတိုင်း ကျွန်တော့်ဆီလာလည်နေကျ မိတ်ဆွေတစ်ဦးရှိသည်။ သည်သီတင်းပတ်တနင်္ဂနွေနေ့၌ ခါတိုင်းလာနေကျအတိုင်း အနီးမိတ်ဆွေ ကျွန်တော့်ဆီရောက်လာပါသည်။

"ခုမှ မြို့ကပြန်ရောက်တယ်။ ရောက်ပြီးပြီးချင်း ကိုယ့်ညီဆီလာတာပဲ။ မြို့ကအပြန်လမ်းမှာ ကံကောင်းလို့ ကားတိုက်မခံရတယ် ကိုယ့်ညီရေ့"

"ဘယ်လိုဖြစ်တာလဲဗျ။ ရှင်းစမ်းပါဦး "

"ဒီလို ကိုယ့်လူရေ။ ရှေ့ကကားကို နောက်ကခရီးသည်ကားက ကျော်တက်တာ ကိုယ့်လမ်းကြောဘက်ကိုရောက်လာတယ်။ အောင်မယ် သူက အစ်ကို့လမ်းကြောဘက်ရောက်လာတာတောင် သူ့လမ်းကြောကို ပြန်ချမမောင်းဘူးမောင်ရေ့။ ကိုယ့်ဆိုင်ကယ်လာနေမှန်းသိလျက်နဲ့ ခပ်တည်တည်ပဲ ကားကိုအရှိန်ပြင်းပြင်းနဲ့ မောင်းလာလိုက်တာ။ ကိုယ့်မှာဆိုင်ကယ်ကိုလမ်းဘေးမြောင်းထဲ ထိုးချလိုက်ရတယ်။ နို့မဟုတ်ရင် မတွေးဝံ့စရာပဲ ကိုယ့်ညီရယ်"

မိတ်ဆွေက ဘေးတွင်ရှိသော ထိုင်ခုံလွတ်တွင်ဝင်ထိုင်ရင်း မျက်နှာမသာမယာနှင့်ပြောသည်။ မိတ်ဆွေပြောတာကို ကျွန်တော်စာနာနားလည်မိပါသည်။ ကျွန်တော်လည်း မြို့သို့သွားတိုင်း မကြာခဏ ကြုံရဖူးပါသည်။ ကျွန်တော်ကြုံသလိုမျိုး မိတ်ဆွေဖြစ်သူ ယခုလိုကြုံခဲ့ရသည်ကို ယုံမှားသံသယမရှိပါ။ ဆိုင်ကယ်ကယ်ရီသမားတစ်ဦးကလည်း ယင်းအဖြစ်မျိုးကြုံရကြောင်း တစ်ခါက စကားကြုံရင်း ရင်ဖွင့်ဖူးသည်။

ကားသမားတချို့ ရမ်းရမ်းကားကား မောင်းနှင်မှုနှင့်ပတ်သက်ပြီး ကျွန်တော်ဆင်ခြင်မိသည်။ တစ်ခါတလေမှာ ကားသမားကိုချည်း အပြစ်ပုံချ၍မရသောအကြောင်းရင်းများလည်းရှိပါသည်။ တချို့ဆိုင်ကယ်မောင်းနှင်သူများသည် အခြေခံသိထားသင့်လောက်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ကောင်းကောင်းမသိ၊ နားမလည်သူများရှိသည်။ တချို့ကသိလျက်နှင့် တမင်မိုက်ရူးရဲဆန်စတန့်ထွင်သူများလည်းရှိသည်။ ကိုယ့်လမ်းမဟုတ်ဘဲ ကြုံရာနေရာက ဖြတ်ဝင်သည်ကို တွေ့ရတတ်ပါ၏။ ရဲတင်းလှစွာ ကားနောက်ဘေးမှ ကပ်လိုက်သည်ကို တွေ့ရတတ်ပါ၏။ လမ်းကြောအကန့်အသတ်မရှိ ကျော်ချင်၊ ခွချင်သည့်နေရာမှ ကျော်ခွ၍ မောင်းနှင်တတ်ကြ၏။ နည်းနည်းလူရှင်းသည့်နေရာဖြစ်လျှင် ကားကိုယှဉ်၍ပြိုင်မောင်းသည့် ဆိုင်ကယ်မောင်းနှင်သူများကိုပင် ကြုံရဖူးပါ၏။ မြို့တွင်းသို့ ဖြတ်လာမိသည်နှင့် ခရီးသည်တင်ယာဉ်မောင်းခများ အတော်ပင်မျက်စိလျင်လျင်နှင့် ကျီးကန်းတောင်းမှောက် ကြည့်၍မောင်းနှင်နေရရှာသည့်အဖြစ်မျိုးဟုဆိုလျှင် မှားမည်မထင်။ ကြာတော့ဆိုင်ကယ်သမားဟုဆိုလျှင် ကားသမားက ညှာတာမှုအလျဉ်းမရှိတော့။ တိုက်ကာမှတိုက်ရောဆိုသကဲ့သို့ ဆိုင်ကယ်များနှင့်ကြုံလျှင် ဖုတ်လေသည့်ငါးပိရှိသည်ဟုမထင်ဘဲ ငါ့မြင်းငါ့စိုင်း စစ်ကိုင်းရောက်ရောက် မောင်းနှင်ကြတော့သည်။ ကြုံ၍ ကားသမားလောကမှ ထွက်ပေါ်လာသော အလွန်အင်မတန် စိုးထိတ်စရာကောင်းသည့် စကားတစ်ခွန်းကို ပြောလိုက်ချင်ပါသေးသည်။ သူတို့အဆိုအရ ယာဉ်တိုက်မှုဖြစ်လျှင် မသေမရှင်တော့ မတိုက်နှင့်၊ မသေမရှင်တိုက်လျှင် အမှုရင်ဆိုင်ရ၊ ထောင်ကျခံရမည့်အတူတူ တစ်ခါတည်း အသေတိုက်ဟူသော စကားပင်တည်း။ (ယာဉ်မောင်းသူတိုင်း ထိုစိတ်ထားရှိနေသည်ဟုမဆိုလိုပါ) လူ့အသက်တစ်ချောင်းကို ကြက်ကလေး၊ ငှက်ကလေးများ၏ အသက်တစ်ချောင်းကဲ့သို့သဘောထားပြီး ပြောသည့်စကားဖြစ်သဖြင့် ကြားရသည်နှင့်ပင် ကြက်သီးမွေးညင်းထစရာကောင်းလှသကဲ့သို့ အလွန်အင်မတန် စက်ဆုတ်စရာလည်းကောင်းလှပါသည်။ ယနေ့ယာဉ်တိုက်မှုတော်တော်များများကို ကြည့်ပါ။ ဆိုင်ကယ်ဖြစ်ဖြစ်၊ ကားဖြစ်ဖြစ် ယာဉ်ကိုမတန်တဆ အရမ်းကာရော မောင်းနှင်မှုကြောင့်ဖြစ်ရသည်က များပါသည်။ အခြားအကြောင်းရင်းများကြောင့် ဖြစ်သည်က နည်းပါသည်။ များသောအားဖြင့် စည်းကမ်းတကျမောင်းနှင်ခြင်းမရှိဘဲ မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေရခြင်းဖြစ်ပါသည်။


တစ်ခါက လမ်းကြုံသဖြင့် အသိထဲက ညီငယ်တစ်ဦး၏ဆိုင်ကယ်နောက်မှ ကျွန်တော်လိုက်စီးဖူးသည်။ အမှန်အတိုင်းဆိုရလျှင် မလွှဲသာမရှောင်သာ၍သာ ထိုညီငယ်နောက်ကလိုက်ခဲ့ရခြင်းဖြစ်သည်။ ထိုညီငယ်မှာ ဆိုင်ကယ်အမောင်းကြမ်းသူဖြစ်သည်။ ဆိုင်ကယ်ပေါ်ရောက်သည်နှင့် တက်ကုန်၊ ရွက်ကုန်လွှင့် မောင်းနှင်လေတော့သည်။ တစ်လမ်းလုံး သူ့နောက်မှလိုက်ရင်း အရှိန်လျှော့မောင်းဖို့ သတိပေးနေရသည်။ ယင်းသို့ သတိပေးနေသည့်ကြားက ဆိုင်ကယ်ကို အရမ်းကာရောမောင်းနှင်နေသည်။ သတိပေး၍မရသည့်အဆုံး ကျွန်တော့်မှာဘုရားတ၍ လိုက်ပါသွားခဲ့ရသည်။ ခရီးစဉ်ရောက်မှသာ အသက်ကို ဝဝလင်လင်ရှူပြီး "ဟင်း" ချနိုင်သည်။ သူကတော့ ဘာစိုးရိမ်ကြောင့်ကြမှုမှမရှိသူမို့ ခပ်သာသာပင်။ ဆိုင်ကယ်ကို ဂီယာသွင်း လီဗာဆွဲ ဘရိတ်နင်းတတ်ရုံမျှဖြင့် ကိုယ့်ကိုယ်ကိုယ် အဟုတ်ထင်နေတတ်သူတွေ များပါသည်။ တကယ်တမ်းဆန်းစစ်ကြည့်လျှင် ထိုသို့သောသူများပင် ယာဉ်မတော်တဆမှုအဖြစ်များကြပါသည်။ ကားလည်း ထို့အတူပင်။ စက်ဖြင့်သွားရသည့် ယာဉ်မှန်သမျှ ထိုသဘောမျှလောက်သာယူဆပြီး မောင်းနှင်နေကြမည်ဆိုလျှင် အလွန်အန္တရာယ်များပါသည်။ ကျွန်တော်ပြောလိုသည်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာပြီး သတ်မှတ်မိုင်နှုန်းထက်ကျော်လွန်ပြီး မမောင်းနှင်မိစေဖို့၊ မိုက်ရူးရဲဆန်ဆန် စတန့်ထွင်ပြီးမမောင်းနှင်မိစေဖို့၊ လူကို လူလိုမမြင်ဘဲ အတ္တဆန်စွာမမောင်းနှင်မိစေဖို့၊ ယာဉ်မောင်းနေစဉ် အမြဲသတိရှိနေစေဖို့ကို စကားဆိုနေရခြင်းဖြစ်ပါသည်။

ဆိုရလျှင် ဆိုင်ကယ်ဖြစ်စေ၊ ကားဖြစ်စေ ယာဉ်ပေါ်ရောက်၍ ယာဉ်ကိုစတင်မောင်းနှင်တော့မည်ဆိုလျှင် အရင်ဦးဆုံးသိထားသင့်သည်က အသက်မှာ စပယ်ယာပါမလာသည်ကို သတိချပ်ဖို့ပင်ဖြစ်ပါသည်။ ဘာကြောင့်ပဲမောင်းမောင်း အမြဲသတိနှင့်ယှဉ်ပြီး မောင်းနှင်မှုမျိုးဖြစ်ဖို့ လိုပြီး မိမိ၏အတ္တတွေ၊ ဒေါသတွေ၊ မာန်မာနတွေကို ယာဉ်မောင်းနေစဉ်အတွင်း ဖယ်ခွာထားသင့်ကြောင်း ပြောလိုရင်းဖြစ်ပါသည်။ ။

**ဆိုင်ကယ်ကို ဂီယာသွင်း လီဗာဆွဲ ဘရိတ်နင်းတတ်ရုံမျှဖြင့် ကိုယ့်ကိုယ်ကိုယ် အဟုတ်ထင်နေတတ်သူတွေ များပါသည်။ တကယ်တမ်းဆန်းစစ်ကြည့်လျှင် ထိုသို့သောသူများပင် ယာဉ်မတော်တဆမှုအဖြစ်များကြပါသည်။ ကားလည်း ထို့အတူပင်။ စက်ဖြင့်သွားရသည့် ယာဉ်မှန်သမျှ ထိုသဘောမျှလောက်သာ ယူဆပြီး မောင်းနှင်နေကြမည်ဆိုလျှင် အလွန်အန္တရာယ်များ**

ဝတ္ထုတို

## ■ ဆောင်းသံစဉ်ချို



(၁)

“တီ တီ .. တီ တီ .. တီ တီ”

မနက်စောစောစီးစီး အဆက်မပြတ် ထမြည်နေသည့် တယ်လီဖုန်းသံကြောင့် မီးဖိုချောင်တွင် ဟင်းချက်ဖို့ ပြင်နေသော ဒေါ်ခင်တစ်ယောက် အိမ်ရှေ့သို့ အပြေးလေး သွားပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်ရသည်။

“အန်တီရေ… ဆိုင်ဖွင့်တော့မှာမို့ ကားရွှေ့ပေးပါ” တိုက်အောက်ဆုံးမြေညီထပ်မှ ဖုန်းဆက်ခေါ်ပြီး ဒေါ်ခင်တို့ ကားကို ဖယ်ပေးခိုင်းခြင်းဖြစ်သည်။

အဲဒီမြေညီထပ်ဆိုင်ပိုင်ရှင်က လွန်ကိုလွန်းသည်။ နေ့ခင်းပိုင်း ဒေါ်ခင်တို့ကားလေး သူတို့ဆိုင်ရှေ့ခဏထိုးရပ်ထားရင်ကို ရေသန့်ကားလာမှာမို့ ကားဖယ်ပေးပါ၊ မုန့်ကားလာမှာမို့ ကားဖယ်ပေးပါနှင့် အပေါ်ကို ဖုန်းတဂွမ်ဂွမ် ဆက်ပြီး ဖယ်ခိုင်းသည်။ ဟိုကားတွေ တကယ်လည်း လာသည်မဟုတ်။ သူတို့မှာလည်း ကားပိုင်မရှိဘဲ သူတစ်ပါးကား သူတို့ရှေ့လာရပ်လျှင် အသံပြာပြာနှင့် ဖယ်ခိုင်းတတ်လေသည်။

“ကဲ ပြောနေပြီ သားတို့ရေ… ကားသွားရွှေ့ပေး လိုက်ဦး။ တကတဲတော်… မိုးမလင်းသေးဘူး။ သူများကားကို ခေါ်ရွှေ့ခိုင်းပြီ။ တစ်တိုက်လုံးစာမြေက သူတို့အပိုင် ကျနေတာပဲ။ နည်းနည်းလေးမှ အားနာရကောင်းမှန်း မသိကြဘူး။ ကားသွားရွှေ့ပေးလိုက်ကြဦးဟေ့။”သူ့သားတွေကိုလည်း သတိပေးလိုက်ရင်း သူ့ဘာသာ တဖျစ်တောက်တောက်ပြောရင်း ဒေါ်ခင် ဟင်းဆက်ချက်နေလိုက်သည်။

(၂)

ဒီကားကို သူစောင့်ကြည့်နေတာကြာပြီ။ သူတို့အခန်းရှေ့တည့်တည့်မှာ အမြဲလိုလာရပ်တတ်သည်။ ဒုတိယထပ်က အဲဒီကားပိုင်ရှင်ကောင်လေး အပြင်ခဏ ထွက်တာကလွဲလို့ သင်္ဘောကြီး ကျောက်ချထားသလို မတုန်မလှုပ်ရပ်ထားသည်က ပိုများသည်။ ကားအမိုးလေးနဲ့ အကျအနအုပ်လို့။

တကယ်ဆို အထပ်တစ်ထပ်တွင် တိုက်ခန်းနှစ်ခန်းစီ ရှိပြီး စုစုပေါင်း အခန်းဆယ့်နှစ်ခန်းရှိသော သူတို့ ခြောက်ထပ်တိုက်ခန်းတွင် မြေညီထပ်ရှေ့မှ လွတ်နေသော နေရာသည် မြေညီထပ်အခန်းပိုင်ရှင်ဖြစ်သောသူနှင့်သာ သက်ဆိုင်သင့်သည်မဟုတ်လား။ ခုတော့ သူတို့အိမ်ကကား ပြန်ရောက်လာလျှင် သူ့အခန်းရှေ့တည့်တည့်မှာ ရပ်မရ တော့ တခြားလွတ်နေတဲ့နေရာမှာ တော်သလို သွားထား နေရသည်။

**တိုက်ရှေ့တွင် သူ့ထက်ငါ ဦးသူရပ် စနစ်ဖြင့် ကားများကို ရပ်နားကြသည်။ ခြောက်လွှာ ဘယ်ဘက်စွန်း အခန်းမှာ နေသောသူသည် ညရေး ညတာ သူ့ကားကို အိမ်မှငုံ့ကြည့်လျှင် သေချာမမြင်ရဘဲ တခြားအခန်းမှ ကားလှုလှုလေးများကိုသာ စိတ်ခုခုနှင့် ကြည့်နေရတော့သည်။ သူ့စိတ်ထဲမှာ တော့ ဒီတိုက်မှ ကားပိုင်ရှင်တွေကို တစ်စက်မှ အမြင်မကြည်**

သူ့အခန်းနှင့် တခြားဘက် မြေညီထပ်အခန်းသည် ဆိုင်ခန်းနှင့်တွဲလျက်အခန်းမို့ သူ့ကားသွားရပ်ဖို့မပြောနှင့်၊ ညဘက် ကားလာရပ်နေကျ လေးလွှာမှ အန်တီကြီးတို့နှင့်ပင် အဲဒီဆိုင်ပိုင်ရှင်တွေ နှုတ်ခမ်းတစူစူ ဖြစ်နေကြတာမို့ သူ့ကားလည်း သူတို့ဆိုင်ရှေ့ဘယ်တော့မှ သွားမရပ်ဖြစ်။

ဟိုတစ်လောတုန်းကတော့ စိတ်ထဲ ခပ်ချဉ်ချဉ် ဖြစ်လာတာနဲ့ သူ့အိမ်ရှေ့တွင် ကားတာယာဟောင်းကြီးနှင့် နေရာဦးထားလိုက်သည်။ ဒါတောင် ဟိုကောင်လေးက အဲဒါကြီးကို ဆောင့်အောင့်လွှတ်ပစ်ပြီး သူ့ကားကို မရရအောင် ရပ်သွားသေးသည်။

သူက မနေနိုင်တော့ဘဲ ထွက်ပြောမိတော့ ကောင်လေးက သူ့ကို မျက်နှာတည်မျက်နှာထားနှင့် ပြန်ပြောလေ၏။ “ဦးတို့ကား အရင်ဦးအောင်ရပ်ထားရင် ကျနော်မရပ်ဘူးလေ… ခု ဦးတို့ကားမှ မလာသေးတာ… ဒီလိုနေရာဦးထားပုံကြီးကတော့ တောကျပါတယ် ဦးရယ်” တဲ့။ သူမကျေမနပ်ဖြစ်ပြီး မတ်တတ်ကျန်ရုံလွဲလို့ ဘာမှ ပြန်မပြောနိုင်။

(၃)

မနက်စောစော ၆ နာရီမှာ အိမ်ကစထွက်ပြီး ည ၈ နာရီကျော်လောက်မှ အိမ်ကိုပြန်လာရသည့် တက္ကစီ ပိုင်ရှင်သူ့အတွက် ကားသိမ်းစရာ နေရာလေးတစ်နေရာ တော့ အသေအချာရှိချင်မိသည်။ သို့သော် သူ့ကား သိမ်းမယ်ကြံတိုင်း နေရာအတည်တကျမရှိ။

တခြားအခန်းများမှ ကားများရပ်ထားပြီး ကျန်တဲ့ နေရာလွတ်မှာမှ သူ့ကားသည် နေရာရရှာသည်။ တိုက်ရှေ့ ဆိုသော်လည်း ကားများတန်းစီရပ်ထားရာ အစွန်ဆုံးမှာ အမြဲလို သူ့ကားကို ညအိပ်သိပ်ရသည်ချည်း။

လမ်းမကြီးကို မျက်နှာစာပြုထားသော သူတို့ တိုက်ခန်းမှ ကားများသည် အကာအကွယ်၊ အစောင့် အကြပ်ကင်းမဲ့စွာဖြင့် တိုက်ရှေ့တွင် သူ့ထက်ငါ ဦးသူရပ် စနစ်ဖြင့် ကားများကို ရပ်နားကြသည်။ ခြောက်လွှာ ဘယ်ဘက်စွန်းအခန်းမှာနေသောသူသည် ညရေးညတာ သူ့ကားကို အိမ်မှငုံ့ကြည့်လျှင် သေချာမမြင်ရဘဲ တခြား အခန်းမှ ကားလှုလှုလေးများကိုသာ စိတ်ခုခုနှင့် ကြည့်နေရ တော့သည်။ သူ့စိတ်ထဲမှာတော့ ဒီတိုက်မှ ကားပိုင်ရှင် တွေကို တစ်စက်မှ အမြင်မကြည်။

(၄)

သူသည် ဒီတိုက်မှာနေသူများကို သေချာမသိသော် လည်း သူ့ကားကို ဘယ်နေရာ အတိအကျရပ်ရမည်ကို ကောင်းစွာသိသူဖြစ်၏။ သူ့ကားသည် တခြားအခန်းမှ ကားများထက် မော်ဒယ်လ်မြင့်ပြီး လှပသလို တန်ဖိုးလည်း ကြီးမြင့်လှသည်။ သူ့ကားကို တခြားကားများလို ရရာနေရာ ရပ်ထားလို့မဖြစ်။ ကားလှုလှုသည် နေရာကောင်းကောင်း နှင့် အထိုက်တန်ဆုံးဟု သူတစ်ထစ်ချတွက်သည်။

သို့နှင့် သူ့ဇနီးနှင့် သူ့သမီးချောများ တစ်ခါတလေ ရှော့ပင်းထွက်သည်မှလွဲ၍ တိုက်ရှေ့မျက်နှာစာ၏ ပိတောက်ပင်ခြေရင်းတွင် သူ့ကားလှုလှုကို သူ့ဘာသာ နေရာပေးကာ မရွှေ့တမ်း ရပ်နားခွင့်ပေးထားလိုက် လေသည်။

ဒီနေရာမှာချည်း ကြာကြာရပ်ထားလို့ ခုထိ ဘယ်သူမှ တော့ သူ့ကားကို လာမဖယ်ခိုင်းပေမယ့် တခြားအခန်းက ကားပိုင်ရှင်တွေ ညည်းညူသံသဲ့သဲ့ကို သူပြန်ကြားရ ပါသည်။

ဘာတဲ့ …“အဲဒီတတိယထပ် ညာဘက်အခန်းမှာ နေတဲ့ လူကြီးက သူ့ကားကို အလှကြည့်နေရရင်ပြီးရော ထမင်းမေ့ဟင်းမေ့”ဆိုပါလား။

အို.. သူတို့ဘာသာ ဘာပြောပြော ကိုယ့်ကား လှုလှုလေး နေရာရဖို့၊ ကိုယ့်အိမ်ကကြည့်ရင် မြင်နေရဖို့ အရေးကြီးသည်။ သူတို့တောင် ကိုယ့်လို မော်ဒယ်လ်မြင့် ကား ဝယ်မစီးနိုင်ဘဲလေ။ သူ့အတွေးနဲ့သူ ကျေနပ်ပြီး ကြိတ်ပြုံးနေမိသည်။

(၅)

ငါးလွှာညာဘက်ခြမ်းအခန်းမှ ဇနီးမောင်နှံမှာတော့ ကားပိုင်မရှိ။ သူတို့ဖို့ ကိုယ်ပိုင်ကားသည် လိုလည်းမလိုအပ် သေးဟု သူတို့ထင်သည်။

မြို့ပြ၏ နေစရိတ်၊ စားစရိတ်သည် ကြီးမားလှသည်။ သူတို့နှစ်ယောက်လုံး အလုပ်ထွက်လုပ်တာတောင် အိမ်စရိတ် ကာမိရုံလေး။ ဒီငါးလွှာအခန်းလေး ပိုင်ဆိုင်ဖို့ ချစ်သူဘဝနှင့် နှစ်တွေအကြာကြီး ပိုက်ဆံစုခဲ့ကြရသည်။ ကားဝယ်ဖို့ကတော့ အိပ်မက်တောင် မမက်နိုင်သေး။

သို့နှင့် တစ်နေရာရာ သွားစရာရှိလျှင် တက္ကစီ ငှားစီး သွားလိုက်သည်။ ဒါမှမဟုတ် ဘတ်စ်ကားနှင့် သွားသည်။ ခုခေတ်ဘတ်စ်ကားကြီးတွေ အဲကွန်းအေးအေးနှင့် စီးလို့ ကောင်းမှကောင်း။

တစ်ခုတော့ရှိသည်။ ကားဝယ်နိုင်လို့ ဝယ်ထားလျှင် လည်း ဒီတိုက်ခန်းမှ တခြားကားပိုင်ရှင်တွေလို ကား ရပ်နားဖို့ နေရာပူနေရတာနဲ့ သူတို့ နေပျော်မယ်မထင်။

ခုတစ်လော သူတို့စုံတွဲသည် တခြားအခန်းများမှ ကားပိုင်ရှင်များ၏ ကားနေရာလုပွဲများကို လှမ်းကြည့်မိရင်း ကားတစ်စီးမှ မပိုင်ဆိုင်နိုင်သေးသော သူတို့ကံကိုပဲ ကြံဖန်ပြီး ကျေးဇူးတင်နေမိတော့သည်။ ။

## လ တပို့တွဲ ထမနဲပွဲ

**ပေါက် လဲ ပန်းတို့ ဖူးပွင့်ဝေ**
**နှင်းရည်ရွှဲစိုနေ။**
**ပေါင်းစုကာလေ ပျော်ရွှင်နွှဲ**
**ထမနဲထိုးတဲ့ပွဲ။**
**ဘယ်ညာလွှဲလို့ တအားနယ်**
**ယောက်မကြီးနဲ့ကွယ်။**
**ဒိုးပတ်သံရယ် ဘေဗုံတီး**
**ချွေးတွေဖြိုင်ဖြိုင်စီး။**
**ရှုမငြီးတဲ့ တို့ရိုးရာ**
**ဂုဏ်ထည်ဝင့်ဝါဝါ။**
**အောင်ကြောင်းဝေဖြာတပို့တွဲ**
**စည်းလုံးမှုတွေမြဲ။**

ကိုမျိုး(ရေတော်)

## ထမနဲပွဲ

**နှင်းမှုန်ဖျန်းတဲ့ လရာသီ**
**လက်ပံ ပေါက်ပွင့် ရဲရဲနီ။**
**ညတာရှည်ရှည် နေ့တိုမြဲ**
**‘နှာရည်စီးရွဲ တပို့တွဲ’။**
**ကောက်ကြီးစပါး ပေါ်ဦးစ**
**တိုင်းရင်းသားတို့ လှူဒါန်းကြ။**
**ဆယ့်နှစ်ရာသီ ဆင်ကာနွှဲ**
**လတပို့တွဲ ထမနဲ။**
**အိုးစည်ဒိုးပတ် နှဲသံသာ**
**ထမနဲထိုး ယှဉ်ပြိုင်ကာ။**
**သူနိုင်ငါနိုင် အပြိုင်ကြဲ**
**ချစ်ဖွယ်ဝေလေ့ မြန်မာ့ပွဲ။**

ဇင်မောင်

## နွေဦးဟင်းလျာ

**မန်ကျည်းရွက်တွေက**
**နုဖတ်လို့ ဝေဝေဆာ**
**မြေအညာ ကျေးတောလက်**
**ဟင်းတစ်ခွက်ပါ။**
**ဆူးပုပ်ရွက် ပင်လုံးဖြာ**
**ခွေးတောက်ဟာ ရွက်နုဖူး**
**ခါဦးနွေ ကင်းသရက်**
**စွဲမက်ကြည်နူး။**
**တောကျေးလက် တောအစာ**
**ညီညွတ်စွာ ရာသီဦး**
**စားဖူးသူ မမေ့ရက်**
**ဟင်းတွဲဖက်ထူး။**

နောင်ရိုး(ကန့်ဘလူ)

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားသည့် မျိုးဆက်သစ်တို့၏ ကဗျာများ

## ပြည်ထောင်စုနေ့ တို့မမေ့

ဖေဖော်ဝါရီလ ဆယ့်နှစ်ရက်ဟာ
မြန်မာတို့ရဲ့ ပြည်ထောင်စုနေ့ပါ၊
ထက်အောက်မြန်မာ တစ်နိုင်ငံလုံး
တိုင်းရင်းသားတို့ ပေါင်းစုရုံး။
စုပေါင်းအားလုံး လက်တွဲညီ
လွတ်လပ်ရေးသို့ တက်လှမ်းချီ၊
ဦးဆောင်ခဲ့သည် တို့ဗိုလ်ချုပ်
စည်းလုံးညီညွတ်ရေးကိုအားထုတ်။
ပင်လုံစာချုပ် ဖွဲ့ချုပ်ဆို
တောင်ပေါ်မြေပြန့် မခွဲလို၊
လွတ်လပ်ရေးကို အခြေပြု
တို့နိုင်ငံရဲ့ပြည်ထောင်စု။
ညီညွတ်မှုကို သက်သေထူ
ပြည်ထောင်စုနေ့ဟုသတ်မှတ်ယူ၊
ဘယ်သောခါမှ တို့မမေ့
တို့အမျိုးသား ပြည်ထောင်စုနေ့ ။ ။

ရိုးရိုးလူ (ပျော်ဘွယ်)

## ပြည်ထောင်စုနေ့

ပြည်ထောင်စုနေ့ ကျရောက်လာ
လမြတ်, ဖေဖော်ဝါ။
ဆယ့်နှစ်ရက်ပါ မှတ်လို့ထား
သားသားမီးမီးများ။
စည်းလုံးအားနဲ့ လက်တွဲညီ
လွတ်လပ်ရေးမျှော်ရည်။
သွေးစည်းမှုသည် ရှေ့ပြေးတစ်
ပင်လုံ စာချုပ်ဖြစ်။
မျိုးချစ်စိတ်ဓာတ် နိုးကြားပေ
တိုင်းရင်းသားတို့တွေ။
ငြိမ်းချမ်းစေရန် ရည်မျှော်မှန်း
လွတ်လပ်ရေး အောင်ပန်း။
တောင်တန်းပြည်မ မခွဲရန်
ဗိုလ်ချုပ် တောင်းဆိုပြန်။
စိတ်ဇွဲထက်သန် ကြိုးပမ်းမှု
ပင်လုံသက်သေပြု ။ ။

သက်မွန်(မော်ကျွန်း)

## ငြိမ်းချမ်းရေးလမ်း

အေးအတူ ပူအမျှ
အတူတကွနေကြမည်...။
ပင်လုံဟာ သက်သေပဲပေါ့
လက်တွေတွဲလို့ အောင်ခဲ့ပြီ...။
ပြည်ထောင်စုရယ်မို့
ညီအောင်ပြုလို့ ရှေ့ဆက်ချီ
တွေ့မခက်ပြီ ငြိမ်းချမ်းရေးလမ်း။
စစ်သွေးမနီ
ချစ်တေးအခါခါသီလို့
ဒို့ညီအစ်ကို တိုင်းရင်းသားများ
အားစိုက်လို့လှမ်း။

မှူးခက်သင်(သခွတ်မြေ)

## စည်းလုံးကြပါစို့

ပြည်ထောင်စုသားတိုင်းရင်းဆွေ
မြန်မာ့ရင်သွေး ခေါ်ထိုက်ပေ။
အေးစေအတူ ပူအမျှ
ချစ်ချစ်ခင်ခင်နေထိုင်ကြ။
သားသုံးယောက်နှင့် အဘိုးအို
ပမာပြည့်ဆွန်းဆို။
ထင်းတစ်ချောင်းကို ရိုက်ကာချိုး
အလွယ်တကူကျိုး။
အားကိုးထိုက်တဲ့ ဖေ့သားမောင်
ထင်းစည်းချိုးနိုင်ပေါင်။
သာဓကဆောင် ယူကာကြည့်
စုပေါင်းအင်အားတည့်။
အသိသတိ ပေါင်းဆပ်ချေ
မိတ်ကောင်းသဟာတွေ။
ကိုယ့်ရပ်ဌာနေ တည်မြဲဖို့
စည်းလုံးကြပါစို့။

မောင်ပန်းမှုံ (Ed)

## ပြည်ထောင်စုနေ့ တို့မမေ့

ဖေဖော်ဝါရီ ဆယ့်နှစ်ရက်
နှင်းမှုန်လွှမ်းခြုံယှက်။
တွဲလက်မြဲလို့ သွေးစည်းကာ
စုပေါင်းညီညီညာ။
ပင်လုံမြေမှာ တူတကွ
ဆွေးနွေးတိုင်ပင်ကြ။
တရားမျှတ လွတ်လပ်ရန်
လက်မှတ်ထိုးကြပြန်။
တောင်တန်းမချန် မြေပြန့်သို့
ငြိမ်းချမ်းနိုင်စေဖို့။
သွေးချင်းတို့ရဲ့ အောင်ပန်းတွေ
လှပဝေဆာနေ။
ရင်ထဲမှာလေ ဘယ်မမေ့
တို့ပြည်ထောင်စုနေ့ ။ ။

မောင်ရင်အေး (ပတ္တမြားမြေ)

## ဖေဖော်ဝါရီ

မြန်မာပြည်အတွက် ဖေဖော်ဝါရီ
ကျေးဇူးများပေသည်။
မျိုးချစ်ဇာနည် နတ်မောက်သား
ဒီလမှာမွေးဖွား။
တိုင်းရင်းသားများ စည်းလုံးသည်
ပင်လုံသက်သေတည်။
မြန်ပြည်သားတို့ ဘယ်မမေ့
ဗိုလ်ချုပ်မွေးတဲ့နေ့။
မြန်ပြည်သားတို့ ဘယ်မမေ့
တို့ပြည်ထောင်စုနေ့။

မြင့်စည်သူမြိုင်

## ကမ္ဘာတည်သရွေ့ တို့မမေ့

ပင်လုံမြေကို သက်သေတည်
ငါတို့မြန်မာပြည်
သွေးစည်းချစ်ကြည် ကချင်ကယား
မွန် ရခိုင် ရှမ်း ဗမာများ။
နယ်ချဲ့သမား တစ်ပါးရန်
စုပေါင်းတွန်းလှန်ပြန်
ချင်း ကရင် မကျန် စည်းလုံးအား
လွတ်လပ်အောင်ကြိုးစား။
နိုးကြားကြလို့ ညီညီညာ
လက်ချင်းဆက်လို့သာ
ဖေဖော်ဝါရီ ဆယ့်နှစ်ရက်
မမေ့ တို့တစ်သက်။
တိုင်ထက်လွင့်ပျံ့တို့အလံ
ဝင့်ကြွားတင့်လှဟန်
ဦးညွတ်ကြပြန် ညီနောင်သား
ကြိုးစားမှုရဲ့ရလဒ်များ။
ကမ္ဘည်းတင်ထား အသည်းမှာ
အစွန့်ရှည်ကြာစွာ
ငါတို့မြန်မာ သွေးစည်းပေ့
ကမ္ဘာတည်သရွေ့။

ကိုကျော်စွာ(ကျိုက်ပိ)

## ပြည်ထောင်စုနေ့

နိုင်ငံအနှံ့ ဆင်ယင်နွှဲ
ပြည်ထောင်စုနေ့ပွဲ
သွေးခွဲလေတဲ့ နယ်ချဲ့တွေ
စုပေါင်းတွန်းလှန်ပေ။
ပြည်နယ်တွေနဲ့ ပြည်မပေါင်း
လက်တွဲညီခဲ့ကြောင်း
သွေးချင်းပေါင်းစု ညီညွတ်စေ
အလံသယ်တော့ လက်ကမ်းပေ။
ပင်လုံမြေမှာ သက်သေပြု
ငါတို့ပြည်ထောင်စု
အခုများတော့ လွတ်လပ်ပြီ
(၁၂)ဖေဖော်ဝါရီ။
မမေ့နိုင်ပြီ ထိုအောင်ပွဲ
နှစ်တိုင်းခြိမ့်ခြိမ့်သဲ
ပျော်ပျော်ရွှင်ရွှင်နွှဲ။

ဖြူဖြူစုလွင်(ပညာရေး)

## ပြည်ထောင်စုအမွေ

သွေးချင်းတို့မြေ သာယာပေ
မြန်ပြည်အေးချမ်းစေ။
ညီတူသာမျှ လွတ်လပ်ကြ
ပြည်ထောင်စုဌာန။
ဘေးဘိုးများတို့ ကြိုးစားပေ
စည်းလုံးဖို့ကိုလေ။
စည်းလုံးခြင်းသည် ပြည့်အင်အား
နှိုင်းချိန်ကြည့်ပါလား။
တို့ပြည်တို့ရွာ သွေးစည်းနေ
ရန်စွယ်ပပျောက်ပေ။
စိတ်ဓာတ်အစုံ လှတရား
ငြိမ်းချမ်းပြည်တစ်လွှား။
ပြည်ထောင်စု၏ စိတ်အမွေ
စွဲကိုင်ကြစို့လေ။
တိုင်းရင်းသားတွေ ရွှေလက်ကမ်း
မြန်ပြည်ထွန်းတောက်လျှမ်း။

လှမိုးကျော်(ကျုံပျော်)

## ပြည်ထောင်စုသား

ရခိုင် ကယား မွန် ကရင်
လက်တွဲခဲ့ကြ ထာဝစဉ်။
ရှမ်းနှင့် ကချင် ဗမာများ
ချစ်စရှည်ရှည်ထား။
ချင်းတိုင်းရင်းသား မကျန်ပါ
ပူးပေါင်းခဲ့ကြတာ။
ပင်လုံသစ္စာ စောင့်ထိန်းကြ
သမိုင်းဆက်ဆက်လှ။
တောင်တန်း ပြည်မ မခွဲပေ
သွေးစည်း တူတူနေ။
သမိုင်းသက်သေ အမွေစစ်
ဖေဖော်ဝါရီ တစ်ဆယ့်နှစ်။
အနာဂတ်ပြည်သစ် ဖွံ့ဖြိုးရန်
ဝိုင်းဝန်းတွေးလို့ကြံ။
သွေးခွဲမခံ ညီနောင်များ
ရင်းနှီးချစ်စိတ်ပွား။
တို့ပြည်ထောင်စုသား ။ ။

စိုင်းနေဝန်း

## ပေါင်းစည်းအလှဖြာ တို့ပြည်ထောင်စုကမ္ဘာ

၇၂ နှစ် တိုင်ခဲ့ပြီ
အေးချမ်းချစ်ခင်ကြည်
အလှကိုယ်စီ ပေါင်းစည်းမှု
တို့ရဲ့ပြည်ထောင်စု။
ပြည်ထောင်စုမှာ ချစ်စရာ
ကချင် ကယား ကရင် ပါ
ချင်း မွန် ဗမာ ရခိုင် ရှမ်း
ချစ်ကြည်မခွဲစတမ်း။
တစ်စိတ်တစ်ဝမ်း တည်ရာမြေ
သွေးချင်းစုတို့ မြန်မာပြည် (ပြေ)
ကိုယ့်မိခင်မြေ အေးချမ်းမှု
စောင့်ရှောက်တာဝန်ပြု။
တို့အားလုံးဟာ ပြည်ထောင်စု။ ။

ဟိဏ်းဦးဆည် (တန့်ဆည်မြေ)